ပန်း၁၀၀၀ စာပေ

ကလေးတို့အတွက်

# ပုံပြ ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေ ဇာတ်ဝတ္ထုများ

( စတုတ္ထတွဲ )

နန္ဒာမိုးကြယ် ပြုစုသည်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့အတွက်

# ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

**နန္ဒာမိုးကြယ်**

ပြုစုသည်

(စတုတ္ထတွဲ)

ပြည်လုံးကျော်ဖြန့်ချိရေး

**မြဝတ်ပန်းရဂုံစာပေ**

အမှတ် ၁၉၄၊ ၂၉လမ်း(အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၀၇၇၀၂၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၁၅၄၀၃၁၁

**ပထမအကြိမ်** - ၂၀၁၁ နှစ်၊ ဧပြီလ

**အတွင်းပန်းချီ** - သန့်ဇော်သစ်

**အဖုံးပန်းချီ** - သန့်ဇော်သစ်

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ထုတ်ဝေသူ** - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ** - A-7 Group (Asia Plaza)

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၅၀၀ ကျပ်

**စာအုပ်ချုပ်** - ပန်းဝေဝေ

၂၉၄.၃

နန္ဒာမိုးကြယ်

ကလေးတို့အတွက် ပုံပြင်းရှာင်းဆယ်နိပါတ်တော် စကားပြေဇာတ်ဝတ္ထုများ (စတုတ္ထတွဲ) / နန္ဒာမိုးကြယ်၊ ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၁။

၂၁၄ - စာ ၊ ၁၂.၅× ၁၇.၅စင်တီ။

(၁) ကလေးတို့အတွက် ပုံပြင်းရှာင်းဆယ်နိပါတ်တော် စကားပြေဇာတ်ဝတ္ထုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၇၈။ **ဣလ္လိသဇာတ်** ၁

(နှမြောတွန့်တိုမှု များသဖြင့် ဖခင်သိကြားမင်းက လူယောင်ဖန်ဆင်းကာ ဣလ္လိသသူဌေးအား ဆုံးမရသည့် အကြောင်း)

၇၉။ **ခရဿရဇာတ်** ၂၀

(ခိုးသားဓားပြတို့နှင့် ပေါင်း၍ ရွာကို တိုက်ခိုက်လုယက်သော ရွာစားမိုက်အကြောင်း)

၈၀။ **ဘီမသေနဇာတ်** ၂၅

(ဆရာကို မထီမဲ့မြင်ပြုသဖြင့် စစ်ပွဲ၌ ကြောက်ချေးပါကာ အကဲ့ရဲ့ခံရသည့် ဘီမသေနအကြောင်း)

၈၁။ **သုရာပါနဇာတ်** [illegible]၆

(မင်းကြီးလှူသည့် သေရည်ကိုသောက်ပြီး သူရူးဖြစ်ခဲ့ကြသော ရသေ့ငါးရာကို့အကြောင်း)

၈၂။ **မိတ္တဝိန္ဒကဇာတ်** ၄၅

(နတ်စည်းစိမ်ကို ရောင့်ရဲတင်းတိမ်ခြင်း မရှိသဖြင့် သင်စုန်းငရဲကျခံရသော မိတ္တဝိန္ဒကအကြောင်း)

၈၃။ **ကာဠကဏ္ဏိဇာတ်** ၄၈

(ပဉ္စည်းဥစ္စာတို့အား ခိုးသူတို့ဘေးမှ ကင်းလွတ်အောင် ကြံဆောင်သည့် သစ္စာရှိသော ကာဠကဏ္ဏိအကြောင်း)


www.burmeseclassic.com

www.burmeseclassic.com


၁၄။ **အဋ္ဌသဒ္ဒါရဇာတ်** ၅၅

(ဖခင်သူဌေးအား ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းအတွက် မေးမြန်းသော သူဌေးသားငယ်အကြောင်း)

၁၅။ **ကိံပက္ကဇာတ်** ၆၀

(လှည်းမှူး၏ စကားကိုနားထောင်ပြီး အဆိပ်သီးများ မစားခဲ့ကြသော လှည်းသမားများအကြောင်း)

၁၆။ **သီလဝီမံသဇာတ်** ၆၅

(မင်းကြီး၏ မြတ်နိုးမှုကိစ္စအမှန်ကို သိလိုသဖြင့် စုံစမ်းသော ပုဏ္ဏားအကြောင်း)

၁၇။ **မင်္ဂလဇာတ်** ၇၃

(ကြွက်ကိုက်သော အဝတ်ပုဆိုးအား မင်္ဂလာမရှိဆိုသော မိစ္ဆာအယူရှိသည့် ပုဏ္ဏားသားအဖအကြောင်း)

၁၈။ **သာရမ္ဘဇာတ်** ၈၁

(ကောင်းသော စကားကိုဆိုပြီး သာရမ္ဘနွားအား ဝန်ရှန်းစေသဖြင့် အကျိုးများရသော ပုဏ္ဏားအကြောင်း)

၁၉။ **ကုဟကဇာတ်** ၈၄

(သူကြွယ်ကို ယုံကြည်အောင် အဆန်းတကြယ်ပြု၍ ကောက်ကျစ်သော ရသေ့ယုတ်အကြောင်း)

၂၀။ **အကတညုတဇာတ်** ၉၁

(သူတစ်ပါး ကျေးဇူးကို ကန်းတတ်သည့် ပစ္စန္တရာဇ် သူဌေးအကြောင်း)


www.burmeseclassic.com

www.burmeseclassic.com

# ၁၀။ လိတ္တဝဂ်


၉၁။ **လိတ္တဇာတ်** ၉၇

(ကြွေအန်ရှုံး၍ ကောက်ကျစ်သော သူယုတ်အား အဆိပ်ဖြင့် ပြန်လည်ပညာပေးသည့် အကြောင်း

၉၂။ **မဟာသာရဇာတ်** ၁၀၂

(မင်းကြီး၏ မိဖုရားလည်ဆွဲ ပျောက်သဖြင့် မျောက်မထံမှ ပြန်လည်အောင် ကြံဆောင်သည့် ဇာတ်ကြောင်း)

၉၃။ **ဝိဿာသဘောဇနဇာတ်** ၁၁၆

(ခြင်္သေ့အားနှိမ်နင်းရန် ချစ်ကျွမ်းဝင်သော ပြောင်မအား တစ်ကိုယ်လုံး အဆိပ်တို့ လိမ်းကျံပေးသည့် အကြောင်း)

၉၄။ **လောမဟံသဇာတ်** ၁၂၂

(အလွန်အမင်း အအေး, အပူခံ၍ မိစ္ဆာအယူ ကျင့်သဖြင့် ငရဲသို့ ရောက်တတ်ကြောင်း အာဇီဝကမှ သက်သေပြသည့် အကြောင်း)

၉၅။ **မဟာသုဒဿနဇာတ်** ၁၂၈

(မဟာသုဒဿန စကြာမင်း နတ်ရွာမလားမီ ငိုယိုကြသူတို့အား တရားပြသည့် အကြောင်း)

၉၆။ **တေလပတ္တဇာတ်** ၁၃၄

(အာရုံငါးပါးကို မလိုက်စားသဖြင့် ဘီလူးမတို့ရန်မှ ဝေးကာ တက္ကသိုလ်ပြည် ထီးနန်းကိုရသည့် ဇာတ်ကြောင်း)


www.burmeseclassic.com

www.burmeseclassic.com

၉၇။ **နာမသိဒ္ဓိဇာတ်** ၁၅၀
(နာမည်ဟူသည် ပညတ်သဘောသာဖြစ်၍
အမည်နာမဖြင့် အကျိုးတစ်စုံတစ်ရာမရှိဟု
ပြဆိုသည့်အကြောင်း)

၉၈။ **ကုဋဝါဏိဇာတ်** ၁၅၉
(အကျိုးအမြတ်ကို အညီအမျှ ခွဲမပေးလိုဘဲ
အကြံယုတ်သည့် အတိပဏ္ဍိတ ကုန်သည်အား
ပညာပေးသည့် အကြောင်း)

၉၉။ **ပရောသဟဿဇာတ်** ၁၆၆
(တပည့်တစ်ထောင်ကျော်တွင် ဆရာပြောကြားသော
တရားကို သိသည့် ပညာရှိ တပည့်အကြောင်း)

၁၀၀။ **အသာတရူပဇာတ်** ၁၇၂
(မြို့ကို ခုနစ်ရက်ပိတ်ထား၍ အကုသိုလ်ကံကို
မျက်မှောက်၌ ခံရသူတို့ အကြောင်း)

## ၁၁။ ပရောသတဝဂ်

၁၀၁။ **ပရောသတဇာတ်** ၁၈၁
(တပည့်တစ်ရာကျော်တို့တွင် ဆရာပြောကြားသော
တရားကိုသိသည့် ပညာရှိ တပည့်အကြောင်း)

၁၀၂။ **ပဏ္ဏိကဇာတ်** ၁၈၃
(သမီးဖြစ်သူ၏ အကျင့်သီလကို စုံစမ်းသည့်
ဖခင်၏အကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၁၀၃။ **ဝေရိဇာတ်** ၁၈၉
(အပိုင်စားရသော ရွာငယ်သို့သွားစဉ် လမ်း၌
ခိုးသားတို့ကိုတွေ့၍ လွတ်မြောက်အောင်
အမြန်ပြန်လာရသည့် အကြောင်း)

၁၀၄။ **မိတ္တဝိန္ဒကဇာတ်** ၁၉၃
(နတ်စည်းစိမ်တို့ထက်လွန်ကာ
အလွန်ရမ္မက်ကြီးသဖြင့် သင်စုန်းငရဲ၌
ခံရသည့် ငရဲသားအကြောင်း)

၁၀၅။ **ဒုဗ္ဗလကဋ္ဌဇာတ်** ၁၉၆
(သစ်ကိုင်း, သစ်ခက်, သစ်ရွက်တို့
ကျိုးပြတ်သံကြားက ကြောက်ရွံ့ထိတ်လန့်
ထွက်ပြေးတတ်သည့် မင်္ဂလာဆင်အကြောင်း)

၁၀၆။ **ဥဒဉ္စနီဇာတ်** ၂၀၁
(ဖြားယောင်းသော မိန်းမနှင့်ပါသွားပြီး
နောင်တတရားရကာ ဖခင်ရသေ့ထံ ပြန်လာသည့်
ရသေ့ငယ်အကြောင်း)

၁၀၇။ **သာလိတ္တကဇာတ်** ၂၀၇
(ခဲပစ်အတတ်၌ ကျွမ်းကျင်လိမ္မာသော ဆွံ့က
စကားများသော ပုဏ္ဏားကြီးအား ဆိတ်ချေးတို့ဖြင့်
ပစ်သည့်အကြောင်း)

**အတွဲ (၄) ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၇၈။ ဣလ္လိသဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၈]

# ဣလ္လိသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံး နေတော်မူစဉ် ရာဇဂြိုဟ်မြို့အနီး သက္ကာရ နိဂုံးအရပ်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးတစ်ဦး ရှိလေ၏။ ထိုသူဌေးသည် မြက်ဖျားဖြင့်တို့၍ ကျလာသော ဆီတစ် ပေါက်မျှ တစ်ပါးသူကို ပေးမလှူဖူးခဲ့။ ၎င်း၏ ပစ္စည်းဥစ္စာ တို့ကိုလည်း သားမယားများမှာ မသုံးစွဲရ။ ပုဏ္ဏားတို့ကိုလည်း မပေးလှူ။ ပမာအားဖြင့် ဒကရက္ခိုသ်မည်သော ဘီလူးစောင့်သည့် ရေကန်ကဲ့သို့ မသုံးဆောင်ဘဲ စေးနည်းသူ ဖြစ်လေ၏။

တစ်နေ့သ၌ မစ္ဆရိယသူဌေးသည် မင်းထံခစားပြီးနောက် ပြန်အလာတွင် ဇနပုဒ်သားတစ်ယောက် မြိန်ရေရှက်ရေ စားနေ

www.burmeseclassic.com

www.burmeseclassic.com



သော အိုးကင်းကြော်မုန့်ကို မြင်လေရာ စားချင်စိတ် တဖွားဖွား ဖြစ်ပေါ်၍လာ၏။ သို့ဖြင့် အိမ်ဂေဟာသို့ ပြန်ရောက်သည်ရှိသော် ...

"အိုးကင်းကြော်မုန့် ငါစားလိုသည်ဟု ပြောလိုက်လျှင်လူအများဝိုင်း၍ စားကြပေလိမ့်မည်။ ထိုသို့ဖြစ်လျှင် ငါပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ ကုန်ခန်းသွားပေလိမ့်မည်"

ဟူ၍ လွန်စွာမှ နှမြောတွန့်တိုလှသဖြင့် တစ်စုံတစ်ယောက်ကိုမျှ မပြောကြားဘဲ စားသောက်လိုသော ချင်ခြင်းအာသာကို ကြိတ်မှိတ်သည်းခံကာ နေလေ၏။

တစ်နေ့ထက်တစ်နေ့ ဆန္ဒအာသာ ပြင်းပြလာသည့်အခါ အသားအရေတို့မှာ လျော့ပါးလျက် ပိန်ချုံးကာ အင်အားချို့တဲ့ပြီး ကျန်းမာရေး ထိခိုက်လာလေ၏။ သို့ဖြစ်၍ အပြင်ကိုမျှ မထွက်တော့ဘဲ အခန်းတွင်းအောင်းကာ ခုတင်ပေါ်၌ လဲလျောင်း၍ နေလေ၏။ သူဌေးကတော်က အကျိုးအကြောင်း သိရှိရန် နူးညံ့ညင်သာစွာ မေးသော်လည်း ဥစ္စာပစ္စည်းများ ကုန်ခန်းလျော့ပါးမည်စိုးသဖြင့် မပြောမဆိုဘဲ ဆိတ်ဆိတ်နေလေ၏။

သူဌေးကတော်သည် အလျော့မပေးဘဲ အဖန်ဖန်တလဲလဲ မေးမြန်းသည်ရှိသော် ...

"ရှင်မ၊ ငါ့၌ ရောဂါဝေဒနာ အထူးအထွေမရှိပါ။ အိုးကင်းကြော်မုန့် စားလိုစိတ်ပြင်းပြ၍ ဤကဲ့သို့ ခံစားနေရခြင်း ဖြစ်၏။"

ဟူ၍ ပြောလေ၏။ ထိုအခါ သူဌေးကတော်က ...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်သူဌေး၊ ဖြစ်မှဖြစ်ရလေခြင်း ... အစက တည်းက ပြောဆိုပါလျှင် ဤကဲ့သို့ ခံစားရမည်မဟုတ်။ သင်သည် ဆင်းရဲ မွဲတေသူ မဟုတ်။ သင်သာစားမည်ဟု ဖွင့်ပြောပါက လောကကြီး တစ်ခုလုံး စားသောက်နိုင်သည် အထိ ကျွေးပေးနိုင်ပါ၏"

ဟူ၍ ပြောလေ၏။ သူဌေးလည်း လောကကြီးတစ်ခုလုံးကို ကျွေးရန်မလိုဟုဆိုကာ တားမြစ်လေ၏။ သည့်နောက် တစ်မြို့လုံး၊ တစ်လမ်းလုံး၊ အိမ်နီးချင်းအားလုံး၊ အိမ်သားများအားလုံးကို ကျွေးရန် စကားဆိုလေသော် ကပ်စေးနည်း သူဌေးသည် သူဌေးကတော်ကိုမျှ မကျွေးလိုဘဲ သူတစ်ဦးတည်းသာ စားသောက်မည်ဟု ပြောသဖြင့် သူဌေးကတော်လည်း ခင်ပွန်းသည်တစ်ဦးအတွက် စီစဉ်ရလေတော့၏။ ဤကဲ့သို့ စီစဉ်ရာတွင် အခြားနေရာ၌ ကျွေးပါက လူသိမည်စိုးသည့်အတွက် ဘုံခုနစ်ဆင့်သို့ တက်ကာ တံခါးကိုလုံအောင်ပိတ်ပြီး ကျွေးဖို့ရန် တာဝန်ပေးလေ၏။

သူဌေးကတော်လည်း ဆန်ကွဲ၊ အိုးကင်း၊ ခုံလောက် (မီးဖိုခနောက်)၊ နို့၊ ပျား၊ တင်လဲ၊ ထောပတ်တို့ကို အနည်းငယ်စီ ယူကာ သူဌေးကြီးနှင့်အတူ ဘုံခုနစ်ဆင့်သို့ တက်၏။ တံခါးကို လုံအောင်ပိတ်၏။ အားလုံး သေချာကျနစွာ စီမံပြီးပြီဆိုမှ မုန့်အိုးကင်းကို ကျွော်လေတော့၏။

မြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်၍ ကျိန်းစက်ရာမှ ထတော်မူသောအခါ လောကဓာတ်အားလုံး၌ ကျက်သင့်ကြွတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သူတို့အား မဟာကရုဏာ သမာပတ် ဝင်စားလျက် ဉာဏ်တော်ဖြင့် ကြည့်ရှုလိုက်လေ၏။ ထိုအခါ မစ္ဆရိယ သူဌေးလင်မယားတို့ သောတာပန် ဖြစ်မည့်အကြောင်းကို မြင်ရလေ၏။ ဤတွင် ရှင်မောဂ္ဂလာန်ကို ခေါ်တော်မူ၍—

"ချစ်သား— ရှင်မောဂ္ဂလာန်၊ ယနေ့ သက္ကာရနိဂုံးရှိ မစ္ဆရိယ သူဌေးသည် အိုးကင်းကြော်မုန့်ကို စားလိုသဖြင့် ဘုံခုနစ်ဆင့်သို့ တက်ကာ ကြော်နေ၏။ ၎င်းတို့ထံ ချစ်သားသည် သွားရောက်လျက် မာနကျိုးအောင် ဆုံးမပါလော့။ ၎င်းတို့ထံမှ မုန့်၊ နို့၊ ပျား၊ တင်လဲထောပတ်နှင့်တကွ ၎င်းတို့လင်မယားကိုပါ ကျောင်းတော်ရှိရာသို့ ယူဆောင်ခဲ့ရမည်။ သံဃာတော် ငါးရာနှင့်တကွ ငါဘုရားရှင် စောင့်ဆိုင်းနေပါမည်"

ဟူ၍ မိန့်ကြားတာဝန်ပေးလေ၏။ ဤတွင် ရှင်မောဂ္ဂလာန်လည်း တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှ ကြွမြန်းကာ ဘုံခုနစ်ဆင့်တွင် ရပ်တန့်တော်မူလိုက်လေ၏။ ရှင်မောဂ္ဂလာန်ကို မြင်လေသော် သူဌေးလည်း စိတ်နှလုံး တုန်လှုပ်တော်မူလေ၏။ သူဌေးလည်း...

"ငါကား လူသူလေးပါး မသိရလေအောင် မည်သူမည်ဝါမျှ မုန့်လုပ်နေကြောင်း အနံ့မရအောင် ဘုံခုနစ်ဆင့်သို့တက်၍ ပုန်းလျှိုးလျက် မုန့်ကြော်နေပါသော်ငြား ဤရဟန်းကား ထူးထူးကဲကဲဆိုသလို လာ၍ ဆွမ်းရပ်နေလေ၏။ ၎င်းထွက်ပြေးအောင် လုပ်မှ ဖြစ်တော့မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြံစည်လျက် ...

"အရှင်ဘုရား၊ အရှင်သည် ကောင်းကင်၌ ရပ်၍သော်လည်းကောင်း၊ စကြံသွား၍ သော်လည်းကောင်း၊ အခိုးလွှတ်၍သော်လည်းကောင်း၊ ထက်ဝယ်ဖွဲ့ခွေ၍ သော်လည်းကောင်း၊ တံခါးခုံ၌ ရပ်၍သော်လည်းကောင်း မည်သို့ပင်နေစေကာမူ ငါ၏မုန့်အိုးကင်းကြော်ကို ရလိမ့်မည် မဟုတ်"

ဟူ၍ ပြောဆိုလျှောက်ထားလေ၏။ ရှင်မောဂ္ဂလာန်လည်း တန်ခိုးတော်အမျိုးမျိုးကို ပြ၏။ သို့ရာတွင် အခြေအနေတို့က ထူးခြား၍ မလာချေ။ နောက်ဆုံး၌ အခိုးအငွေ့များကို လွှတ်ထုတ်လေ၏။ သည့်အတွက် ပြာသာဒ်တစ်ခုလုံး အခိုးအငွေ့တို့ ဖုံးလွှမ်း၍သွားလေ၏။ သူဌေးလည်း မျက်စိအတွင်းသို့ အခိုးဝင်သဖြင့် မခံမရပ်နိုင်အောင် ဝေဒနာခံစားရလေ၏။

ထိုအခါ သူဌေးလည်း–

"ဤရဟန်းကား ငါ၏မုန့်အိုးကင်းကြော်အား တပ်မက်လွန်းလှပါဘိ၏။ ငါ့ထံမှ မရလျှင် ပြန်လိမ့်မည့် အနေအထား မရှိ။ မုန့်ငယ်ခပ်သေးသေးလေး တစ်ချပ်ကို လှူလိုက်မှ ဖြစ်တော့မည်"

ဟူ၍ ကြံစည်ကာ သူဌေးကတော်အား–

"ရှင်မ၊ မုန့်ခပ်သေးသေးလေး တစ်ချပ်လောက် ကြော်လိုက်ပါ။ ခပ်သေးသေးလေးနော်– မကြီးစေနဲ့"

ဟူ၍ ခိုင်းစေလေ၏။ သူဌေးကတော်လည်း လင်တော်မောင် ခိုင်းစေသည့်အတိုင်း မုန့်ညက်အနည်းငယ်ကို ထည့်၍

www.burmeseclassic.com

www.burmeseclassic.com



ကြော်လေရာ ရှင်မောဂ္ဂလန်၏ တန်ခိုးကြောင့် အိုးကင်းပြည့်မျှ မုန့်ချပ်ကြီး ဖြစ်လာ၏။ ထိုမုန့်ချပ်ကြီးကိုကြည့်လျက် သူဌေးကြီးခမျာ နှမြောတသ ဖြစ်ရလေ၏။ သည့်အတွက် ၎င်းကိုယ်တိုင် မုန့်ညက်ကို ပါလေရုံထည့်၍ ကြော်ပြန်ရာ သာ၍ပင်ကြီးမားသော မုန့်ချပ်ကြီး ဖြစ်လာသည့်အတွက် မတတ်သာသည့်အဆုံး၌—

"ရှင်မ၊ သည်မုန့်တစ်ချပ်ကို လှူလိုက်ပါ"

ဟူ၍ ခိုင်းစေလေ၏။ သူဌေးကတော်လည်း မုန့်တောင်းထဲမှ မုန့်တစ်ချပ်ကိုယူ၍ လောင်းလှူမည်ပြုရာ မုန့်တစ်ချပ်နှင့်အတူ တောင်းအတွင်းမှ မုန့်ချပ်များ တွဲကပ်ပါလာ၏။ ဤတွင် သူဌေးလည်း ကပ်ပါသွားသော မုန့်ချပ်များကို ချွေးတဒီးဒီးကျအောင် ဆွဲခွာလေ၏။ သို့ရာတွင် ဆွဲခွာ၍မရဘဲ စားချင်စိတ်များ ကုန်ခန်းလာကာ ...

"ရှင်မ၊ တစ်တောင်းလုံးသာ လောင်းလှူလိုက်ပေတော့"

ဟူ၍ ခိုင်းစေရာ၊ သူဌေးကတော်လည်း မုန့်တောင်းတစ်တောင်းလုံးကို လှူဒါန်းလိုက်လေ၏။ ဤတွင် ရှင်မောဂ္ဂလာန်လည်း သူဌေးလင်မယားအား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် အလှူဒါန ပြုရခြင်း၏ အကျိုးကို နားဝင်အောင် ဟောကြားလေရာ သူဌေးလင်မယားမှာ ကြည်ညိုစိတ်များ ကိန်းအောင်းလာကြတော့၏။ ဤတွင် သူဌေးလည်း—

"အရှင်ရဟန်း၊ ဤပလ္လင်ထက်သို့ ကြွ၍ စိတ်တိုင်းကျ ဘုဉ်းပေးတော်မူပါ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လျှောက်ထားလေ၏။ ဤတွင် ရှင်မောဂ္ဂလာန်က–

"သူဌေးကြီး၊ မြတ်စွာဘုရားရှင်နှင့် ရဟန်းငါးရာတို့သည် သင်၏မုန့်ဆွမ်းအား ဘုဉ်းပေးရန် စောင့်ဆိုင်းနေကြပါ၏။ သင်တို့ကိုယ်တိုင် ဒါနမြောက်အောင် မုန့်တို့ကို ယူဆောင်၍ ကျောင်းသို့လိုက်ပါ ကပ်သင့်ပါ၏"

ဟူ၍ ပြောလေ၏။ သူဌေးကြီးလည်း–

"အရှင်ရဟန်း၊ ဇေတဝန် ကျောင်းတော်သို့ ရောက်ရှိရန် လေးဆယ့်ငါးယူဇနာ ကွာဝေးလှသဖြင့် ဆွမ်းအမှီ လိုက်နိုင်မည် မဟုတ်ပါ"

ဟူ၍ လျှောက်ထားလေသော်–

"သူဌေးကြီး၊ သင်တို့လိုက်လိုပါက အချိန်မီ ရောက်ရှိနိုင်အောင် ငါ၏တန်ခိုးဖြင့် ဆောင်ကြဉ်းပါမည်"

ဟူ၍ဆိုကာ ရှင်မောဂ္ဂလာန်လည်း ၎င်း၏တန်ခိုးတော်ဖြင့် သူဌေးကြီးတို့ လင်မယားအား ဇေတဝန်ကျောင်းတော်သို့ ဆောင်ကြဉ်းကာ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ပို့ဆောင်ခဲ့လေ၏။

သူဌေးကြီးတို့ လင်မယားလည်း မြတ်စွာဘုရားရှင် အမှူးပြုသော သံဃာတော် ငါးရာတို့အား ကိုယ်တိုင်မုန့်ဆွမ်းတို့ကို ကပ်လှူ၍ ရေစက်သွန်းချကြလေ၏။ ဘုရားရှင်နှင့်တကွ သံဃာတော်ငါးရာတို့လည်း မုန့်ဆွမ်းဘုဉ်းပေးပြီးသောအခါ သူဌေးလင်မယားတို့မှာလည်း အလိုရှိသမျှ မုန့်တို့ကို စားသောက်ကြလေ၏။ မည်သို့ပင် စားသောက်စေကာမူ မုန့်တို့မှာ ကုန်သွားသည်မရှိပေ။ ဖုန်းတောင်းယာစကာတို့ကို စွန့်ကြဲပေးကမ်းသည့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင် ကုန်စင်သွားသည်မရှိ၍ လက်ကျန်မုန့်တို့အား တံခါးမုခ်အနီး ကျင်းထဲသို့ စွန့်ပစ်ရလေ၏။

ဘုရားရှင်သည် သူဌေးကြီးလင်မယားအား ဆွမ်းအနုမောဒနာတရားအား ဟောကြားလေ၏။ ထိုခဏမှာပင် မစ္ဆရိယသူဌေးလင်မယားလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ဝန်တိုစေးနည်းသော စိတ်တို့ ကင်းစင်သွားပြီး ၎င်းတို့ပိုင်ဆိုင်သော ကုဋေရှစ်ဆယ်ဥစ္စာတို့အား ဘုရားရှင်၏ သာသနာတော်အတွက် လှူဒါန်းလေ၏။

ရဟန်းတို့လည်း တရားသဘင်၌ ရှင်မောဂ္ဂလန်၏ ဂုဏ်ကျေးဇူးနှင့် စပ်လျဉ်း၍ စကားစပ်မိသည့်အခါ ပြောဆိုကြလေရာ ဘုရားရှင် ကြားသိတော်မူသွားပြီး–

"ရဟန်းတို့၊ ငါ၏ချစ်သား ရှင်မောဂ္ဂလာန်သည် ယခုအခါမှသာ မစ္ဆရိယ သူဌေးကိုဆုံးမ၍ သောတာပန် ဖြစ်စေခဲ့သည် မဟုတ်သေး။ ရှေးအခါကလည်း ဆုံးမ၍ ကံ–ကံ၏ အကျိုးကို သိစေခဲ့ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုတိုင်းပြည်၌ ဣလ္လိသမည်သော သူဌေးကြီးတစ်ဦး ရှိလေ၏။ ထိုသူဌေးကြီးသည် သူယုတ်မာလက္ခဏာနှင့် ပြည့်စုံ၏။ ခြေတို့မှာ ခွင်လျက်ရှိပြီး လက်တို့မှာ ကောက်နေလေ၏။ မျက်စိမှာ စွေ

www.burmeseclassic.com



စောင်းလျက်ရှိ၏။ သဒ္ဓါတရား နည်းပါးပြီး ဝန်တိုစိတ် ကြီးမား၏။ ၎င်း၏ပစ္စည်းတို့ကို သူတစ်ပါးအား ပေးလှူခြင်းမရှိ။ ၎င်းကိုယ်တိုင်လည်း လျော့ပါးသွားမည် စိုးသည့်အတွက် သုံးဆောင်ခြင်း မပြုချေ။ ဒကရက္ခိုက် ဘီလူးစောင့်သော ရေကန်နှင့် မခြားပေ။ ထိုသူဌေး၏ အမိအဖတို့ကား ဆွေစဉ်မျိုးဆက် ခုနစ်ဆက်တိုင်အောင် အလှူအရာ၌ ရက်ရောခဲ့ကြ၏။ မိဘတို့ သေလွန်၍ ဣလ္လိသသူဌေးအဖြစ်သို့ ရောက်ရှိလေသော် မိဘတို့ဆောက်လုပ်ထားခဲ့သော အလှူတင်းကုပ်တို့ကို ရိုက်ချိုးမီးရှို့ကာ အလှူလာခံကြသူတို့အား ရိုက်ပုတ်နှင်ထုတ်လေ၏။

တစ်နေ့သ၌ ဣလ္လိသသူဌေးသည် မင်းခစားသွားရာမှ အပြန်တွင် ငါးပုပ်ကို ခတ်ထည့်ထားသောဟင်းနှင့် သူရာရည်သောက်နေသော လူတစ်ယောက်ကိုမြင်လျှင် လွန်စွာမှ စားသောက်လိုသည့် ဆန္ဒချင်ခြင်း ဖြစ်ပေါ်ခဲ့၏။ သို့ရာတွင် ပစ္စည်းဥစ္စာတို့ ကုန်ခန်းမည်စိုး၍ မည်သူ့ကိုမျှ မပြောကြားဝံ့ဘဲ အောင့်အည်းသည်းခံကာ နေရလေ၏။

ဣလ္လိသသူဌေးလည်း တစ်နေ့ထက်တစ်နေ့ ချင်ခြင်းအာသာဆန္ဒကြောင့် ကျန်းမာရေး ချို့ယွင်းလာခဲ့ရာ နောက်ဆုံး၌ အိမ်ဈေးမှ သေရည်တစ်ပဲဖိုး ဝယ်ယူစေ၍ မြို့ပြင်သို့ထွက်ကာ ခရီးလမ်းတစ်နေရာရှိ ချုံပုတ်တစ်ခုအတွင်းဝင်၍ ပုန်းအောင်းပြီး သောက်လေ၏။ ထိုအခါ ဣလ္လိသသူဌေး၏ ဖခင်ဖြစ်ခဲ့ဖူးသော သိကြားမင်းသည် လူ့ပြည်သို့ ရှုကြည့်လေသော် ဣလ္လိသ၏ အဖြစ်အပျက်တို့ကို မြင်လေ၏။ ထိုအခါ–

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် ဤကုလ္လိသကို တုန်လှုပ်ချောက်ချားစေ၍ ကံ–ကံ၏ အကျိုးကို သိစေကာ အလှူကောင်းမှုတို့ကို ပြုစေအံ့။ သို့မှသာ နတ်ပြည်သို့ ရောက်လတ္တံ့"

ဟူ၍ ကြံစည်ကာ လူ့ပြည်သို့ ဆင်းသက်ခဲ့လေ၏။ ထို့နောက် ကုလ္လိသသူဌေးနှင့် ရွေးမရအောင် ဖန်ဆင်းကာ ဗြဟ္မဒတ်မင်းကြီးထံသွား၍ လျှောက်ထားလေ၏။

"အရှင်မင်းကြီး၊ အကျွန်ုပ်၏ ကုဋေရှစ်ဆယ် ဥစ္စာတို့ကို သိမ်းယူပါလော့ ... "ဟူ၍ လျှောက်ထား၏။ မင်းကြီးက–

"သူဌေးကြီး၊ သင်၏ဥစ္စာတို့ကို ငါအလိုမရှိပါ"

ဟူ၍ဆိုလေသော် ...

"အရှင်မင်းကြီး၊ သို့ဖြစ်ပါက အလှူအတန်း ပြုလုပ်လိုပါသည်"

ဟူ၍ ခွင့်ပန်လျှောက်ထားပြီး နေအိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ ရောက်လေသော် သူဌေးကတော်နှင့်တကွ အိမ်သူအိမ်သားအပေါင်းမှာ သိကြားမင်းမှန်းမသိဘဲ ကုလ္လိသသူဌေးဟူ၍သာ ထင်မှတ်နေလေ၏။ ဤတွင် သိကြားမင်းလည်း တံခါးစောင့်ကိုခေါ်၍–

"အမောင်၊ ငါနှင့်တူသော လူတစ်ယောက် ဤအိမ်ဂေဟာသို့ဝင်၍ ... သည်အိမ်ရာ ငါ့အိမ်ဟု ဆိုလာလျှင် အဝင်မခံဘဲ ဆွဲထုတ်ပစ်ရမည်"

ဟူ၍ အမိန့်ပေးကာ ပြာသာဒ်ထက်သို့ တက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူဌေးကတော်ကိုခေါ်၍–

"ရှင်မ၊ ငါသည် ယနေ့မှစ၍ အလှူအတန်း ပြုတော့မည်"

ဟုဆိုလေလျှင် သူဌေးကတော်နှင့်တကွ အိမ်သူအိမ်သား အပေါင်းမှာ သူဌေးကြီးသည် သူရာတန်ခိုးဖြင့် စိတ်ပြောင်းလဲလာပြီဟု မှတ်ထင်ကြလေ၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်နှင့်အမျှ သူဌေးကတော်လည်း–

"အရှင်၊ အလိုရှိတိုင်း လှူပါလော့"

ဟူ၍ ခွင့်ပြုရာ၊ သူဌေးကြီးလည်း ဘဏ္ဍာတိုက်ကို ဖွင့်လျက် တစ်မြို့လုံးကို စည်လှည့်စေ၏။ အလိုရှိသူတိုင်း လာရောက် အလှူခံကြရန်လည်း ဆော်ဩလေ၏။ ထိုသို့ဖြင့် အလှူလာခံသူတို့တွင် ရွာသားတစ်ယောက်သည် ဣလ္လိသသူဌေး၏ လှည်းနွားတို့ဖြင့် ဥစ္စာပစ္စည်းတို့ကို တင်ဆောင်ကာ မောင်းနှင်လာခဲ့လေ၏။ လမ်းခရီးတစ်နေရာရှိ မူလဣလ္လိသသူဌေး ပုန်းအောင်း၍ သေရည်သောက်ရာ ချုံအနီးသို့ ရောက်လေသော်–

"ငါသည် ဣလ္လိယသူဌေး ပေးလှူသည့် ဥစ္စာပစ္စည်းတို့ဖြင့် တစ်သက်လုံးစာအတွက် ဖူလုံစေ့ငှခဲ့လေပြီ။ ဤလှည်း, ဤနွားတို့ကား... ဣလ္လိယသူဌေးမှ စွန့်ကြဲသည့်အတွက် ငါပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့ ဖြစ်လာခဲ့ပေပြီ။ ထိုပြင်တစ်ဝ သူဌေးကြီးသည် ဥစ္စာပစ္စည်းတို့ကို ပေးပြန်သေး၏။ ဤသို့ စေတနာသဒ္ဓါတရား ကောင်းလှစွာသော သူဌေးကြီးဣလ္လိသ သက်တော်ရာကျော် ရှည်ပါစေ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ရေရွတ်ဆုတောင်းကာ လှည်းကို မောင်းနှင်သွားလေ၏။ ထိုစကားသံကို ချုံပုတ်တွင်းရှိ ဏ္ဍလ္လိယ ကြားရလေသော အခါ ထိတ်လန့်တကြား ဖြစ်သွားရလေ၏။ ခပ်လှမ်းလှမ်းသို့ ထွက်ခွာသွားပြီဖြစ်သော ၎င်း၏လှည်းနွားတို့ကို တွေ့မြင်ရသည့် အခါ–

"မင်းကြီးသည် ငါ၏ဥစ္စာလှည်းနွားတို့ကို မတော်တရား လုယက်၍ ပေးလိုက်ခြင်း ဖြစ်လိမ့်မည်"

ဟူ၍ တွေးတောမိပြီး၊ ချုံထဲမှထွက်လျက် လှည်းနောက်သို့ အမြန်ပြေးလိုက်လေ၏။ ထို့နောက်–နွား၏နဖားကြိုးကို ကိုင်ဆွဲထားပြီး–

"ဟယ် ... ကျွန်ယုတ်၊ ငါ့လှည်းနှင့်ငါ့နွား၊ ငါ့ဥစ္စာတို့အား ငါမပေးဘဲနှင့် အဘယ်ကြောင့် ယူဆောင်လာရသနည်း"

ဟူ၍ ဒေါသတကြီး မေးမြန်းလေ၏။ ထိုအခါ ရွာသားလည်း လှည်းပေါ်မှ ခုန်ဆင်းလိုက်၏။ ပြီးလေသော် ...

"အသင် ဘယ်သူနည်း။ ဏ္ဍလ္လိယသူဌေးကြီးသည် ယခုအခါတွင် တစ်မြို့လုံး အလှူပေးနေသည်ကို သင် မသိသလော"

ဟူ၍ ဒေါသတကြီး ပြောဆိုကာ ဏ္ဍလ္လိသ၏ လည်ကုပ်ကို ဆွဲနှိမ်ရိုက်ပုတ်ပြီး လှည်းပေါ်ပြန်တက်ကာ မောင်းထွက်သွားလေ၏။ ဏ္ဍလ္လိသလည်း အမူးပြေသကဲ့သို့ ဖြစ်သွားပြီး နေရာမှ အလူးအလဲထလျက် လွန်စွာထိတ်လန့်တုန်လှုပ်စွာဖြင့် ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဂေဟာသို့ ပြန်သွားလေ၏။ အိမ်ပေါက်ဝ ရောက်လေသော အိမ်သားအားလုံးတို့ ကြားအောင်–

"ငါ၏ ဥစ္စာပစ္စည်းတို့အား အဘယ်ကြောင့် ငါခွင့်မပြုဘဲ ပေးရသလော၊ ငါပိုင်သော ပစ္စည်းဥစ္စာတို့ကို ဘယ်သူ့ကိုမျှ ငါမပေးနိုင်"

ဟူ၍ အော်ဟစ်ပြောဆိုပြီး အိမ်ဂေဟာအတွင်း ဝင်ရန် ပြုလေ၏။ ဤတွင် တံခါးစောင့်လည်း သိကြားမင်း မိန့်မှာခဲ့သည့်အတိုင်း ဣလ္လိသကို အိမ်တွင်းသို့ ဝင်ခွင့်မပြုဘဲ ဆွဲကိုင်ဖမ်းချုပ်ကာ ထုထောင်းရိုက်ပုတ်လျက် ခြံအပြင်သို့ တွန်းထုတ်လိုက်လေ၏။ ဣလ္လိသလည်း–

"ဤအချိန်တွင် ငါ့၌ အားကိုးအားထား ပြုစရာဆို၍ မင်းကြီးမှတစ်ပါး အခြားမရှိပြီ"

ဟူ၍ စဉ်းစားမိပြီး၊ မင်းကြီးထံ ရောက်ရှိသွားခဲ့လေ၏။ မင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်လေလျှင်–

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ မင်းချင်းတို့အား၊ အကျွန်ုပ်၏ အိမ်သို့ လုယက်ခိုင်းပါသလော"

ဟူ၍ မေးမြန်းလျှောက်ထားလေ၏ ။ ထိုအခါ မင်းကြီးက–

"အသင်သူဌေး၊ သင်၏အိမ်သို့ ငါ၏မင်းချင်းတို့အား လုယက်ရန် မခိုင်းစေခဲ့ပါ။ အသင်သည် မနက်ကပင် ငါ့ထံသို့လာ၍ ဥစ္စာတို့ကို ပေးခဲ့ပေ၏။ ငါလက်မခံသဖြင့် အလှူအတန်း ပြုလိုကြောင်း ပြောဆိုခွင့်တောင်းသွားခဲ့သည် မဟုတ်လော။ သင့်သဘောအတိုင်း အလှူအတန်းပြုသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ငါ့အနေဖြင့် အဘယ်ကြောင့် တားမြစ်ရပါမည်နည်း"

ဟူ၍ မိန့်လေ၏။ ဣလ္လိသလည်း တုန်လှုပ်စွာဖြင့်–

"အရှင်မင်းကြီး၊ အကျွန်ုပ်၏ နှမြောတွန့်တိုမှုကို အရှင်မင်းကြီး အသိပင် ဖြစ်ပါ၏။ အကျွန်ုပ်အား မြက်ဖျား၌ တွယ်ကပ်နေသော ဆီတစ်စက်မျှကိုပင် ပေးလှူရန် တွန့်တိုသူ ဖြစ်ပါ၏။ အလှူပေးနေသူကို ခေါ်ယူစစ်ဆေးတော်မူပါ"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း မင်းချင်းတို့အား အလှူပေးနေသူကို သွားရောက်ခေါ်ဆောင်စေ၏။ သိကြားမင်းရောက်လာလျှင် ဣလ္လိသူဌေးအသွင် ဖန်ဆင်းထားသည်ဖြစ်၍ အစစ်အမှန်ဖြစ်သော ဣလ္လိသနှင့် ရွေး၍မရအောင် တူညီနေလေ၏။ သို့ဖြစ်လေရာ မည်သူသည် ဣလ္လိသူဌေး အစစ်ဖြစ်ကြောင်း ခွဲခြား၍မရအောင် ဖြစ်နေရလေ၏။

ထိုအခါ ဣလ္လိယသူဌေးအစစ်က သူသာ ဣလ္လိသူဌေး အစစ်ဖြစ်ကြောင်း မင်းကြီးအား လျှောက်ထား၏။ ထိုအခါ မင်းကြီးက–

"သူဌေးကြီး၊ သင့်ကိုငါမသိပါ။ သင့်ကိုသိသူ မည်သူရှိသနည်း"

"အရှင်မင်းကြီး၊ ကျွန်ုပ်သူဌေး အစစ်အမှန်ဖြစ်ကြောင်း ကျွန်ုပ်၏အိမ်သူအိမ်သားများ သိကြပါ၏"

ထိုအခါ မင်းကြီးလည်း အိမ်သားတို့ကို ခေါ်ယူလိုက်၏။ သူဌေးကတော်က သိကြားမင်းအား ဣလိယသူဌေး အစစ်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ယူကာ သူဌေးကြီးအနီးသို့ သွားရပ်လေ၏။ အိမ်သူအိမ်သား အပေါင်းမှာလည်း သိကြားမင်းအပါး၌သာလျှင် ကပ်၍နေကြ၏။ ထိုအခါ ဣလ္လိသလည်း–

"အရှင်မင်းကြီး၊ အကျွန်ုပ်အား ဆတ္တာသည်က သိပါသည်။ ၎င်းကို ဆင့်ခေါ်တော်မူပါ"

ဟူ၍ လျှောက်လေ၏။ မင်းကြီး၏ အမိန့်ဖြင့် ဆတ္တာသည် ရောက်လာလေသော် ဆတ္တာသည်က မင်းကြီးအား–

"အရှင်မင်းကြီး၊ ဣလ္လိသူဌေး အစစ်အမှန်ဆိုပါက ၎င်း၏ ဆံပင်ဦးရေကြား၌ မှဲ့တစ်လုံးရှိရမည်။ မှဲ့ရှိသူသာ ဣလ္လိသသူဌေး ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ဤတွင် နှစ်ဦးစလုံး၏ ဆံပင်တို့ကို ဖြဲ၍ရှာလေသော တူညီသောမှဲ့များကို တွေ့ရလေရာ မည်သို့မျှ မကြံတတ်အောင် ဖြစ်သွားရလေ၏။ ထိုအခါ ဆတ္တာသည်က–

"အရှင်မင်းကြီး၊ ဣလ္လိသသူဌေး နှစ်ဦးစလုံးပင် ခြေလည်းခွင်ကြ၏။ လက်လည်း ကောက်ကြ၏။ မျက်လုံးလည်း စွေကြ၏။ ဦးခေါင်းကြား၌ မှဲ့လည်း ကိုယ်စီရှိကြ၏။ တစ်ဦးနှင့်တစ်ဦး ချွတ်စွပ်တူနေသည့်အတွက် ဣလ္လိသသူဌေး အစစ်အမှန်ကို ထုတ်ဖော်ပြခြင်းငှာ မစွမ်းသာပါ"

ဟူ၍ လျှောက်ထားလေရာ ဣလ္လိသသူဌေးအစစ်လည်း ၎င်း၏ဥစ္စာပစ္စည်းတို့ ဆုံးရှုံးလေပြီဟု သိလိုက်ရလေကား နေရာတွင်ပင် သတိလစ်၍ လဲကျသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သိကြားမင်းလည်း မူလအစစ်အမှန် သိကြားမင်း အသွင် ဖန်ဆင်း၍

"အရှင်မင်းကြီး၊ ကျွန်ုပ်ကား ဣလ္လိသသူဌေး မဟုတ်ပါ။ သိကြားမင်းသာ ဖြစ်ပါ၏"

ဟူ၍ ပြောဆိုပြီး ကောင်းကင်၌ တင့်တယ်စွာ ရောင်ဝါ ထွန်းလင်း၍ ရပ်လေ၏။ ထိုအခါ ဣလ္လိသူဌေးအား ရေဖြင့် လောင်းသည့်အတွက် သတိရလာ၏။ ဣလ္လိသလည်း နေရာမှ ထထိုင်ကာ သိကြားမင်းကို ရှိခိုးလေတော့၏။ ဤတွင် သိကြားမင်းလည်း ဣလ္လိသအား–

"ဣလ္လိသ၊ သင်ပိုင်ဆိုင်ပါသည်ဟု ပြောဆိုနေသော ဥစ္စာပစ္စည်းတို့သည်ကား ငါသည် သင်၏ဖခင်ဘဝ၌ ရှိစဉ် ရှာဖွေစုဆောင်းခဲ့သော ဥစ္စာများသာ ဖြစ်လေ၏။ ငါသည် လူ့ဘဝ၌ရှိစဉ် ကုသိုလ်ကောင်းမှုတို့ကို အစဉ်အဆက် ပြုလုပ်လာခဲ့သည်အတွက် သေလွန်သည့်အခါ သိကြားမင်း အဖြစ်ကို ရခဲ့လေ၏။ ငါ၏သား ဖြစ်ပါလျက် ငါ၏ အမျိုးအနွယ်ဂုဏ်ကို ဖျက်ဆီးသူ ဖြစ်ပေ၏။ ငါတို့ အစဉ်အဆက် ဆောက်လုပ်ထားရှိခဲ့သော အလှူတင်းကုပ် ဇရပ်တို့အား ဖျက်ဆီးလျက် မီးတိုက်ခဲ့၏။ အလှူခံ ဖုန်းတောင်း ယာစကာတို့ကိုလည်း ရိုက်ပုတ်နှင်ထုတ်ခဲ့၏။ သင်ကိုယ်တိုင်လည်း မစားရက်၊ သူတစ်ပါးကိုလည်း မလှူရက်နှင့် သင်၏ ဥစ္စာပစ္စည်းတို့ မည်သည်မှာ ဒကရက္ခိုက်စောင့်သော ရေကန်သဖွယ်ပင် ဖြစ်လေ၏။

www.burmeseclassic.com



ဣလ္လိသ၊ သင်သည် ယခုပင် အလျှုတင်းကုပ် ဇရပ်တို့ကို ဆောက်လုပ်ပါလော့။ အလှူဒါနများကို ပြုလုပ်ပါလော့။ ထိုသို့ မလုပ်ဆောင်ပါက သင့်ထံတွင် ရှိနေသော ဥစ္စာပစ္စည်းများမှာ သူ့အလိုလို ကွယ်ပျောက်၍ သွားလတ္တံ့။ သင်၏ဦးခေါင်းကိုလည်း အစိပ်စိပ်အမွှာမွှာဖြစ်အောင် ငါ၏ ဝရဇိန်လက်နက်ဖြင့် ပစ်ခွင်းအံ့"

ဟူ၍ ခြိမ်းခြောက် ပြောဆိုလေ၏။ ဣလ္လိယသူဋ္ဌေးလည်း သေဘေးမှ ကြောက်ရွံ့တုန်လှုပ်သွားပြီး ...

"အရှင်သိကြားမင်း၊ အကျွန်ုပ်သည် ယနေ့ယခု အချိန်မှစ၍ အလှူဒါနတို့ကို ပြုပါတော့မည်။ သီလကို မြဲမြံစွာ စောင့်ထိန်းပါတော့မည်"

ဟူ၍ ဝန်ခံရှိခိုးလေ၏။ သိကြားမင်းလည်း ဣလ္လိသအား ဆုံးမြဲဝါဒများပေးပြီး တာဝတိံသာသို့ ပြန်တက်ခဲ့လေ၏။ ဣလ္လိသသူဋ္ဌေးလည်း ထိုနေ့မှစ၍ ဖခင်သိကြားမင်းကြီး ဆိုဆုံးမခဲ့သည့်အတိုင်း ကုသိုလ်ကောင်းမှုတို့ကို နေ့စဉ်ပြုလုပ်၏။ သီလစောင့်ထိန်းကာ တရားဘာဝနာများ ပွားများသည်ရှိသော် သေလွန်သည့်အခါ ကောင်းရာဘုံသို့ လားရလေ၏။

ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက် တရားနာရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုအခါက ဣလ္လိသူဋ္ဌေးသည် ယခုအခါ၌ မစ္ဆရိယသူဋ္ဌေး ဖြစ်လာ၏။ ထိုအခါက သိကြားမင်းသည် ယခုအခါ ရှင်မောဂ္ဂလာန် ဖြစ်လာ၏။ ထိုအခါက

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ထိုအခါက ဆတ္တာသည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၇၉။ ခရသဃရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၇၉]

# ခရသသရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကောသလမင်းကြီး၏ အမတ်တစ်ယောက်သည် မင်းကြီးနှစ်သက်စေမည့် အလုပ်အကိုင်တို့ကို တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ပေးလေ၏။ သို့ဖြစ်လေရာ မင်းကြီးလည်း လွန်စွာမှ နှစ်သက်သွားပြီး ထိုအမတ်အား မစ္ဆန္တရာဇ်ရွာငယ်တစ်ရွာကို အပိုင်စား ချီးမြှင့်တော်မူ၏။

ထိုအမတ်ကား စိတ်ဓာတ်အခြေခံ ကောင်းမွန်သူ မဟုတ်ပေ။ ၎င်းသည် သူခိုးသူဝှက်တို့နှင့် တိုင်ပင်ကာ–

"အမောင်တို့၊ ငါသည် ရွာရှိ လူအချို့တို့ကို ခေါ်ဆောင်ကာ တောတွင်းသို့သွားမည်။ ထိုအခါ အမောင်တို့

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် လူအင်အား နည်းပါးလှစွာသော ရွာတွင်းသို့ဝင်၍ ပစ္စည်းတို့ကို လုယက်ယူငင်ပါ။ ထို့နောက် ငါ့အား ဥစ္စာ တစ်ဝက်ကို ခွဲဝေပေးပါ"

ဟူ၍ ဆိုလေ၏။ သူခိုးသူဝှက်တို့ကလည်း ထိုအမတ်နှင့် သဘောတူညီကြလေ၏။ နောက်တစ်နေ့ရောက်သော် အမတ်လည်း ရွာသူရွာသားတို့အား စည်းဝေးစေပြီးလျှင် တောအုပ် အတွင်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခါ သူခိုးသူဝှက်တို့ သည် ရွာအတွင်းသို့ ဝင်လာကြပြီး နွားတို့အား သတ်ဖြတ် စားသောက်ကြ၏။ လိုရာပစ္စည်းတို့ကို လုယက်ယူငင်ကြ၏။ အမတ်လည်း ညချမ်းအချိန်သို့ ရောက်သည့်အခါမှသာ ရွာသူ ရွာသားတို့နှင့် ပြန်လာခဲ့လေ၏။ ရွာသို့ရောက်လေသော် သူခိုး သူဝှက်များ ရွာအတွင်းသို့ ဝင်မွှေနှောက်သွားသည်တို့ကို ကြားသိ ရလေသော် ရွာသူရွာသားတို့လည်း အမတ်အပေါ်၌ မယုံသင်္ကာ စိတ်များ ဝင်လာခဲ့ကြလေ၏။ သေချာပြီဟု ပြောဆိုနိုင်သော အနေအထားသို့ရောက်လျှင် ကောသလမင်းကြီးထံ တင်ပြ လျှောက်ထားကြကုန်၏။ မင်းကြီးလည်း တိကျသေချာစွာ စုံစမ်း စစ်ဆေးပြီး အမှုကိစ္စ ထင်ရှားသည်ရှိသော် ထိုအမတ်အား ရာထူးမှ ဖြုတ်ချပြီး အခြားအမတ်တစ်ယောက်အား ရွာစားခန့် အပ် လိုက်လေ၏။

ကောသလမင်းကြီးလည်း ဘုရားရှင်ထံမှောက် အဖူးအမြော် ရောက်သည့်အခါ ထိုအမတ်အကြောင်းကို ပြောဆိုလျှောက်ထား လေ၏။ ဤတွင် ဘုရားရှင်က–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ အဆိုပါ ရွာစားကား ယခုအခါမှသာ သူခိုးသူဝှက်တို့နှင့် တိုင်ပင်ညီညွတ်၍ ယုတ်မာသောအမှုကို ပြုသည်မဟုတ်။ ရှေးအခါကလည်း ပြုခဲ့ဖူးပေပြီ" ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။"

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် အမတ်တစ်ယောက်သည် ပစ္စန္တရာဇ် ရွာတစ်ရွာကို အပိုင်စားရ၏။

ထိုအခါ ပညာရှိကုန်သည် တစ်ဦးသည် ကုန်သွယ်ရန် လှည့်လည်ရာမှ ထိုအမတ်စားရသော ပစ္စန္တရာဇ် ရွာကလေးသို့ ရောက်ရှိခဲ့လေ၏။ ထိုရွာ၌ပင် တည်းခိုနေထိုင်ရန် ဆုံးဖြတ်လေ၏။ ညချမ်းအချိန်အခါသို့ ရောက်လေသော် ရွာစားသည် ရွာသားတို့ ခြံရံလျက် စည်ကြီးကိုတီး၍ လာလေ၏။ ထိုအခါ ပညာရှိကုန်သည်က–

"အချင်းတို့၊ သင်တို့၏ရွာစားသည် သူခိုးတို့နှင့် တိုင်ပင်စည်းဝေးကာ သင်တို့ရွာမှ ဥစ္စာပစ္စည်းတို့ကို လုယက်စေ၏။ နွားတို့ကိုလည်း သတ်ဖြတ်စားသောက်စေ၏။ သူခိုးတို့လည်း တောသို့ဝင်လေပြီ။ သူခိုးတို့ထံမှ ဥစ္စာကို ခွဲဝေယူလျက် အရှက်ကင်းမဲ့စွာဖြင့် စည်တီးကာ ရွာသို့ ဝင်လာပေပြီ"

ဟူ၍ စွပ်စွဲပြောဆိုပြီး၊ မင်းကြီးထံ အကြောင်းကြား လျှောက်ထားလေ၏။ မင်းကြီးလည်း အမှုကိစ္စအား သေချာစွာ

www.burmeseclassic.com



စုံစမ်းစစ်ဆေးလေရာ အမှုကိစ္စ ထင်ရှားသဖြင့် အမတ်ယုတ်အား ရာထူးမှချလျက်၊ အခြားအမတ်တစ်ဦးအား အစားထိုး ခန့်အပ်လိုက်လေ၏။

ထိုကဲ့သို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက် တရားနာရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့ ...

ထိုစဉ်အခါက ရှာစားအမတ်ယုတ်သည် ယခုအခါ ရာထူးဖြုတ်ချခံရသော ရှာစား အမတ်ယုတ် ဖြစ်လာ၏။

ပညာရှိကုန်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၈၀။ ဘီမသေနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၀]

# ဘီမသေနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးတော်မူစဉ် သူတစ်ပါးတို့အပေါ် အမြဲလို ကဲ့ရဲ့ ရှုတ်ချ အပြစ်တင်တတ်သော ရဟန်းတစ်ပါး ရှိလေ၏။ ထို ရဟန်းသည် ၎င်းတို့၏ အမျိုးအနွယ်တို့၏ ဂုဏ်ပုဒ်ကိုလည်း ကောင်း၊ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့ကို လည်းကောင်း ဂုဏ်တင် မြှောက်ပင့်ကာ တစ်ပါးသူတို့ အပေါ်တွင်မူ ကဲ့ရဲ့ရှုတ်ချ အပြစ် တင်လေ့ရှိ၏။

ထိုအကြောင်းကို ရဟန်းတို့လည်း တရားသဘင်၌ စုဝေး၍ ပြောဆိုနေကြလေရာ ဘုရားရှင် ကြားသိတော်မူခဲ့ပြီး -

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ဤရဟန်းကား ယခုမှသာလျှင် သူတစ်ပါးတို့အား ကဲ့ရဲ့ရှုတ်ချ အပြစ်တင်သည် မဟုတ်။ ရှေးအခါကလည်း ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ခဲ့ဖူးသည်သာပင်" ဟူ၍ မိန့်တော်မူပြီး အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဥဒိစ္စပုဏ္ဏားမျိုးမှ ပုဏ္ဏားလုလင်တစ်ယောက်သည် အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခ ဆရာကြီးထံ၌ ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သော အတတ်တို့ကို သင်ကြားလေ၏။ ပညာရပ်အသီးသီးကို ပြီးဆုံးအောင် တတ်မြောက်ပြီးလေသောအခါ ရူဠနုဂ္ဂဟဟု အမည်တွင်လေ၏။ ၎င်းမှာ အနည်းငယ်ပုကွ၍ ခန္ဓာကိုယ်မှာ ခပ်ကုန်းကုန်းရှိလေ၏။

ရူဠနုဂ္ဂဟသည် လေးပစ်သောအတတ်တွင် ဇမ္ဗူဒိတ် တစ်ခွင်လုံး၌ ပြိုင်ဘက်ကင်းလောက်အောင် ကျွမ်းကျင်လိမ္မာသူ ဖြစ်လေ၏။ သို့ရာတွင် ၎င်း၏ခန္ဓာကိုယ် ဖွံ့စည်းမှု အနေအထားကြောင့် မင်းစေရာစံထံ ဆည်းကပ်ပါသော်ငြား အမှုကိစ္စကို မဆောင်ရွက်နိုင်ဟု ထင်မှတ်ပြီး ရာထူးပေးချီးမြှောက်လိမ့်မည် မဟုတ်။ ခန္ဓာကိုယ် အလုံးအရပ် ပြည့်စုံသူကိုသာလျှင် ချီးမြှောက် ပေးလိမ့်မည်။ သည့်အတွက် ခန္ဓာကိုယ် ပြေပြစ်သူအား ရာထူးကို

www.burmeseclassic.com

www.burmeseclassic.com



ယူစေလျက် ၎င်းကမူ နောက်ကွယ်မှ အမှုကိစ္စများကို ဖြေရှင်း ဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်ကာ ခန္ဓာကိုယ် ပြေပြစ်သူအား ရှာဖွေရန် ထွက်လာခဲ့ရာ မဟိံသကတိုင်းသို့ ရောက်ရှိသွား၏။ ထိုမှ ရက်ကန်းသမားတို့ နေထိုင်ရာအရပ်သို့ ရောက်ရှိခဲ့လေ၏။

ထိုအခါတွင် ဘီမသေနဆိုသော ရက်ကန်းသမားကို တွေ့လေ၏။ ဘီမသေန၏ ပြေပြစ်သော ခန္ဓာကိုယ်အား တွေ့မြင်သွားပြီးနောက် မိတ်ဆွေဖွဲ့ပြီး–

"အဆွေ၊ သင်သည် ခန္ဓာကိုယ် အချိုးအစား ဤမျှ ပြေပြစ်ခံ့ညားပါလျက် အဘယ်ကြောင့် ရက်ကန်းရက်နေရ ပါသနည်း။ ဤဇမ္ဗူဒိတ်ကျွန်း၌ ငါနှင့်ပြိုင်ဘက် လေး သမားဟူသည် မရှိ။ သို့သော်လည်း ငါ၏ခန္ဓာကိုယ်မှာ အဆွေကဲ့သို့ ပြေပြစ်ခံ့ညားမှုမရှိ။ သည့်အတွက် မင်း ဖကရာဇ်ထံ အမှုတော်ထမ်းပါက ရာထူးရာခံပေး၍ ချီး မြှောက်လိမ့်မည်မဟုတ်။

သည့်အတွက် အဆွေနှင့်ငါတို့ မင်းကြီးထံသွားပြီး သင့်ကို အယောင်ပြကာ ရာထူးတောင်းမည်။ သင်က ဟန်ဆောင်ကောင်းစွာဖြင့် ဣန္ဒြေမပျက်နေပါ။ ပြုဖွယ်ကိစ္စ မှန်သမျှကို သင့်နောက်ကွယ်မှနေ၍ တာဝန်ကျေစွာ ငါထမ်း ဆောင်ပါမည်။ ဥစ္စာပစ္စည်းများ ရလာသည့်အခါတွင် အတူ တကွ ခွဲဝေစားသောက်ပါမည်။ ငါ၏စကားကို နားထောင် ပါ အဆွေ"

ဟူ၍ပြောလေရာ ဘီမသေနလည်း နှစ်သက်သဘောကျ သွားပြီး စူဠဓနုဂ္ဂဟ၏ အစီအမံကို လက်ခံလေ၏။ သို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှူဋ္ဌနုဂ္ဂဟာလည်း ဘီမသေနကို ခေါ်၍ မင်းကြီးထံ ဝင်ရောက်ကာ ခစားလေ၏။ မင်းကြီးလည်း အကျိုးအကြောင်းကို မေးမြန်းလေသော် ဘီမသေနသည် ရှူဋ္ဌနုဂ္ဂဟာ သင်ကြားပေးသည့်အတိုင်း မင်းကြီးအား လေးသည်တော်အဖြစ် အမှုထမ်းလိုပါကြောင်း လျှောက်ထားလေ၏။ မင်းကြီးလည်း ဘီမသေန၏ ခံ့ညားသော ရုပ်သွင်ကိုမြင်လျှင် သဘောကျနှစ်ခြိုက်သွားပြီး စစ်သူကြီးရာထူးကို ပေးလေ၏။ မင်းကြီးက မေးသဖြင့် ရှူဋ္ဌနုဂ္ဂဟာအား ၎င်း၏ ကျေးကျွန်အဖြစ် ပြောဆိုလေ၏။

ဘီမသေနသည် စစ်သူကြီးအဖြစ် အမှုတော်ကို ထမ်းရွက်ရာ၌ လူလုံးပြ အယောင်ဆောင်ပြီး နောက်ကွယ်ရာကမူ ရှူဋ္ဌနုဂ္ဂဟာသည် ၎င်း၏ပြိုင်ဘက်ကင်းသော လေးအတတ်ဖြင့် အမှုကိစ္စများကို ကျေပွန်စွာ ထမ်းရွက်လေ၏။ ရလာသော ဥစ္စာစည်းစိမ်တို့ကို နှစ်ဦးသား ညီညွတ်စွာ ခွဲဝေစားသုံးကြလေ၏။

တစ်နေ့သ၌ ကာသိတိုင်းရှိ တောအုပ်တစ်အုပ်၌ ကျားတစ်ကောင် သောင်းကျန်းနေလေ၏။ ထိုကျားသည် လမ်းသွားလမ်းလာတို့အား ချောင်းမြောင်းကာ သတ်ဖြတ်စားသောက်လေ၏။ ထိုအခါ မည်သူမျှ ခရီးမသွားမလာရဲ ဖြစ်ကြလေ၏။ ဤတွင် ပြည်သူပြည်သားတို့လည်း မင်းကြီးအား အကြောင်းစုံကို တင်ပြလျှောက်ထားကြလေ၏။ မင်းကြီးလည်း စစ်သူကြီး ဘီမသေနကို ခေါ်ယူကာ–

"အမောင်စစ်သူကြီး၊ ယခု ကာသိတိုင်း တောအရပ်၌ သောင်းကျန်းနေသော လူသားစားကျားအား နှိမ်နင်းနိုင်ပါမည်လော"

www.burmeseclassic.com



ဟူ၍ မေးမြန်းလေ၏။ ဘီမသေနလည်း–

"အရှင်မင်းကြီး၊ ကျွန်ုပ်ကား ဇမ္ဗူဒိတ်၌ ပြိုင်ဘက်ကင်းသော လေးသည်တော် ဖြစ်ပါ၏။ အဆိုပါကျားကို နှိမ်နင်းနိုင်ပါ၏"

ဟူ၍ ဆိုလေ၏။ မင်းကြီးလည်း စစ်သူကြီး ဘီမသေနအား ကျားဆိုးရန်ကို နှိမ်နင်းရန် စရိတ်ရိက္ခာများပေး၍ တောအုပ်သို့ လွှတ်လိုက်လေ၏။ ဘီမသေနလည်း အိမ်ပြန်ရောက်သည်ရှိသော် စူဠနုဂ္ဂဟာကို အကျိုးအကြောင်း ပြောပြလိုက်လေ၏။ ထိုအခါ စူဠနုဂ္ဂဟာက–

"အဆွေ၊ ဤကိစ္စ၌ ကျွန်ုပ်လိုက်ရန်ပင် မလိုပါ။ နည်းလမ်းကောင်းတစ်ခုကို ကျွန်ုပ် ပေးလိုက်ပါမည်။ အဆွေသည် ကျားဖမ်းသွားသည့်အခါ ကျားရှိရာသို့ အလျဉ်စလို မသွားပါလေနှင့်။ ဇနပုဒ်သား လေးသမားတို့အား ခေါ်ယူစုဝေးစေပြီး ကျားရှိရာအရပ်သို့သွား၍ ကျားကို ရှာဖွေ ခြောက်လှန့်ရစ်ပါ။ ကျားထွက်လာသည်ကို မြင်လျှင် မယောင်မလည်ဖြင့် ချုံတစ်ချုံ၌ ပုန်းအောင်းနေလိုက်ပါ။ ဇနပုဒ်သားတို့ ကျားကို သတ်၍ ဖမ်းပြီးသောအခါမှ နွယ်ကြိုးတစ်ခုကိုဆောင်၍ ဇနပုဒ်သားတို့ထံ သွားရောက်ပြီး–

"အသင်တို့၊ အဘယ်သူသည် ဤကျားကို သတ်လိုက်ပါသနည်း။ ငါသည် ဤကျားကို အရှင်ဖမ်း၍ မင်းကြီးထံ ဆက်သဖို့ရာ နွယ်ကြိုး ရှာနေသည်ကို သင်တို့ မသိသလော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဟိန်းဟောက် ခြိမ်းခြောက်ပြောဆိုပါ။ ထိုအခါ ဇနပုဒ်သားတို့လည်း ရာဇဝတ်ဘေးသင့်မည်ကို ကြောက်ရွံ့ထိတ်လန့်ကြသဖြင့်

"စစ်သူကြီး၊ ဤအကြောင်းကို မင်းကြီးအား မလျှောက်ပါနှင့်။ ကျွန်ုပ်တို့ထံမှ ဥစ္စာပစ္စည်းများကို ပေးပါမည်"

ဟုဆိုကြလိမ့်မည်။ ထိုအခါ အဆွေသည် ဇနပုဒ်သားတို့ထံမှ ဥစ္စာပစ္စည်းတို့အပြင် ကျားသေကိုပါ ဆောင်ယူလျက် မင်းကြီးထံ ဆက်သလိုက်ပါ။ မင်းကြီးသည် ကျားသေကို မြင်တွေ့ရသည့်အခါ နှစ်သက်သဘောကျလျက် သင့်အား ဆုလာဘ်များ ချီးမြှင့်ပေလိမ့်မည်။ သင်လည်း နာမည်ကောင်းရပေမည်"

ဟူ၍ အသေအချာ နည်းလမ်းပြသွန်သင်ကာ လွှတ်လိုက်လေ၏။ ဘီမသေနလည်း စူဠဓနုဂ္ဂဟာ စီစဉ်ညွှန်ကြားသည့်အတိုင်း သေချာစွာ လိုက်နာဆောင်ရွက်သည်ရှိသော် မင်းကြီး၏ နှစ်သက်မှုကို ရရှိ၏။ ဆုလာဘ်များနှင့်တကွ နာမည်ကောင်းကိုလည်း ရရှိလေ၏။

ဤတွင် ဘီမသေနသည် ဥစ္စာစည်းစိမ်တို့အပေါ်တွင် လည်းကောင်း၊ ထင်ရှားကျော်ကြားမှု အပေါ်တွင်လည်းကောင်း ယစ်မူးလျက် ဆရာဖြစ်သော စူဠဓနုဂ္ဂဟာအပေါ်တွင် လျစ်လျူရှုရုံမက မလေးမခန့်ပင် ပြုလာလေတော့၏။ စူဠဓနုဂ္ဂဟာမှ ပြောဆိုဆုံးမလျှင်လည်း–

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဒုဋ္ဌဂါမဏိ၊ ငါသည် သင့်ကိုမှီ၍ အသက်မွေးသည် မဟုတ်။ သင်ကသာ ငါ့ကိုမှီ၍ အသက်မွေးသူ ဖြစ်၏။ သင်သည် ငါကဲ့သို့ ခံ့ညားသူ ဟုတ်ပါသလော"

ဟူ၍ ကြမ်းတမ်းရိုင်းပျသော စကားတို့ကို ပြောဆိုလေ၏။ ရှင်ဒုဋ္ဌဂါမဏိ၏ ခန္ဓာကိုယ် အနေအထားကိုလည်း ကဲ့ရဲ့ရှုတ်ချလေ၏။

သို့ဖြင့် ရက်အနည်းငယ် ကြာလေသော် ပြည်နီးချင်း မင်းတစ်ပါးသည် စစ်သည်ဗိုလ်ပါ အင်အားများပြားစွာဖြင့် ဗာရာဏသီသို့ စစ်ချီလာခဲ့လေ၏။ ထို့နောက်–

"တိုင်းပြည်ကို အပ်မည်လော၊ စစ်ကို ထိုးမည်လော"

ဟူ၍ ဗာရာဏသီမင်းကြီးထံ တင်းမာသော ရာဇသံကို ပေးလေ၏။ ထိုအခါ မင်းကြီးလည်း စစ်သူကြီး ဘီမသေနကို ခေါ်၍–

"အမောင်၊ ရန်သူသည် ငါတို့ပြည်အား ဝန်းရံထားပေပြီ။ သည့်အတွက် စစ်သူကြီးဖြစ်သော သင်သည် ဦးစီးဦးဆောင်ပြုလျက် ရန်သူစစ်တပ်အား ချေမှုန်းတိုက်ခိုက်ရမည်"

ဟူ၍ တာဝန်ပေးလေ၏။ ဤတွင် ဘီမသေနလည်း ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ မင်းကြီး၏အသွင်ကိုယူလျက် တိုက်ဆင်တစ်စီးပေါ်သို့ တက်လေ၏။ ရှင်ဒုဋ္ဌဂါမဏိလည်း ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ လေးမြားစသော လက်နက်တို့ကို ကိုင်စွဲလျက် ဆင်ကျောကုန်းထက်ရှိ ဘီမသေန၏ နောက်ကျောဘ်၌

www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။ တိုက်ဆေင်လည်း စစ်သည်ဗိုလ်ထုတို့ ခြံရံလျက် မြို့တော်မှ ထွက်ခွာပြီးလျှင် ရန်သူစစ်မြေသို့ အရောက်သွားလေ၏။ ဘီမသေနကား ၎င်းကိုယ်၎င်း အထင်ကြီးကာ သူတစ်ပါးအား ကဲ့ရဲ့ရှုတ်ချမိသမျှ လက်တွေ့စစ်မြေပြင်သို့ ရောက်၍ စည်သံမောင်းသံတို့ကို ကြားရလေလျှင် တစ်ကိုယ်လုံး နတ်ဝင်သကဲ့သို့ ကြောက်ရွံ့ တုန်လှုပ်နေတော့၏။ ဤတွင် ဗုဒ္ဓနဂ္ဂဟာလည်း ဘီမသေန ဆင်ပေါ်မှ ပြုတ်မကျရလေအောင် ကြိုးဖြင့် တုပ်နှောင်ဆိုင်းဖွဲ့ထားရလေ၏။ နှစ်ဖက်စစ်သည်များ တစ်ဦးနှင့်တစ်ဦး ရင်ဆိုင်တိုက်ခိုက် ထိုးနှက်သတ်ဖြတ်ကြသည်ကို မြင်လျှင် ဘီမသေနလည်း ကြောက်စိတ်တို့ဝင်လာ၏။ သေရမည့်ဘေးကိုလည်း ထိတ်လန့်လာ၏။ ဤ၌ ကြောက်သေး, ကြောက်ချေးတို့ ထွက်ကျလာရာ ဆင်၏ကျောပြင်တစ်ခုလုံး နံစော်ပေတလူး နေတော့၏။ ထိုအခါ ဗုဒ္ဓနဂ္ဂဟာသည် ရဲ့ငံ့ပြတ်သားစွာဖြင့်–

"အဆွေ ဘီမသေန၊ သင်သည် ငါ့အား အမျိုးစုံပုတ်ခတ်ကဲ့ရဲ့ ပြစ်တင်ရှုတ်ချခဲ့၏။ သင့်ကိုယ်သင် တကယ့်သတ္တိရှင်အလား ဝါကြွားပြောဆိုခဲ့၏။ ယခုအခါ ကြောက်စိတ်လွှမ်းကဲ၍ သေးအလူးလူး၊ ချေးအလူးလူး ဖြစ်နေပါပကော။ သင့်စကားသည် ရှေ့နောက်မညီ ဖြစ်လေပြီတကား ..."

ဟူ တုံ့ပြန်ပြောဆိုလေ၏။ ထို့နောက်–

"အဆွေ ဘီမသေန၊ မကြောက်ပါနှင့်။ ငါရှိနေပါလျက် သင်ကြောက်နေသည်မှာ အဓိပ္ပာယ်မရှိ။ သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆင်ပေါ်မှ ဆင်းသက်လျက် အိမ်ပြန်ကာ ရေချိုးသန့်စင်ပါလော့ ...”

ဟူ၍ ပြန်လွှတ်လေ၏။ ထို့နောက် စူဠနဂ္ဂဟလည်း ၎င်း၏ ဗမ္ဗူဒိတ်တစ်ခွင်၌ ပြိုင်ဘက်ကင်းလှစွာသော လေးအတတ်ဖြင့် ရန်သူတပ်ကြီးအား အတုံးအရုံး ဖြစ်စေခဲ့၏။ ရန်သူတပ်အတွင်းသို့ တရကြမ်းဝင်ကာ အလဲလဲအပြိုပြို ဖြစ်စေပြီး ရန်သူမင်းအား လက်ရ ဖမ်းဆီးခဲ့လေ၏။ ထို့နောက် ဗာရာဏသီမင်းကြီးအား ဆက်သလေ၏။

မင်းကြီးလည်း ဖြစ်ရပ်အမှန်ကို ထင်လင်းစွာသိရပြီး သကာလ၊ စူဠနဂ္ဂဟအား လွန်စွာမှ နှစ်သက်အားရတော်မူ၏။ များစွာသော စည်းစိမ်အခြံအရံတို့ပေးကာ သူကောင်းပြု မြှောက်စားတော်မူ၏။ ထိုအခါတွင် ဗမ္ဗူဒိတ်ကျွန်းတစ်ခွင်၌ စူဠနဂ္ဂဟပဏ္ဍိတဟု ထင်ရှားပြီး၊ စစ်သူကြီးရာထူးကို ရရှိလေ၏။

ဤတွင် စူဠနဂ္ဂဟပဏ္ဍိတလည်း အယောင်ဆောင် ဘီမသေနကို ခေါ်ယူကာ ဆိုဆုံးမပြီး စရိတ်ရိက္ခာများပေးလျက် ၎င်းနေထိုင်ရာ ရက်ကန်းရွာသို့ ပြန်စေခဲ့လေသတည်း။

ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက် တရားနာ ပရိသတ်တို့အား

“ရဟန်းတို့ ...

ထိုစဉ်အခါက ဘီမသေနသည် ယခုအခါ သူတစ်ပါးတို့အပေါ် ကဲ့ရဲ့ရှုတ်ချသော ရဟန်းဖြစ်၍လာ၏”

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခါက ရှင်ဒွန္တဟာသည်ကား ... ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၈၁။ သုရာပါနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၁]

# သုရာပါနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ စမွယ်သီတင်းသုံးစဉ်က ဖြစ်၏။ တစ်နေ့သ၌ ဗုဒ္ဓဘုရားရှင်သည် ပုထုဇဉ်တို့၏ တန်ခိုးဣဒ္ဓိပတ်နှင့် ပြည့်စုံတော်မူသော ရှင်သာဂတမထေရ်အား အလုပ်အကျွေးအဖြစ် ခေါ်တော်မူ၍ ဘဒ္ဒဝတီ အမည်ရှိသော နိဂုံးရွာကလေးသို့ ဒေသစာရီ ကြွချီတော်မူခဲ့လေ၏။

အဆိုပါ ရွာအနီးသို့ ရောက်လေလျှင် တောအုပ်အတွင်း၌ သီတင်းသုံးကြလေ၏။ ထိုအခိုက် ရှင်သာဂတ မထေရ်လည်း ဘုရားရှင်၏ ခွင့်ပြုချက်အရ အမ္ဗတိတ္ထက ရသေ့ကျောင်း၌ လွန်စွာအဆိပ်ပြင်းထန်လှသည့် အမ္ဗတိတ္ထက နဂါးကြီးအား တန်ခိုးတော်ဖြင့် သရဏဂုံ၌ တည်စေခဲ့၏။ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမခဲ့၏။ ထို့နောက် ဘုရားရှင် ကောသမ္ဗီသို့ ပြန်ကြွ

www.burmeseclassic.com

www.burmeseclassic.com



လေသော်အခါ ရှင်သာဂတမထေရ်၏ နဂါးကြီးအပေါ် ဆုံးမခဲ့သော သတင်းသည် တိုင်းပြည်တစ်ခွင် ဇနပုဒ်အနှံ့ နှံ့၍ သွားလေတော့၏။

ထိုအခိုက် ကောသမ္ဗီပြည်၌ နေထိုင်ကြကုန်သော ဒါယကာအပေါင်းတို့သည် ဘုရားရှင်အား ဦးခိုက်ရှိခိုးပြီးလျှင် ရှင်သာဂတမထေရ်ထံသို့ ချဉ်းကပ်ကြလေ၏။ ထို့နောက် မထေရ်အား ...

"အရှင်မြတ်၊ အရှင်မြတ်တို့အတွက် ရနိုင်ခဲသော အရာဝတ္ထုကို မိန့်ဆိုတော်မူပါ။ တပည့်တော်တို့ မရရအောင် ရှာကြံ၍ ပေးလှူလိုပါသည် အရှင်ဘုရား"

ဟူ၍ လျှောက်ထားလေသောအခါ ရှင်သာဂတမထေရ်လည်း မည်သို့မျှ မိန့်ကြားတော်မမူဘဲ ဆိတ်ဆိတ်သာ သီတင်းသုံးနေတော်မူလေ၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလှူဒါနပြုလိုသော ဒါယကာတို့အား–

"ဒါယကာတို့၊ ငါတို့ရဟန်းများအတွက် ခို၏ ခြေပမာ အဆင်းရှိကုန်သော သေရည်ဟူသည် ရနိုင်ခဲ၏။ နှစ်လည်း နှစ်သက်ကြကုန်၏။ အကယ်၍ ဒါယကာတို့သည် ရှင်သာဂတမထေရ်အား ကြည်ညိုပါက အဆိုပါ ခိုခြေအဆင်းရှိသော သေရည်ကို လှူဒါန်းရန် စီစဉ်ကြပါလော့"

ဟူ၍ မိန့်ဆိုကြလေ၏။ ဒါယကာတို့လည်း ဘုရားရှင်အား နောက်နေ့အတွက် ဆွမ်းကပ်ရန် ဖိတ်ကြားကြကုန်၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆဗ္ဗဂ္ဂိရဟန်းတို့ မှာကြားထားသည့်အတိုင်း ခိုခြေအဆင်းရှိသော သေရည်တို့ကို စိမ်ထားကြကုန်၏။ ရှင်သာဂတမထေရ်ကိုမှ အိမ်သို့သီးခြား ပင့်ဖိတ်၍ အိမ်တိုင်း, အိမ်တိုင်း သေရည်တို့ကို ကပ်လှူကြကုန်၏။ ရှင်သာဂတမထေရ်လည်း သေရည်ကို သောက်မိသဖြင့် မူးယစ်ရီဝေကာ မြို့ပြင်သို့အထွက် အသိ, သတိ ကင်းလွတ်လျက် မြို့တံခါးကြား၌ တုံးလုံးပက်လက် လဲလေတော့၏။

မြတ်စွာဘုရားရှင်လည်း ဆွမ်းဘုဥ်းပေးပြီး၍ ပြန်ကြွတော်မူသောအခါ ရှင်သာဂတမထေရ် မြို့တံခါးကြား၌ လဲနေသည်ကို မြင်လေသော် ကျောင်းတော်ရှိရာသို့ သယ်ဆောင်စေ၍ ခြေတော်ရင်း၌ သိပ်ထားတော်မူလေ၏။ ရှင်သာဂတမထေရ်လည်း မူးမူးရူးရူးဖြင့် အိမ်ရာတစ်ပတ်လည်ပြီး ဘုရားရှင်ဘက်သို့ ခြေပေးကာ ကျိန်းစက်လေတော့၏။ ဤတွင် ဘုရားရှင်လည်း ကျောင်းတော်တွင် ရှိနေကြသော ရဟန်းတို့အား မေးတော်မူလေ၏။

"ချစ်သား ရဟန်းတို့၊ ရှင်သာဂတမထေရ်၏ ဖြစ်ပျက်ပုံကို ရှုကြည့်ပါကုန်လော့။ ၎င်းသည် ရှေးအခါကကဲ့သို့ ငါဘုရားရှင်အား ရိုသေသမှု ရှိပါသေး၏လော ..."

"အရှင်ဘုရား၊ ရိုသေသမှု မရှိတော့ပါဘုရား..."

"ချစ်သား ရဟန်းတို့၊ အမ္ဗတိတ္ထက နဂါးမင်းအား ဆုံးမသူမှာ မည်သူဖြစ်ပါသနည်း"

"အရှင်ဘုရား၊ ရှင်သာဂတမထေရ် ဖြစ်ပါသည် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားတို့၊ ယခုအခါ၌သာဆိုလျှင် ရှင်သာဂတ သည် နဂါးမင်းကို မဆိုထားလင့်။ ရေမြွေကိုပင် ဆုံးမနိုင်ပါ ဦးမည်လော..."

"မဆုံးမနိုင်တော့ပါ အရှင်ဘုရား..."

"ချစ်သားတို့၊ ဤသို့ဖြစ်ရခြင်း၏ ရင်းမြစ်ကား ဖောက်ပြန်တတ်သော သေရည်ကိုသောက်ခြင်းကြောင့် ဖြစ် ၏။ သို့ဖြစ်၍ ဖောက်ပြန်ချွတ်ယွင်း အမှတ်သညာတို့ ကင်းစေသော သေရည်အား သောက်သင့်ပါသလော..."

"မသောက်သင့်ပါ... အရှင်ဘုရား..."

ထိုအခါ မြတ်စွာဘုရားရှင်လည်း ရှင်သာဂတမထေရ်အား ကဲ့ရဲ့တော်မူ၏။ သည့်နောက် သေရည်မသောက်ကြရန်အတွက် သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

ထို့နောက် ရဟန်းတို့လည်း တရားသဘင်၌ ဆုံမိကြသည် ရှိသော်-

"ငါ့ရှင်တို့၊ သေရည်သောက်ခြင်းကား ပုထုဇဉ်တို့၏ တန်ခိုးပညာနှင့် ပြည့်စုံတော်မူသော ရှင်သာဂတမထေရ် သည်ပင် ဘုရားရှင်၏ ကျေးဇူးတော်ကို မသိနိုင်အောင် ဖြစ်သွားရ၏။ သေရည်သောက်ခြင်းကား အပြစ်ကြီးလှ ၏..."

စသည်ဖြင့် သေရည်သောက်ခြင်း၏ အပြစ်တို့အား ပြောဆို ကြသည်ကို ဘုရားရှင် ကြားသိတော်မူလေ၏။ ထိုအကြောင်း ခြင်းရာကို ဘုရားရှင် သိတော်မူသည့်အခါ-

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားရဟန်းတို့၊ ရှင်သာဂတသည် ယခုအခါ၌သာလျှင် သေရည်သောက်သဖြင့် ရဟန်းတို့၏ အသိ, သတိတို့ ကင်းလွတ်မည်မဟုတ်သေး။ ရှေးအခါကလည်း အသိ, သတိတို့ ကင်းလွတ်ခဲ့ဖူးလေပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိတိုင်း၌ ဥဒိစ္စပုဏ္ဏား လုလင်တစ်ယောက်သည် အရွယ်ရောက်သောအခါ ရသေ့ရဟန်း ပြုလေ၏။ ဈာန်အဘိညာဉ် ရရှိသောအခါ တပည့်ငါးရာ အခြံအရံဖြင့် ဟိမဝန္တာအရပ်၌ နေလေ၏။

မိုးကာလသို့ ရောက်ရှိလေသောအခါ ရသေ့ငါးရာတို့သည် ဆရာရသေ့အား ခွင့်ပန်၍ ချဉ်, ဆားမှီဝဲရန် အလို့ငှာ ဗာရာဏသီပြည်သို့ ထွက်ခဲ့ကြပြီး မင်းကြီး၏ ဥယျာဉ်၌ သီတင်းသုံးနေထိုင်ကြလေ၏။ နောက်တစ်နေ့နံနက်၌ မြို့တွင်းသို့ဝင်၍ ဆွမ်းခံကြလေသောအခါ မြို့သူမြို့သားအပေါင်းတို့မှာ ကြည်ညိုစိတ် ဖြစ်ပေါ်ပြီး ဆွမ်းတို့ကို လှူဒါန်းကြကုန်၏။ နှစ်ရက်, သုံးရက်ခန့် ကြာလေသော် မင်းကြီးလည်း ထိုသတင်းကို ကြားသိသွားလေ၏။ မင်းကြီးလည်း ရသေ့ငါးရာတို့အား ကြည်ညိုစိတ် ဖြစ်ပေါ်လာရကား ဥယျာဉ်သို့ ထွက်တော်မူလာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရသေ့တို့၊ မိုးတွင်း လေးလတာ ကာလပတ်လုံး ဤဥယျာဉ်၌ပင် သီတင်းသုံးကာ နေ့စဉ်နေ့တိုင်း နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူပါဘုရား..."

ဟူ၍ လျှောက်ထားလေ၏။ ရသေ့တို့လည်း ဆိတ်ဆိတ်နေကြပြီး ထိုအခါမှစ၍ နေ့စဉ်နေ့တိုင်း နန်းတော်သို့ ကြွတော်မူကာ ဆွမ်းဘုဉ်းပေးကြလေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်၌ သေရည်သောက်ပွဲသဘင်ကို တခမ်းတနား ဆင်ယင်ကျင်းပကြလေ၏။ မြို့သူမြို့သားအပေါင်းလည်း သေရည်ကား လွန်စွာမှ ရခဲ၏ဟုဆိုကာ ရသေ့တို့အား သေရည်များ လှူဒါန်းကြလေ၏။ ရသေ့တို့လည်း သေရည်အား သောက်မိပြီးသကာလ ဥယျာဉ်တော်သို့ ရောက်သည်နှင့် မူးယစ်မှုကြောင့် အသိသတိတို့ ကင်းလွတ်ကြကုန်၏။ အရက်, အကြောက်တို့ ကင်းစင်ကာ အချို့မှာ ကခုန်ကြ၏။ အချို့မှာ သီချင်းများကို အော်ဟစ်သီဆိုကြလေ၏။ အချို့မှာ သီချင်းဆိုရင်း ကခုန်ကြလေ၏။ အချို့ဆိုလျှင် ဆွမ်းခဲဖွယ်တို့အား ဖိ၍ အိပ်ပျော်သွားကြကုန်၏။

သေရည်များ အမူးပြေလေသောအခါ အရက်အကြောက်ကင်းမဲ့စွာဖြင့် ၎င်းတို့၏ ဖြစ်ပျက်ပုံ အလုံးစုံကို မြင်တွေ့ကြရလေသော်–

"ငါတို့သည် ရသေ့ရဟန်းဖြစ်ပါလျက်၊ မလျော်ကန်မသင့်မြတ်သော အပြုအမူတို့ကား ပြုခဲ့ကြလေပြီ။ စက်ဆုပ်ဖွယ် ကောင်းလေစွ"

ဟူ၍ ယူကြုံးမရဖြစ်ကာ ငိုယိုမြည်တမ်းကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကား... ဆရာအရှင်နှင့် ခွဲခွာ၍ နေမိသည့်အတွက် ဤကဲ့သို့ မကောင်းမှုကို ပြုမိကြခြင်း ဖြစ်ပေ၏"

ဟူ၍ဆိုကာ တစ်ခဏချင်းပင် မင်းဥယျာဉ်ကို စွန့်လွှတ်လျက် ဆရာရသေ့ သီတင်းသုံးနေသော ဟိမဝန္တာတောအုပ်သို့ ဝင်ကြလေ၏။ ဆရာရသေ့လည်း တပည့်ငါးရာတို့ ပြန်လာကြသည်ကို မြင်ရလေသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်–

"တပည့်တို့၊ လူတို့ မှီတင်းနေထိုင်သော မြို့၌ ဆွမ်းကွမ်းမျှတ လွယ်ကူပါ၏လော။ တစ်ပါးနှင့်တစ်ပါး ညီညီညွတ်ညွတ် ရှိပါ၏လော"

ဟူ၍ မေးမြန်းရာ ရသေ့တို့လည်း...

"အရှင်ရသေ့၊ တပည့်တော်တို့သည် တစ်ပါးနှင့်တစ်ပါး ညီညီညွတ်ညွတ် ရှိပါ၏။ ဆွမ်းကွမ်းလည်း မျှတပါ၏။ သို့ရာတွင် မသောက်သင့်သော သေရည်သေရက်ကိုကို သောက်မိသည့်အတွက် အသိ, သတိတို့ ကင်းလွတ်ကုန်ကြလျက် ကခုန်သီကြွေးခဲ့ရ၏။ အရူးပမာ အော်ဟစ်ငိုကြွေးခဲ့ကြ၏။ ယခု လတ်တလော မျောက်ဘဝသို့ ရောက်မသွားသည်မှာပင် ကံကောင်းလှပါ၏"

ဟူ၍ ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားကြလေ၏။ ဆရာရသေ့လည်း...

"တပည့်တို့၊ ဆရာနှင့်ကင်း၍ နေခြင်းသည် မကောင်းပေ။ နောင်ကို ဤကဲ့သို့ မဖြစ်ပါစေနှင့်"

ဟူ၍ အဆုံးအမပေး၏။ ထိုအဆုံးအမအတိုင်း သေရည်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှောင်၍ တရားမွေ့တို့ကို ကျင့်ကြံအားထုတ်သည်ရှိသော် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဤသို့ မြတ်စွာဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်–နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား ...

"ရဟန်းတို့ ...

ထိုစဉ်အခါက တပည့်ရသေ့အပေါင်းသည် ယခုအခါ ငါဘုရားရှင်၏ ပရိသတ်တို့ ဖြစ်လာ၏။ ထိုစဉ်က ဆရာရသေ့သည် ယခုအခါ၌ ငါဘုရားရှင် ဖြစ်လာပေ၏"

ဟူ၍ ဆိုမိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၈၂။ မိတ္တဝိန္ဒကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၂]

# မိတ္တဝိန္ဒကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။ ထိုအခါ ဘုရားရှင်၏ သာသနာတော်၌ ဆိုဆုံးမရခက်ခဲသော ရဟန်းတစ်ပါး ရှိလေ၏။

[ဤဝတ္ထုကား ကဿပဘုရားရှင် လက်ထက်က ဖြစ်ပွားခဲ့၏။ ဇာတ်အကျယ်ကို ဒသကနိပါတ်၊ စတုဒွါရဇာတ်မဟာ 'မိတ္တဝိန္ဒက'တွင် ပြည့်စုံစွာ ဖော်ပြပါမည်။ ပြုစုသူ]

နတ်မင်းသည် မိတ္တဝိန္ဒကအား ထင်ရှားစွာ အယောင်ပြလျက်-

"အချင်း ... မိတ္တဝိန္ဒက၊ သင်ကား ဖလ်ပြာသာဒ်၊ ရွှေပြာသာဒ်၊ ပတ္တမြား ပြာသာဒ်တို့ကို ကျော်လွန်လာ သင်ခုန်းစက်ငရဲသို့ ရောက်ခဲ့ပေပြီ။ မကောင်းမှု အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



များ မကုန်မချင်း မသေဘဲ ငရဲခံရတော့မည်။ သင်သည် သင်ခုန်းစက်ငရဲမှ ကင်းလွတ်လိမ့်မည် ... မဟုတ်"

ဟူ၍ ပြင်းထန်စွာ ပေးပြီးနောက် ကိုယ်ယောင်ဖျောက်ကာ စံပျော်ရာ နတ်နန်းသို့ ကြွမြန်းလေ၏။

မိတ္တဝိန္ဒကလည်း နတ်မင်း၏ ပြောဆိုစကားအတိုင်း သင်ခုန်းစက်ကို ဦးခေါင်းဖြင့်ရွက်ကာ ကြီးစွာသော ငရဲကို ခံစားရလေ၏။ မကောင်းမှု မကုန်မချင်း မသေဘဲ သင်ခုန်းငရဲကို ဆင်းရဲခြင်းကြီးစွာ ခံစားရလေ၏။ မကောင်းမှုများ ကုန်စင်သွားသောအခါမှ ကံအားလျော်စွာ လားရလေသတည်း။

ဘုရားရှင်လည်း ဤကဲ့သို့ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာ ရဟန်းပရိသတ်တို့အား ...

"ရဟန်းတို့ ...

ထိုစဉ်အခါက မိတ္တဝိန္ဒကသည် ယခုအခါ ဆိုဆုံးမရခက်ခဲသော ရဟန်းဖြစ်လာ၏။

ထိုစဉ်အခါက နတ်မင်းသည် ယခုအခါ ငါဘုရားရှင်ဖြစ်လာ၏"


ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## ၈၃။ ကာဠကဏ္ဏိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၃]

## ကာဠုကဏ္ဍိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ်က အနာထပိဏ် သူဌေးနှင့် ငယ်စဉ်က တည်းကပင် ကစားဖော်ကစားဘက်၊ ပညာသင်ကြားဘက် ဖြစ်သော အဆွေခင်ပွန်းတစ်ဦး ရှိလေ၏။ ၎င်း၏အမည်မှာ ကာဠုကဏ္ဍိ ဖြစ်လေ၏။

ကာဠုကဏ္ဍိသည် အခါတစ်ပါး၌ လွန်စွာမှ ဆင်းရဲမွဲတေသွားသည့်အတွက် မည်သည့်အသက်မွေးဝမ်းကြောင်းမှု မပြုနိုင်တော့ဘဲ အဆွေခင်ပွန်း ဖြစ်သော အနာထပိဏ် သူဌေးထံသို့ ရောက်ရှိသွားခဲ့လေ၏။ အနာထပိဏ် သူဌေးလည်း ကာဠုကဏ္ဍိ

www.burmeseclassic.com

www.burmeseclassic.com



အား နှစ်သိမ့်လျက် လခရိက္ခာတို့ကို ထောက်ပံ့လေ၏။ ၎င်း၏ ဥစ္စာပစ္စည်းတို့ကို ထိန်းသိမ်းစောင့်ရှောက်စေ၏။ ကာဠကဏ္ဏီအား မျက်နှာမငယ်ရစေဘဲ ပြည့်ဝစွာ ပံ့ပိုးပေးထားရာ ကာဠကဏ္ဏီသည် အနာထပိဏ် သူဌေးအပေါ်ဝယ် ကျေးဇူးသစ္စာတို့ကို စောင့်သိ၏။ အနာထပိဏ်၏ အလုံးစုံသော အမှုကိစ္စမှန်သမျှအား ပြည့်ဝစွာ ထမ်းဆောင်ပေးလေ၏။

ထိုအခါ အနာထပိဏ် သူဌေးထံသို့ ၎င်း၏ ဆွေမျိုးအပေါင်းတို့ ရောက်ရှိလာကြလေ၏။ ၎င်းတို့သည် ကာဠကဏ္ဏီအပေါ်၌ ကြည်ဖြူနှစ်သက်မှု မရှိကြပေ။ ထို့ကြောင့်လည်း–

"သူဌေးမင်း၊ ကာဠကဏ္ဏီအား သူဌေးမင်းထံ၌ ခေါ်ယူထားဖို့ မသင့်ပါ။ 'ကာဠကဏ္ဏီ' ... 'ကာဠကဏ္ဏီ' ... ဟူ၍ ခဏခဏ ခေါ်ရခြင်းကပင် ကျက်သရေ မင်္ဂလာမရှိ။ ဆင်းရဲလှပါဘိ။ ဤသို့ မကောင်းသော နာမည်ပိုင်ရှင် ကာဠကဏ္ဏီ ရှိနေခြင်းကား သူဌေးမင်းအတွက် အကျိုးယုတ်ဖို့သာ ဖြစ်ပါ၏"

ဟူ၍ ပြောဆိုကြကုန်၏။ ထိုအခါ အနာထပိဏ်က–

"အဆွေတို့၊ လောက၌ကျက်သရေယုတ်သော အမည်ကို မှည့်ခေါ်ထားသော်ငြား ထိုသူသည် ယုတ်ချင်မှ ယုတ်ပေလိမ့်မည်။ ထို့အတူ ကျက်သရေမင်္ဂလာ ပြည့်ဝစွာ မှည့်ခေါ်ထားပါလျက်၊ ထိုသူသည် ကျက်သရေမင်္ဂလာနှင့် ပြည့်ဝချင်မှ ပြည့်ဝပေလိမ့်မည်။ အမည်သညာဆိုသည်မှာ ခေါ်ဝေါ်၍ ကောင်းအောင် မှည့်ထားခြင်းသာ ဖြစ်ပေ၏။ ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတို့ အနေဖြင့် ထိုအမည်သညာအပေါ်၌ ခွဲခြားဆန်းစစ်၍ မနေပေ။ ငါ၏ မိတ်ဆွေအမည်မှာ ကျက်သရေကင်းလှစွာ 'ကာဠကဏ္ဏိ' ဖြစ်ပေသော်ငြား၊ သူသည် ငါနှင့် ကစားဘက် ဖြစ်ခဲ့၏။ ကျောင်းနေဘက် ဖြစ်ခဲ့၏။ ဤသို့သော ငယ်သူငယ်ချင်း အဆွေခင်ပွန်းကို စွန့်မပစ်နိုင်ပါ" ဟူ၍ တုံ့ပြန်ပြောဆိုခဲ့လေ၏။

တစ်နေ့သ၌ အနာထပိဏ်သည် ကာဠကဏ္ဏိအား အိမ်စောင့်ထားလျက် ၎င်းအပိုင်စားရသော ရွာသို့ သွားလေ၏။ ဤတွင် သူခိုးတို့သည် အိမ်ဂေဟာ၌ သူဌေးကြီး အနာထပိဏ် မရှိသဖြင့် အခွင့်အလမ်းသာပေပြီဟု ထင်မှတ်ကာ ညအချိန်ရောက်သည်ရှိသော် လက်နက်တို့ကို ကိုင်စွဲလျက် သူဌေးကြီးအိမ်ဂေဟာကို ဝိုင်းကြလေ၏။

ထိုအဖြစ်ကို ကာဠကဏ္ဏိ သိလေသောအခါ အိမ်ဂေဟာအတွင်းရှိလူများ နိုးကြစေရန် အမှုလုပ်သူတို့အား ...'သင်က ခရုသင်းမှုတ်ပါ'... 'သင်က... စည်ကိုတီးပါ' စသဖြင့် အိမ်ဂေဟာတစ်ခုလုံး ဆူညံ၍သွားစေရန် စီစဉ်ညွှန်ကြားလေ၏။ စီစဉ်ညွှန်ကြားသည့်အတိုင်း ခရုသင်းမှုတ်သံ၊ စည်တီးသံတို့ ကျယ်လောင်စွာ ပေါ်ထွက်လာသဖြင့် သူခိုးတို့လည်း သူဌေးကြီး ရှိနေသည်ဟု မှတ်ထင်လျက် လက်နက်တို့ကိုစွန့်ကာ ကိုယ်လွတ်ရန်း ပြေးကြပါလေ၏။

နောက်ရက်၌ အနာထပိဏ်သူဌေး ပြန်ရောက်လာလေသော် အိမ်သူအိမ်သား အပေါင်းက–

www.burmeseclassic.com

www.burmeseclassic.com



"အရှင် ... သူဌေးမင်း၊ အရှင်သူဌေးမင်း၏ မိတ်ဆွေ ကာဠကဏ္ဏိသည် အစီအမံကောင်းသူ ဖြစ်ပါ၏။ ၎င်းအစီအမံ ကောင်းမှုကြောင့် သူဌေးကြီး အိမ်သို့ ဝိုင်းလာကြသော သူခိုးအပေါင်းမှာ လက်နက်တို့ကိုစွန့်၍ ထွက်ပြေးကြရပါ၏"

ဟူ၍ သူ့ထက်ငါ ပြောဆိုကြလေ၏။ ထိုအခါ သူဌေးကြီးလည်း ကာဠကဏ္ဏိအပေါ်၌ မာနလိုမရှုစိမ့်နိုင်ကြသော ဆွေမျိုးအပေါင်းအား ...

"အမောင်တို့၊ ငါ၏မိတ်ဆွေ ကာဠကဏ္ဏိ၏ အရည်အသွေးကို တွေ့မြင်ကြရပြီ မဟုတ်လော။ အကယ်တန္တု ငါသည် သင်တို့၏စကားကို နားယောင်၍ ကာဠကဏ္ဏိအား နှင်ထုတ်မိခဲ့ပါလျှင် ငါ၏ဥစ္စာစည်းစိမ်တို့မှာ ခိုးသူတို့ လက်တွင်းသို့ ပါသွားပေရော့မည်။ သည့်အတွက် လူတစ်ယောက်၌ အမည်နာမသည် အရင်းခံမကျပေ။ စိတ်ဓာတ် အရင်းခံသည်သာ ပဓာနကျပေ၏"

ဟူ၍ ပြောဆိုပြီးလျှင် အဆွေခင်ပွန်းကောင်းဖြစ်သော ကာဠကဏ္ဏိအား လခရိက္ခာတိုး၍ ချီးမြှင့်လေ၏။

ဤတွင် သူဌေးကြီးလည်း စကားလက်ဆောင် ရပေပြီဟူ၍ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ပြီး ကာဠကဏ္ဏိ အကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က

"သူဌေးကြီး၊ ကာဠကဏ္ဏိသည် ၎င်း၏အဆွေခင်ပွန်းနှင့် ပတ်သက်သော ဥစ္စာပစ္စည်းတို့ကို ယခုမှသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်သည်မဟုတ်။ ရှေးအခါကလည်း စောင့်ရှောက်ဖူးပေပြီ”

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဗာရာဏသီ သူဌေးထံ၌ ကာဠကဏ္ဏီ အမည်ရှိသော အဆွေခင်ပွန်းတစ်ဦး ရှိလေသည်။

(အဆိုပါ ကာဠကဏ္ဏီနှင့် စပ်လျဉ်း၍ ဗာရာဏသီ သူဌေး၏ ဆွေမျိုးတို့က မနှစ်သက်ကြ။ သို့ရာတွင် ဗာရာဏသီ သူဌေး ခရီးထွက်စဉ် အိမ်၌ကျန်ရစ်သော ကာဠကဏ္ဏီက ခိုးသူတို့ရန်မှ ကင်းဝေးအောင် စီမံဆောင်ရွက်ခဲ့၏။ ပစ္စုပ္ပန်ဝတ္ထုနှင့် အတူတူဖြစ်၏)

ဗာရာဏသီ သူဌေးလည်း ခရီးထွက်ရာမှ ပြန်ရောက်ပြီး အကျိုးအကြောင်းကို သိလေသော် ဆွေမျိုးအပေါင်းအား–

“အမောင်တို့၊ အတူတကွ ခုနစ်ဖဝါး လှမ်းသွားဖူးသူသည် အဆွေခင်ပွန်းဖြစ်၏။ အတူတကွ ဆယ့်နှစ်ဖဝါး လှမ်းသွားဖူးသူသည် အပေါင်းအဖော်ဖြစ်၏။ လခွဲမျှ အတူတကွ နေထိုင်ဖူးသူသည် ဆွေမျိုးဖြစ်၏

ထို့ထက်အလွန် အတူတကွ ပေါင်းဖက်နေထိုင်ဖူးသူမှသာ ကိုယ်နှင့်တူသူ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမောင်တို့ ...

ငါ၏ စီးပွားဥစ္စာမှန်သမျှသည် ကာဠုကဏ္ဍိသာ မရှိပါက ဆုံးရှုံးခြင်းနှင့် ကြုံရပေလိမ့်မည်။ ငါနှင့် ငယ်စဉ်ကာလကတည်းက ရှည်ကြာမြင့်စွာ အတူတကွ ပေါင်းဖက်နေထိုင်ဖူးသော ကာဠုကဏ္ဍိအား ငါသည် အဘယ်ကြောင့် စွန့်စပ်ရမည်နည်း"

ဟူ၍ ပြောဆိုဆုံးမလေ၏။ ဆွေမျိုးအပေါင်းမှာလည်း ကာဠုကဏ္ဍိ၏ အကြောင်းကို သူဌေးကြီးအား နောက်ထပ် ပြောဆိုရန် မဝံ့တော့ဘဲ ရေငုံနှုတ်ပိတ်နေကြကုန်၏။ သူဌေးကြီးလည်း ကာဠုကဏ္ဍိအား အဆွေခင်ပွန်းကောင်းတို့၏ ဝတ္တရားနှင့်အညီ ဆက်လက်၍ ချီးမြှင့်မြှောက်စားပါလေသတည်း။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာရဟန်း ပရိသတ်တို့အား ...

"ရဟန်းတို့ ...

ထိုစဉ်အခါက ကာဠုကဏ္ဍိသည် ယခုအခါတွင် အာနန္ဒာဖြစ်၍လာ၏။ ဗာရာဏသီ၏ သူဌေးကား ငါဘုရားရှင်ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုတော်မူကာ ဇာတ်ကို ပေါင်းပါလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၈၄။ အတ္ထသဒ္ဒါရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၄]

# အတ္ထသဒ္ဒါရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က ဖြစ်၏။

သာဝတ္ထိပြည်၌ပင် သူဌေးတစ်ဦး၏ ခုနစ်နှစ်အရွယ်ရှိ သားငယ်သည် ပညာရှိ၏။ အကျိုးစီးပွား၌ လိမ္မာကျွမ်းကျင်၏။ တစ်နေ့သ၌ ထိုသူဌေးသားငယ်သည် ဖခင်သူဌေးကြီးထံ ချဉ်းကပ်၍ အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းအတွက် မေးမြန်းလေ၏။ ဖခင်သူဌေးကြီးမှာ မဖြေဆိုနိုင်ပေ။ သည့်အတွက် သားငယ်အား မြတ်စွာဘုရားရှင်ထံသို့ ခေါ်ဆောင်သွားလေ၏။ ဘုရားရှင်အား ဖူးမြော်ပြီးနောက် သူဌေးကြီးသည် ဘုရားရှင်အား–

"အရှင်ဘုရား၊ ဤသူငယ်သည် တပည့်တော်၏ ရင်နှစ်သည်းချာ သားရတနာ ဖြစ်ပါ၏။ သူသည် တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်အား အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်း အတွက် အကြောင်းပြဿနာကို မေးမြန်းလာရာ တပည့် တော်အနေဖြင့် မဖြေကြားနိုင်ဘဲ ဖြစ်နေရပါ၏။ သည့် အတွက် ... ဘုရားရှင်ထံမှောက် ရောက်ရှိလာရခြင်း ဖြစ် ပါသည်။ သနားကရုဏာ ရှေ့ထား၍ သားငယ်သိလိုသော ပြဿနာအား ဖြေကြားပေးတော်မူပါဘုရား...”

ဟူ၍ တင်ပြလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရား ရှင်က–

“သူဌေးကြီး၊ ဤသူငယ်သည် ရှေးအခါကလည်း ထို ပြဿနာကို ငါ့အား မေးခဲ့ဖူး၏။ ငါလည်း ဖြေကြားပေးခဲ့ ဖူး၏။ ဤသူငယ်ကား ပြဿနာ၏ အဖြေကို သိခဲ့ဖူး၏။ ယခုအခါ ဘဝတစ်ပါးသို့ ကူးပြောင်းလာလေသည့်အတွက် ပြဿနာ၏ အဖြေကို မသိရခြင်း ဖြစ်ပေ၏”

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဗာရာဏသီ သူဌေးကြီး၏ထံ ခုနစ်နှစ်အရွယ် သူဌေးသားငယ် ရှိ၏။ ထိုသူဌေးသားငယ်ကား ပညာရှိ၏။ အကျိုးစီးပွား၌ လိမ္မာကျွမ်းကျင်၏။

တစ်နေ့သ၌ သူဌေးသားငယ်သည် ဖခင်သူဌေးကြီးထံ ချဉ်း ကပ်လျက်–

www.burmeseclassic.com

www.burmeseclassic.com



"ဖခင်၊ အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းကို သိလိုပါ၏"

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ဖခင်သူဌေးကြီးက–

"ချစ်သား ...

အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းအတွက် အခြေခံအချက် (၆) ချက် ရှိပေ၏။ ၎င်းတို့ကား ...

(၁) အနာရောဂါ မရှိခြင်း
(၂) အကျင့်သီလနှင့် ပြည့်စုံခြင်း
(၃) ပညာရှိတို့၏ အဆုံးအမ ဩဝါဒကို လိုက်နာခြင်း
(၄) အကြားအမြင်များခြင်း
(၅) သုစရိုက်သုံးပါးကို ကျင့်ခြင်း
(၆) မပျင်းရိခြင်း

စသည်တို့ ဖြစ်ကြပေ၏"

ဟူ၍ ဖြေကြားလေ၏။ သူဌေးသားငယ်လည်း အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်း အခြေခံအချက်များကို မှတ်သားနာယူကာ ကျင့်ကြံအားထုတ်လေ၏။ ဖခင် သူဌေးကြီးလည်း ကုသိုလ်ကောင်းမှုများနှင့် မွေ့လျော်ပြီး သေလွန်သည်ရှိသော် ကောင်းရာသုဂတိသို့ လားရလေ၏။

ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် တရားနာရ ပရိသတ်တို့အား ...

www.burmeseclassic.com

www.burmeseclassic.com




"ရဟန်းတို့၊ ထိုစဉ်အခါက သူဌေးသားငယ်သည် ယခုအခါ ဤသူဌေးသားငယ် ဖြစ်လာ၏။ ထိုစဉ်က ဗာရာဏသီ သူဌေးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏" ဟူ၍ မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## ၈၅။ ကိံပက္ကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၅]

# ကိံပက္ကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုကာလ၌ သာသနာတော်တွင် အသက်စွန့်၍ ရဟန်းပြုသော အမျိုးကောင်းသား ရဟန်းတစ်ပါး ရှိလေ၏။

ထိုရဟန်းသည် သာဝတ္ထိမြို့အတွင်းသို့ ဆွမ်းခံသွားရာ မွမ်းမံဆင်ယင်ခြယ်သထားသော မိန်းမပျိုတစ်ယောက်ကို တွေ့မြင်မိပြီး စွဲလမ်းသံယောဇဉ်စိတ်တို့ ဝင်ရောက်လာခဲ့၏။ ဤသို့ဖြင့် သာသနာတော်၌ မပျော်မမွေ့တော့ဘဲ ပျင်းရိငြီးငွေ့လာခဲ့ရာ သီတင်းသုံးဖော် ရဟန်းတို့က အဆိုပါရဟန်းအား ဘုရားရှင်ထံမှောက် ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းကို တင်ပြလျှောက်ထားကြလေ၏။ ထိုအခါ ဘုရားရှင်က–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား ရဟန်း၊ ကာမဂုဏ်ငါးပါး မည်သည်ကား ခံစားရသော ကာလ၌ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော်လည်း အပါယ်ပဋိသန္ဓေကို ပေးတတ်ကုန်၏။ အဆိပ်သီးကို စားရခြင်းနှင့်လည်း တူ၏။

အဆိပ်သီးတို့မည်သည် စားရသောအခါ၌ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော်လည်း အသည်းအူတို့ပြတ်ကာ သေဆုံးရတတ်၏။ ရှေးအခါက သူမိုက်တို့သည် အဆိပ်သီးကို စား၍ အသက်ကုန်ခြင်းသို့ ရောက်ခဲ့ဖူးပေပြီ" ဟူ၍ မိန့်ဆိုတော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် လှည်းမှူးတစ်ယောက် ရှိလေ၏။ ထိုလှည်းမှူးသည် လှည်းငါးရာတို့အား ဦးဆောင်လျက် အနောက်အရပ်သို့ ထွက်ခွာလာခဲ့ရာ တောအုပ်တစ်ခုသို့ ရောက်လေ၏။ ဤတွင် လှည်းသမားတို့ကို ခေါ်ယူစုပေးစေလိုက်ပြီး–

"အမောင်တို့ ဤတောအုပ်၌ အဆိပ်သီးများ ရှိပေ၏။ မစားဖူးသော သစ်သီးတို့ကို တွေ့ပါက ငါ့အား မမေးမမြန်းဘဲ မစားသောက်ကြလေနှင့်"

ဟူ၍ သတိပေး ပြောကြားထားလေ၏။

သို့ဖြင့် လှည်းသမားတို့လည်း တောအုပ်သို့ဝင်လေလျှင် အသီးများ ခိုင်ညွှတ်ပွတ်တွဲနေသည့် အဆိပ်ပင်ကြီး တစ်ပင်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လေ၏။ ပင်စည်,အကိုင်း,အခက်,အရွက်,အပွင့်,အသီး အနံ့ အရသာတို့သည် သရက်ပင်နှင့် ခွဲခြား၍ မရလောက်အောင် တူပေ၏။ အချို့သော လှည်းသမားတို့သည် အဆင်း၊ အနံ့၊ အရသာတို့၌ တပ်မက်ကြလျက် သရက်သီးအမှတ်ဖြင့် ခူးဆွတ် စားသောက်ကြလေ၏။ အချို့သော လှည်းသမားများမှာမူ သရက်သီး ဟုတ်မဟုတ် လှည်းမှူးကို မေးရမည်ဟုဆိုကာ မစားမသောက်ဘဲ နေကြကုန်၏။

လှည်းမှူး ရောက်လာသောအခါ အဆိပ်သီးမှန်းသိ၍ ခူးဆွတ်ပြီး မစားမသောက် ရသေးသော သူတို့၏လက်မှ အဆိပ်သီးတို့ကို စွန့်ပစ်စေ၏။ စားသောက်ပြီး သူတို့အား အော့အန်ဆေးကို တိုက်ကျွေးပြီး အော့အန်စေကုန်၏။ ရှေးဦးပိုင်း စားသောက်မိကြသော သူတို့မှာ အခါနှောင်းပြီ ဖြစ်သဖြင့် ဆေးမတိုးတော့ဘဲ အဆိပ်မိပြီး အသက်ဆုံးကြကုန်၏။ လှည်းမှူးလည်း ကွယ်လွန်သူတို့ကို ကောင်းစွာသင်္ဂြိုဟ်ပြီး ကျန်လှည်းသားတို့နှင့် ခရီးဆက်လက် ထွက်ခွာလာလေတော့သတည်း။

အဆိုပါ ဒေသနာတော် ဆုံးလေသော် သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။ အခြားသော တရားနာ ရဟန်းပရိသတ်တို့လည်း အချို့သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ဘုရားရှင်လည်း ဤကဲ့သို့ အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေဆက်စပ်လျက် တရားနာရဟန်း ပရိသတ်တို့အား–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ ...

ထိုစဉ်အခါက လှည်းသမားတို့သည် ယခုအခါ ငါဘုရားရှင်၏ ပရိသတ်တို့ ဖြစ်လာကြ၏။ လှည်းမှူးမှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၈၆။ သီလဝီမံသဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၆]

# သီလဝီမံသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သီလကို စုံစမ်းတတ်သော ပုဏ္ဏားတစ်ဦး ရှိလေ၏။

ထိုပုဏ္ဏားသည် ရတနာသုံးပါးကို ကြည်ညို၏။ သီလတရားကို စောင့်စည်း၏။ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်၏။ သူသည် ကောသလမင်းကြီးထံ၌ ခစားရင်း အသက်မွေးမြူလေ၏။ မင်းကြီးသည် ထိုပုဏ္ဏားအား လွန်စွာမှ မြတ်နိုးတော်မူလေ၏။

တစ်နေ့သ၌ ထိုပုဏ္ဏား၏စိတ်၌ အကြံတစ်ခု ဖြစ်ပေါ်၏။

ထိုအကြံကား ...

"မင်းကြီးသည် အားလုံးသော ပုဏ္ဏားတို့ထက် ငါ့အား ပို၍ မြတ်နိုးတော်မူ၏။ တန်ဖိုးလည်း ထားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးကား ငါ၏အမျိုးဇာတ်ကို မှီ၍ မြတ်နိုးလေသလော၊ အတတ်ပညာကို မှီ၍ မြတ်နိုးသလော၊ အကျင့်သီလကိုမှီ၍ မြတ်နိုးသလော၊ အဘယ်အရာကိုမှီ၍ မြတ်နိုးသည်ကို သိရအောင် ငါစုံစမ်းရမည်”

ဟူ၍ဖြစ်၏။ ထို့နောက် မင်းခစားရာမှအပြန် ရွှေပန်းထိမ်သည်ထံသို့ သွား၍ မည်သို့မျှ ပန်ကြားတောင်းခံခြင်း မပြုဘဲ အသပြာတစ်သပြာကို နှိုက်ယူ၍သွားလေ၏။ ရွှေပန်းထိမ်သည်က အသပြာယူသွားသည်ကို သိသော်လည်း လေးစားရှိသေသဖြင့် မည်သို့မျှ စကားမဆိုဘဲ ဆိတ်ဆိတ်သာနေလေ၏။ နောက်ရက် ရောက်လေသော နှစ်အသပြာကို နှိုက်ယူသွားလေ၏။ ပန်းထိမ်သည်လည်း ဆိတ်ဆိတ်သာ နေပြန်၏။ နောက်တစ်ရက် ရောက်ပြန်လေသောအခါ အသပြာကို လက်တစ်ဆုပ်နှိုက်၍ ယူသွားပြန်လေ၏။ ထိုအခါတွင်မူ ရွှေပန်းထိမ်သည်လည်း သည်းမခံနိုင်တော့ဘဲ “သူခိုး ... သူခိုး” ဟူ၍ အော်ဟစ်လျက် နှစ်ချက်, သုံးချက်ခန့် ရိုက်နှက်ကာ ဖမ်းဆီးတုပ်နှောင်ပြီး မင်းကြီးထံသို့ ပို့လေ၏။

မင်းကြီးလည်း ပုဏ္ဏားကို မြင်လေသောအခါ နှလုံးမသာမယာဖြစ်ပြီး–

“အသင်ပုဏ္ဏား၊ အဘယ်ကြောင့် အသပြာတို့အား ခိုးယူပေါ်သနည်း”

ဟူ၍ မေးလေ၏။ ပုဏ္ဏားလည်း ဖြေလေ၏။

“အရှင်မင်းကြီး၊ အကျွန်ုပ်ကား သူခိုးမဟုတ်ပါ”

www.burmeseclassic.com

www.burmeseclassic.com



"အသင်ပုဏ္ဏား၊ အသင်သည် သူခိုးမဟုတ်ဟုဆိုပါက အဘယ်ကြောင့် ရွှေပန်းထိမ်သည်ထံမှ အသပြာတို့အား ခိုးယူရလေသနည်း"

"အရှင်မင်းကြီး၊ အရှင်မင်းကြီးကား အကျွန်ုပ်အပေါ်တွင် လွန်စွာမှ မြတ်နိုးတော်မူသူ ဖြစ်ပါ၏။ ထိုသို့ မြတ်နိုးရာ၌ အဘယ်ခြင်းရာပေါ် အကြောင်းပြု၍ မြတ်နိုးရခြင်းဖြစ်ကြောင်းကို သိလိုသဖြင့် စုံစမ်းခြင်းသာ ဖြစ်ပါ၏။ ယခုမူ သီလကို အခြေပြု၍ မြတ်နိုးခြင်းဖြစ်ကြောင်းကို သိရှိရပါပြီ။

အရှင်မင်းကြီးအနေဖြင့် အကျွန်ုပ်အပေါ်၌ မင်းအာဏာအရ ဒဏ်ခတ်တော်မူပါ။ အပြစ်ခံယူတော်မူပြီးသည့်နောက် အကျွန်ုပ်သည် လူ့ဘောင်တွင် မနေတော့ဘဲ ရဟန်းဘောင်သို့ ကူးပြောင်းကာ မြင့်မြတ်သော သီလကို စောင့်ထိန်းလျက် တရားဘာဝနာများ ပွားများပါတော့အံ့"

မင်းကြီးလည်း အဖြစ်မှန်ကို သိသွားသည့်အတွက် ပုဏ္ဏားအပေါ်၌ အပြစ်မယူခဲ့ပေ။ ပုဏ္ဏားလည်း မင်းကြီးထံ ခွင့်ပန်ပြီး ဘုရားရှင်ထံ သွားရောက်လျက် ရဟန်းပြုလေ၏။ ဝိပဿနာတရားတို့ကို ကျင့်ကြံအားထုတ်သည်ရှိသော် မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်လေတော့၏။

ရဟန်းတို့လည်း တရားသဘင်၌ ဆုံမိကြသည့်အခိုက် ထိုရဟန်းအကြောင်းကို ပြောဆိုကြလေရာ ဘုရားရှင် သိတော်မူသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ အဆိုပါ ပုဏ္ဏားသည် ၎င်း၏သီလကို စုံစမ်းလျက် ရဟန်းပြုကာ ၎င်း၏ ကိုးကွယ်ရာကို ယခုမှသာ ပြုသည်မဟုတ်။ ရှေးပညာရှိတို့လည်း ၎င်းတို့၏ သီလကို စုံစမ်း၍ ရဟန်းပြုကာ ကိုးကွယ်ရာ အစစ်အမှန်ကို ရှာဖွေခဲ့ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်းထံ ပုရောဟိတ်ပုဏ္ဏားတစ်ဦး ရှိလေ၏။ ထိုပုရောဟိတ် ပုဏ္ဏားသည် အလှူပေးခြင်း၌ မွေ့လျော်၏။ ငါးပါးသီလကို လုံခြုံစွာထိန်းသိမ်း၏။ သည့်အတွက် မင်းကြီးလည်း အခြားအခြားသော ပုရောဟိတ်ပုဏ္ဏားတို့ထက် အဆိုပါ ပုရောဟိတ်ပုဏ္ဏားအပေါ်တွင် ပို၍မြတ်နိုးလေ၏။

ပုရောဟိတ်ပုဏ္ဏား မင်းကြီးအနေဖြင့် ၎င်းအပေါ် မည်သည့်ကြောင်းခြင်း အရာပေါ်မူတည်လျက် မြတ်နိုးခြင်းဖြစ်မှုကို သိလိုသဖြင့် စုံစမ်းမည်ဟု ဆုံးဖြတ်ပြီး မင်းကြီး၏ဥစ္စာတို့အား သုံးကြိမ်တိုင်တိုင် ခိုးယူလေ၏။ ထိုအခါတွင် မင်းချင်းတို့သည် ပုရောဟိတ်ပုဏ္ဏားအား တုပ်နှောင်ဖမ်းဆီးပြီး မင်းကြီးထံ ပို့ဆောင်လေ၏။ ခရီးလမ်းမခွတ်လတ်၌ မြွေအလမ္ပာယ်သမားကို မြင်လေသောအခါ -

www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့၊ မြွေကို အမြီးက မကိုင်လေနှင့်။ လည်ပင်း၌လည်း မရစ်ပတ်ကြနှင့်။ သင်တို့ကို ကိုက်သတ်ပါလိမ့်မည်"

ဟူ၍ ပြောဆိုလေသည်။ ထိုအခါ မြွေအလမ္ပာယ်သမားက–

"ပုဏ္ဏားကြီး၊ ကျွန်ုပ် မွေးမြူထားသော မြွေကား အကျင့်သီလရှိ၏။ သင်ကဲ့သို့ မဟုတ်။ သင်ကား မင်းကြီး၏ ဥစ္စာကို ခိုးဝှက်ယူသည့်အတွက် သီလကင်းမဲ့သည့်အတွက် ရာဇဝတ်သင့်ပြီ မဟုတ်လော..."

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ပုဏ္ဏားလည်း ...

"တိရစ္ဆာန်မြွေ ဖြစ်ပါလျက် ကိုက်ခဲညှဉ်းဆဲခြင်း မရှိသည့်အတွက် သီလရှိသည်ဟု မှတ်ထင်ခြင်း ခံရသေး၏။ လူဖြစ်ပါမူ ဆိုဖွယ်ရာမရှိတော့။ ထို့ကြောင့် သီလသည် မြတ်ပါဘိ၏။ သီလထက် မြတ်သောတရား မရှိတော့ပါတကား"

ဟူ၍ အတွေးဝင်မိလေ၏။ သို့ဖြင့် နန်းတော်သို့ ရောက်လေသော် မင်းကြီးသည် အံ့အားတသင့် ဖြစ်သွားပြီး–

"မင်းချင်းတို့၊ ငါ၏ပုရောဟိတ် ပုဏ္ဏားကို အဘယ့်ကြောင့် တုပ်နှောင်ဖမ်းဆီး ခေါ်ဆောင်လာရပါသနည်း"

ဟူ၍ မေးမြန်းလေ၏။ မင်းချင်းတို့က ...

"အရှင်မင်းကြီး၊ ဤပုရောဟိတ် ပုဏ္ဏားသည် အရှင်မင်းကြီး၏ ဥစ္စာတို့အား ခိုးယူသည့်အတွက် ဖမ်းဆီးလာရခြင်း ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက–

www.burmeseclassic.com

www.burmeseclassic.com



"ခိုးသူဖြစ်လျှင် မင်း၏အာဏာအတိုင်း ပြုကြကုန်လော့"

ဟူ၍ မိန့်လေ၏။ ထိုအခါ ပုဏ္ဏားလည်း–

"အရှင်မင်းကြီး၊ အကျွန်ုပ်ကား ခိုးသူမဟုတ်ပါ"

"ပုဏ္ဏား၊ သင်သည် ခိုးသူမဟုတ် ဆိုပါက အဘယ်ကြောင့် ငါ၏ဥစ္စာတို့ကို ယူငင်ရသနည်း"

"အရှင်မင်းကြီး၊ အကျွန်ုပ်အပေါ်တွင် ဘယ်အတွက်ကြောင့် တစ်ပါးသူတို့ထက်ပို၍ အလေးအမြတ်ပြုရခြင်းအပေါ် စုံစမ်းလို၍ ယခုကဲ့သို့ ပြုမူရခြင်း ဖြစ်ပါ၏။ အရှင်မင်းကြီးသည် ကျွန်ုပ်အပေါ်၌ အမျိုးဇာတ်အတွက် ပညာကိုမှီ၍ မြတ်နိုးခြင်းမဟုတ်။ သီလကိုမှီ၍ မြတ်နိုးခြင်းဖြစ်ကြောင်း ယခုပင် သိရပါပြီ။ သို့ဖြစ်၍ လောက၌ သီလသာလျှင် မြတ်ပါ၏။ သီလသာလျှင် အကြီးအမှူးဖြစ်ပါ၏။ လူကို ထားပါဘိ။ တိရစ္ဆာန်ဖြစ်သော မြွေသည်ပင် မကိုက်၊ မညှဉ်းဆဲပါက ပြင်းထန်သည့် အဆိပ်ရှိသော်ငြား သီလရှိသည်ဟူ၍ မှတ်ထင်ခံရ၏"

ထိုအခါ မင်းကြီးလည်း အဖြစ်မှန်ကိုသိရ၍ မင်းပြစ်မင်းဒဏ်မှ လွှတ်လေ၏။ ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည် မင်းကြီးထံ ခွင့်ပန်လျက် ကာမဂုဏ်တို့ကို စွန့်လွှတ်ကာ ရဟန်းပြုပြီး ဟိမဝန္တာတောသို့ ထွက်လေ၏။ ရှစ်ပါးသော သမာပတ်၊ ငါးပါးသော အဘိညာဉ်တို့ကို ရရှိပြီး သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီး တရားနာ ရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့ ...

ထိုစဉ်အခါက ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ မင်းပရိသတ်သည် ငါဘုရားရှင်၏ ပရိသတ် ဖြစ်လာ၏။ ပုရောဟိတ် ပုဏ္ဏားကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူပြီး ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

F-6B

www.burmeseclassic.com

www.burmeseclassic.com

# ၈၇။ မင်္ဂလဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၇]

# မင်္ဂလာဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အရှင်သခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ရာဇဂြိုဟ်ပြည်၌ အဝတ် တန်ဆာတို့ကို လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားတစ်ဦး ရှိလေ၏။

ထိုပုဏ္ဏားသည် မြင်တွေ့ရသည်တို့၌၊ ကြားရသည်တို့၌ မင်္ဂလာကို ယုံကြည်၏။ ရတနာသုံးပါး၌ ကြည်ညိုခြင်း မရှိ။ မိစ္ဆာအယူရှိ၏။ ကြွယ်ဝချမ်းသာ၏။ ဥစ္စာပစ္စည်း အသုံးအဆောင်တို့ များစွာရှိ၏။

တစ်နေ့သ၌ ပုဏ္ဏားပိုင်ဆိုင်သော သေတ္တာတွင်း၌ထားသည့် အဝတ်ပုဆိုးတို့မှာ ကြွက်ကိုက်ခံရလေ၏။ ထိုအခါ ပုဏ္ဏားလည်း–

www.burmeseclassic.com

www.burmeseclassic.com



"ဤကြွက်ကိုက်ခံထားရသော အဝတ်တို့ကား မင်္ဂလာမရှိ။ သူယုတ်မာနှင့် တူ၏။ အိမ်၌ မထားကောင်း၊ ကိုယ်တိုင်လည်း မသုံးဆောင်ကောင်း၊ သူတစ်ပါးတို့လည်း မသုံးဆောင်ကောင်း။ အိမ်၌ ထားရှိသူ၊ သုံးဆောင်သူတို့၌ အကြီးအကျယ် ထိခိုက်ပျက်စီးလိမ့်မည်"

ဟူ၍ ကြံစည်မိလေ၏။ သည့်အတွက် ကျေးကျွန်စသူတို့ကိုပင် ယူထားမည် စိုးသည့်အတွက် စွန့်ပစ်မခိုင်းဘဲ သားဖြစ်သူကို ခေါ်၍-

"ဤကြွက်ကိုက်ခံထားရသော အဝတ်ပုဆိုးစုံကို လက်နှင့် မထိရလေအောင် တုတ်လုံးကန်တို့ဖြင့် ကော်ယူလျက် သုသာန်မြေ၌ စွန့်ပစ်လော့။ ထို့နောက် ဦးခေါင်းကို လျှော်လာခဲ့လော့"

ဟူ၍ မှာကြားလေ၏။ သားဖြစ်သူလည်း ဖခင်မှာကြားသည့်အတိုင်း မြွေကို ကောက်ယူသည့်အလား တောင်ဝှေးအစွန်းဖြင့် ကြွက်ကိုက်ထားသော အဝတ်ပုဆိုးတို့အား ကော်ယူလေ၏။ ထို့နောက် လူသေတို့ စွန့်ပစ်ရာ သုသာန်သို့ သွားရောက်၍ စွန့်ပစ်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကြွလာသည်နှင့် ကြုံလေသောအခါ ပုဏ္ဏားလုလင်အား-

"လုလင်၊ ဤသုသာန်သို့ ဘာလာလုပ်လေသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ပုဏ္ဏားလုလင်လည်း-

"အရှင်ဂေါတမ၊ ဖခင်၏ ကြွက်ကိုက်သော အဝတ်ပုဆိုးတို့ကို သုသာန်သို့ လာရောက်စွန့်ပစ်ခြင်း ဖြစ်ပါ၏။ ပြီးလျှင် အနေသန့်အောင် ခေါင်းလျှော်ရပါဦးမည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောကြားလေ၏။ ဘုရားရှင်သည် လုလင်ကို မြင်စဉ်ကပင် မွန်မြတ်ကောင်းမွန်သော အဝတ်စ ဖြစ်လေသည့်အတွက် ပုဏ္ဏားလုလင် စွန့်ပစ်သော အဝတ်ပုဆိုးအား ပံ့သကူ ကောက်ယူလေ၏။ ထိုအခါ ပုဏ္ဏားလုလင်လည်း–

"အရှင်ဂေါတမ၊ ထိုအဝတ်ပုဆိုးတို့သည် ကြွက်ကိုက်ခံထားရသည့် အဝတ်ပုဆိုးတို့ ဖြစ်ပါ၏။ ကျက်သရေမင်္ဂလာမရှိပါ။ သူယုတ်မာနှင့် တူပါ၏။ မယူပါနှင့် ..."

ဟူ၍ တားမြစ်လေ၏။ ဘုရားရှင်လည်း မည်သို့မျှ မဆိုမိန့်ဆောဘဲ ကောက်ယူခဲ့ပြီး ထိုအဝတ်ပုဆိုးတို့အား ယူငင်ကာ ကျောင်းတော်ရှိရာသို့ ကြွသွားတော်မူလေ၏။ ပုဏ္ဏားလုလင်လည်း ဖခင်ပုဏ္ဏားကြီးထံသို့ ရောက်သွားသည့်အခါ အဝတ်ပုဆိုးတို့အား ဘုရားရှင်ကောက်ယူသွားကြောင်း ပြောဆိုလေ၏။ ထိုအခါ ဖခင်ပုဏ္ဏားကြီးက–

"ချစ်သား၊ ဖခင်၏ ကြွက်ကိုက်ခံရသော အဝတ်ပုဆိုးတို့အား သုံးဆောင်သော ရဟန်းဂေါတမသည် ပျက်စီးဆုံးရှုံးလတ္တံ့။ ထိုအခါ လူအပေါင်းတို့က ငါ့အား ရဟန်းဂေါတမ ပျက်စီးမည်ကို သိပါလျက်နှင့် မပြောကြားလေသလော၊ မတားမြစ်လေသလောဟု ကဲ့ရဲ့ကြပေလိမ့်မည်။ ထိုသို့ အဖြစ်မခံနိုင်။ ယခုပင်လျှင် ကောင်းမွန်သော အဝတ်အစားတို့ကို ယူဆောင်ကာ ရဟန်းဂေါတမအား သွားပေးပြီး ကြွက်ကိုက်အဝတ်ပုဆိုးတို့အား ပြန်လည်တောင်းယူလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ဆိုလျက် ကောင်းမွန်သော အဝတ်ပုဆိုးတို့ကို ယူဆောင်ကာ သားအဖနှစ်ယောက်သား ဇေတဝန်ကျောင်းတော်ရှိရာသို့ အလျင်အမြန် သွားရောက်ကြလေ၏။ ကျောင်းတော်သို့ ရောက်ရှိလေသောအခါ ဘုရားရှင်အား–

"အရှင်ဂေါတမ၊ လူသေတို့ ဖုတ်ကြည်းသင်္ဂြိုဟ် စွန့်ပစ်ရာ သုသာန်မှ အဝတ်ပုဆိုး အစုံအား ကောက်ယူသွားခဲ့ပါသလော..."

ဟူ၍ မေးလေ၏။ ဘုရားရှင်ကလည်း... မှန်ကန်ကြောင်း ဝန်ခံ၏။ ထိုအခါ ပုဏ္ဏားကြီးက ...

"အရှင်ဂေါတမ၊ ကြွက်ကိုက်ခံထားရသော အဝတ်ပုဆိုးတို့ကား ကျက်သရေ မင်္ဂလာမရှိပါ။ ပမာဆိုရလျှင် သူယုတ်မာနှင့်တူပါ၏။ အရှင်ဂေါတမ သုံးဆောင်ပါက ဇေတဝန် တစ်ကျောင်းလုံး ပျက်စီးပါလိမ့်မည်။ သည့်အတွက် စွန့်ပစ်ပါလော့။ အရှင်ဂေါတမတို့ သုံးဆောင်ရန် အဝတ်အစားမရှိပါက အခြားအခြား ကောင်းမွန်သော အဝတ်အစားသစ်များ ယူဆောင်လာခဲ့ပါ၏"

ဟူ၍ ပြောကြားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

"ပုဏ္ဏားကြီး၊ ငါတို့က ရဟန်းများ ဖြစ်ကြပါ၏။ လူသေတို့ မြှုပ်နှံသင်္ဂြိုဟ်ရာ သုသာန်မှသော်လည်းကောင်း၊ လမ်းခရီး၌သော်လည်းကောင်း၊ တံမြက်ချေးပုံ၌သော် လည်းကောင်း၊ ရေချိုးဆိပ်၌သော် လည်းကောင်း စွန့်ပစ်ထားသော အဝတ်အစားမှန်သမျှသည် သင့်မြတ်လှသည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီး၊ သင်ကား ...ယခုအခါမှသာ မင်္ဂလာမရှိ ဟု ပြောသည် မဟုတ်။ ရှေးကလည်း ပြောဆိုခဲ့ဖူးပြီ” ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော သမယ။

မာဂဓတိုင်းရှိ ရာဇဂြိုဟ်ပြည်၌ ဝမ္မိကမည်သော မင်းပြုသည် ရှိသော် ဥဒ္ဒိစ္စပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏားလုလင်သည် အရွယ်ရောက်သည့်အခါ ရသေ့ရဟန်း ပြုလေ၏။ အဘိညာဉ် ငါးပါးနှင့် ဈာန်သမာပတ်ရှစ်ပါးတို့ ရရှိသောအခါ ဟိမဝန္တာအရပ်၌ သီတင်းသုံးလေ၏။

တစ်နေ့သ၌ ရသေ့သည် ရာဇဂြိုဟ်ပြည်သို့ ကြွလျက် မင်းဥယျာဉ်၌ သီတင်းသုံးလေ၏။ နောက်တစ်နေ့ ရောက်လေသော် မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ ဝမ္မိကမင်းကြီး မြင်လေသောအခါ ကြည်ညိုစိတ်ဖြစ်ပေါ်ပြီး မင်းဥယျာဉ်၌ အမြဲတမ်း သီတင်းသုံးရန် လျှောက်ထားကာ ဆွမ်းလုပ်ကျွေးလေ၏။ ရသေ့လည်း ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံပြီး ဥယျာဉ်တော်၌ သီတင်းသုံးလေ၏။

ထိုအခါက ရာဇဂြိုဟ်၌ အဝတ်လက္ခဏာတို့အပေါ်၌ နိမိတ်ဖတ်တတ်သော ပုဏ္ဏားတစ်ယောက် ရှိလေ၏။ ထိုပုဏ္ဏားသည် ရင်း၏သေတ္တာကိုဖွင့်ရာ အဝတ်ပုဆိုးတို့အား ကြွက်ကိုက်ထားသည်ကို မြင်ရ၏။ ကျက်သရေမင်္ဂလာမရှိဟု ယူဆပြီး သားဖြစ်

www.burmeseclassic.com



သူအား သုသာန်သို့ သွားရောက်စွန့်ပစ်လေ၏။ ထိုအခါ ရသေ့က တွေ့မြင်သွားပြီး ပံ့သကူအဖြစ် ကောက်ယူခဲ့လေ၏။

ထိုအဖြစ်ကို သားထံမှ ပုဏ္ဏားကြီး ကြားသိလေသော် အဝတ်အစားကောင်းများကို ယူဆောင်ပြီး ဥယျာဉ်တော်သို့ ထွက်ခဲ့လေ၏။ ရောက်သည်ရှိသော် ကြွက်ကိုက်ခံရသော အဝတ်အစားတို့မှာ ကျက်သရေမင်္ဂလာ ကင်းမဲ့သဖြင့် စွန့်ပစ်သင့်ကြောင်း၊ မစွန့်ပစ်ပါက ထိခိုက်ပျက်စီးလိမ့်မည် ဖြစ်ကြောင်း လျှောက်ထားလေ၏။ ထိုအခါ ရသေ့က–

"ပုဏ္ဏားကြီး၊ ငါတို့ရသေ့ ရဟန်းမည်သည်ကား မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း မင်္ဂလာကို မယုံကြည်ပါ။ ၎င်းမင်္ဂလာကို ဘုရား၊ ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့က လည်း မချီးမွမ်းကြပါ။ ပညာရှိတို့ကလည်း မင်္ဂလာကို မယုံကြည်ပါ"

ဟူ၍ တရားဟောလေ၏။ ပုဏ္ဏားကြီးလည်း ရသေ့ထံမှ တရားတော်အား နာယူပြီးသည့်နောက် မိစ္ဆာအယူဝါဒကို စွန့်လွှတ်ကာ ရသေ့ကို ကိုးကွယ်လေ၏။ ကောင်းမှုကုသိုလ်များ ပွားများပြီး တရားနှင့်အညီ ကျင့်ကြံအားထုတ်သည်ရှိသော် သေလွန်သည့်အခါ ဗြဟ္မာ့ပြည်သို့ လားရလေ၏။

မြတ်စွာဘုရားရှင်လည်း အတိတ်ဇာတ်ကို ဆောင်ပြီးနောက် ပုဏ္ဏားကြီးအား–

"အသင်ပုဏ္ဏားကြီး ...

ရဟန္တာပုဂ္ဂိုလ်တို့အား ကောတုလဟ မင်္ဂလာကိုလည်းကောင်း၊ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ နက္ခတ်ကြတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာခဲများ ကျလာခြင်း၊ အိပ်မက်ဆိုးများ မြင်မက်ခြင်းသည် မည်သို့မျှ စိတ်ကို မထိပါးစေတော့။ ၎င်းတို့အတွက် မင်္ဂလာနှင့်လည်း မသက်ဆိုင်တော့။ အကြောင်းမူ ရဟန္တာပုဂ္ဂိုလ်တို့မည်သည် တဏှာမှန်သမျှကို ပယ်သတ်ခဲ့ပြီး သောကြောင့်ပင်"

ဟူ၍ ဟောကြားတော်မူ၏။ ပုဏ္ဏားကြီးတို့ သားအဖမှာလည်း တရားတော်၌ နှစ်သက်သဘောကျပြီး လေးနက်စွာ နာကြားလေသောအခါ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေသတည်း။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား ...

"ရဟန်းတို့၊ ထိုစဉ်အခါက ပုဏ္ဏား သားအဖသည် ယခုအခါ ပုဏ္ဏားသားအဖ ဖြစ်လာ၏။ ရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏။


ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ဂဂ။ သာရမ္ဗဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၈]

# သာရမ္ဗဇာတ်

[ဤသာရမ္ဗဇာတ်သည် ပစ္စုပ္ပန်ဝတ္ထုအားဖြင့် လည်းကောင်း၊ အတိတ်ဝတ္ထုအားဖြင့် လည်းကောင်း ရေးသားဖော်ပြခဲ့ပြီးသော နန္ဒိဝိသာလဇာတ်နှင့် တူပေ၏။ ပြုစုသူ]

ဤသာရမ္ဗဇာတ်၌ ဘုရားအလောင်းသည် ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်၌ ပုဏ္ဏားတစ်ဦးထံ၌ နွားဖြစ်ခဲ့၏။ သာရမ္ဗဟု အမည်တွင်၏။ ဤမျှသာ ထူးပါ၏။ ဘုရားရှင်သည် အတိတ်ဝတ္ထုကို ဟောတော်မူပြီးနောက်–

"ရဟန်းတို့၊ ကောင်းသော စကားကိုသာ ဆိုရပါမည်။ မကောင်းသော စကားကို မဆိုရာ။ ကောင်းသောစကားကို ဆိုခြင်းသာ ကောင်းပါ၏။ မကောင်းသော စကားကို ဆိုခြင်းကား စိုးရိမ်ပူပန်ရ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဟောကြားတော်မူ၏။

ဤကဲ့သို့ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား ...

"ရဟန်းတို့ ...

ထိုအခါက ပုဏ္ဏားသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ပုဏ္ဏားမသည် ဥပ္ပလဝဏ် ဖြစ်လာ၏။ သာရမ္ဘနွားသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၈၉။ ကုဟကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၈၉]

# ကုဟကဇာတ်

လူ၊ နတ်၊ ပြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် ထူးခြားအံ့ဖွယ် အဆန်းတကြယ်တို့ကို ပြုလုပ်တတ်သော ရဟန်းတစ်ပါး ရှိလေ၏။ [ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလက ဇာတ်တွင် ထင်ရှားစွာ ဖော်ပြထားပြီး ဖြစ်၏။ ပြုစုသူ]

ဘုရားရှင်သည် ထိုရဟန်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

ရှေးလွန်လေပြီးသော သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ရသေ့တစ်ပါးသည် ရွာငယ်ကလေး တစ်ရွာကို အမှီပြုကာ နေထိုင် သီတင်းသုံးလေ၏။ ထိုရသေ့သည် စဉ်းလဲကောက်ကျစ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိ၏။ ဆံကိုကျစ်ထုံးလျက် ထူးခြားအံ့ဖွယ် အဆန်းတကြယ် ပြုလုပ်လေ၏။

ဤတွင် သူကြွယ်တစ်ဦးသည် ထိုရသေ့အား သီလနှင့်ပြည့်စုံသည်ဟု ထင်မှတ်ပြီး တောကျောင်း ဆောက်လုပ်ကာ ကိုးကွယ်၍ အိမ်သို့ပင့်ဖိတ်လျက် အမြဲမပြတ် ဆွမ်းလုပ်ကျွေးလေ၏။ သူကြွယ်သည် တစ်နေ့သ၌ ခိုးသူတို့၏ရန်ကို စိုးရွံ့သဖြင့် အချိန်လေးသိန်းရှိ ရွှေစင်တို့အား ရသေ့သီတင်းသုံးသော ကျောင်းသို့ ယူဆောင်လာကာ မြေ၌မြှုပ်နှံလေ၏။ ထို့နောက် ရသေ့အား–

"အရှင်ရသေ့၊ တပည့်တော် မြှုပ်နှံထားသော ရွှေစင်တို့အား စောင့်ရှောက်တော်မူပါ"

ဟူ၍ လျှောက်ထားအပ်နှင်းလေ၏။ ထိုအခါ ရသေ့က–

"ဒကာသူကြွယ်၊ ရသေ့ရဟန်းတို့မည်သည် သူတစ်ပါး၌ ဥစ္စာ၌ လိုချင်တပ်မက်စိတ်တို့ မရှိကြချေ..."

ဟူ၍ မိန့်တော်မူလေသော် သူကြွယ်လည်း ရသေ့အပေါ် ယုံကြည်စိတ်များ တိုးပွားလာပြီး တောကျောင်းမှ ပြန်လာခဲ့လေ၏။

ရသေ့ပျက်လည်း တစ်ရက်နှစ်ရက် လွန်လေသောအခါ "ဤရွှေစင်တို့ဖြင့် ငါ့ဘဝ တစ်သက်တာလုံး မပူပင်၊ မကြောင့်ကြဘဲ နေနိုင်ပေ၏" ဟူ၍ နှလုံးသွင်းကာ မြှုပ်နှံထားရာမှ တူးဖော်လိုက်၏။ ထို့နောက် တစ်နေရာသို့ ပြောင်းရွှေ့လိုက်ပြီး တောကျောင်း၌ ဣန္ဒြေမပျက် နေထိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရောက်၍ သူကြွယ်အိမ်သို့ ဆွမ်းစားကြွပြီး နောက်–

"ဒကာသူကြွယ်၊ သင့်ကိုမှီခို၍ နေခဲ့သည်မှာ ကာလ ကြာမြင့်ပေပြီ။ နေရာတစ်နေရာတည်း၌ ကာလကြာမြင့်စွာ နေထိုင်၍ လူတို့နှင့် အရောရောအနှောနှော နေခြင်းသည် ရသေ့ရဟန်းတို့အဖို့ အညစ်အကြေး ဖြစ်ပေ၏။ သို့အတွက် သင့်ကျောင်းကိုဖယ်ခွာကာ အရပ်တစ်ပါးသို့ ကြွသွားတော့ မည်"

ဟု ဆိုလေ၏။ သူကြွယ်လည်း သဘောရိုးဖြင့် ထင်မှတ် ကာ မသွားပါရန် အမျိုးမျိုး တားမြစ်တောင်းပန်လေ၏။ သို့သော် တားမရသဖြင့်–

"အရှင်ဘုရား၊ အလိုရှိရာသို့ ကြွတော်မူပါ"

ဟူ၍ လျှောက်ထားခွင့်ပြုကာ ရွာတံခါးသို့တိုင်အောင် လိုက်လံပို့ဆောင်ပြီး ပြန်လာခဲ့လေ၏။ ရသေ့ပျက်လည်း ခရီး အတန်ငယ်သွားပြီး–

"ဤသူကြွယ်ကို ငါလှည့်စားရလျှင် ကောင်းပေမည်"

ဟူ၍ အကြံအစည် ဖြစ်ပေါ်ကာ ဆံကျစ်ကြား၌ မြက် ခြောက်တို့ကို ထိုးထည့်ပြီး အဆန်းတကြယ် အံ့ဖွယ်သူရဲ ပြုလေ ၏။ သူကြွယ်လည်း ရသေ့ကိုမြင်လေသော်–

"အရှင်ရသေ့၊ ဘယ့်အတွက်ကြောင့် ပြန်လာခဲ့ပါသ နည်း"

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ရသေ့က–

www.burmeseclassic.com

www.burmeseclassic.com



"ဒကာသူကြွယ်၊ ငါသည် သင့်အိမ်မှ ထွက်လာသော အခါ သင့်အိမ်အမိုးရှိ မြက်ခြောက်တို့ ငါ၏ဆံ၌ ငြိတွယ် ပါလာခဲ့၏။ သူတစ်ပါးဥစ္စာကို ပိုင်ရှင်မသိဘဲ ခွင့်မပြုဘဲ ယူဆောင်သကဲ့သို့ ဖြစ်ခြင်းအပေါ် ငါစိတ်မသန့်ပါ။ သည့် အတွက် မြက်ခြောက်တို့အား ပြန်လာပေးခြင်း ဖြစ်၏" ဟူ၍ ပြောဆိုလေ၏။ ထိုအခါ သူကြွယ်လည်း-

"အရှင်ရသေ့၊ မြက်ခြောက်အား စွန့်၍ ထားခဲ့ပါ လော့။ အရှင်ရသေ့ကား ဘာမျှအဖိုးမတန်သည့် မြက် ခြောက်ကလေးကိုပင် ရိုးသားသန့်စင်စွာ လာ၍ပေးလေ ၏။ ကြည်ညိုဖွယ် ကောင်းလေစွ"

ဟုဆိုလျက် ရှိခိုးကန်တော့လိုက်လေ၏။

တစ်နေ့သ၌ ပညာရှိတစ်ယောက်သည် ပစ္စည်းဥစ္စာတို့ကို ရရှိရန် ခရီးထွက်လာရာ သူကြွယ်၏အိမ်၌ ဝင်ရောက်တည်းခို လေ၏။ ဤတွင် သူကြွယ်နှင့် စကားစပ်၍ ပြောဆိုကြရာ ရသေ့၏အကြောင်းသို့ ရောက်သွားလေ၏။ ပညာရှိလည်း ရသေ့ ၏ အဆန်းတကြယ် ပြုမူမှုအပေါ် သံသယဝင်လာ၍ သူကြွယ် အား မေးမြန်းလေ၏။

"အသင်သူကြွယ်၊ သင်သည် ရသေ့ထံ၌ ပစ္စည်းတစ်စုံ တစ်ရာကို အပ်နှံထားဖူးသလော..."

"အဆွေ၊ ကျွန်ုပ်သည် ရှင်ရသေ့ထံ၌ ရွှေစင်တို့ကို စောင့်ရှောက်ရန် အပ်နှံထားခဲ့ဖူးပါ၏"

"အသင်သူကြွယ်၊ သို့ဆိုပါက သင်အပ်နှံထားသော

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်တို့ ရှိနိုင်တော့မည် မဟုတ်။ အမြန်ဆုံးသွား၍ ရှာဖွေကြည့်ပါလော့...”

သူကြွယ်လည်း တောကျောင်းသို့ သွားရောက်ကာ ၎င်းမြှပ်နှံထားသောနေရာ၌ ရွှေစင်တို့အား တူးဖော်ကြည့်လေသော် လုံးဝပျောက်ဆုံးနေသည်နှင့် ကြုံရလေတော့၏။ ထိုအခါ ပညာရှိက–

“အသင်သူကြွယ်၊ သင်၏ရွှေစင်တို့အား ရသေ့ပျက် ခိုးယူသွားသည်ပင် ဖြစ်လိမ့်မည်။ သင်နှင့်ငါ ရသေ့ပျက်အား လိုက်လံစုံစမ်းရှာဖွေကြအံ့...”

ဟူ၍ ပြောဆိုပြီး လိုက်လံစုံစမ်း ရှာဖွေသောအခါ ရသေ့ပျက်နှင့်အတူ ရွှေစင်တို့အား လက်ပူးလက်ကြပ် မိလေတော့၏။ ထို့နောက် ရသေ့ပျက်အား ရိုက်ပုတ်ထုထောင်းပြီး–

“ဟယ် ... ရသေ့ပျက်, ရသေ့ယုတ်, သင်သည် အပြောနှင့်အလုပ် မညီ။ အဆန်းတကြယ်ဖြစ်အောင် လုပ်၍ အထင်မကြီးကြီးအောင် ညာဝါးဖြီးဖြန်း၏။ သည်လို အပြုအမူမျိုး နောင်မလုပ်ပါနှင့်”

ဟူ၍ ဆုံးမလွှတ်လိုက်၏။

ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာ ရဟန်းပရိသတ်တို့အား

“ရဟန်းတို့၊ ထိုစဉ်က ကောက်ကျစ် ယုတ်မာသော ရသေ့သည် ယခုအခါ အဆန်းတကြယ် အံ့ဖွယ်သူရဲလုပ်

www.burmeseclassic.com



တတ်သော ရဟန်းဖြစ်လာ၏။ ပညာရှိသည်ကား ငါဘုရား ရှင် ဖြစ်လာ၏”

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၉၀။ အကတညုတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၀]

# အကတညုတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် အနာထပိဏ်သူဌေးအား မမြင်ဖူးပါဘဲနှင့် အဆွေခင်ပွန်း ဖြစ်နေသော ပစ္စန္တရာဇ်အရပ်မှ သူဌေးတစ်ဦး ရှိလေ၏။

တစ်နေ့သောအခါ ပစ္စန္တရာဇ် သူဌေးသည် ၎င်း၏ အလုပ်အကျွေးတို့အား လှည်းငါးရာ၌ ဘဏ္ဍာတို့ကို အပြည့်တင်ဆောင်လျက် အနာထပိဏ်သူဌေးထံ လွှတ်လိုက်လေ၏။ အလုပ်အကျွေးတို့လည်း အနာထပိဏ် သူဌေးထံ ရောက်လေသော် လက်ဆောင်ပစ္စည်းတို့ကို ဆက်သ၍ ပစ္စန္တရာဇ် သူဌေးမှ လွှတ်လိုက်ကြောင်းကို ပြောကြားလေ၏။ အနာထပိဏ်သူဌေးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် အလုပ်အကျွေးတို့အား စားနပ်ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ နေရာထိုင်ခင်းတို့ကိုပေးကာ တည်းခိုစေ၏။ လှည်းငါးရာမှ ပါလာသော ဘဏ္ဍာတို့အား အမြတ်အစွန်းရအောင် ရောင်းချပေးပြီး အလုပ်အကျွေးတို့အား အပ်နှံကာ ပစ္စန္တရာဇ်သို့ ပြန်လွှတ်လိုက်လေ၏။

ပစ္စန္တရာဇ်သို့ အလုပ်အကျွေးတို့ ပြန်ရောက်လေသော် အကျိုးအကြောင်းကို ပြောပြကြလေ၏။

ရက်မကြာမီ တစ်နေ့တွင် အနာထပိဏ် သူဌေးသည် အလုပ်အကျွေးတို့အား လှည်းငါးရာပေါ် ဘဏ္ဍာအပြည့် တင်ဆောင်ကာ ပစ္စန္တရာဇ်သူဌေးထံ စေလွှတ်လိုက်လေ၏။ အလုပ်အကျွေးတို့လည်း ပစ္စန္တရာဇ် သူဌေးထံ ရောက်သည်ရှိသော် လက်ဆောင်တို့ကို ဆက်သ၍ အနာထပိဏ်သူဌေးမှ လွှတ်လိုက်ပါကြောင်း ပြောဆိုလေ၏။ ဤတွင် ကျေးဇူးမသိတတ်သော ပစ္စန္တရာဇ် သူဌေးက–

"အမောင်တို့၊ အနာထပိဏ် ဆိုသည်မှာ သာမန်လူ တစ်ယောက်သာ ဖြစ်လိမ့်မည် ထင်ပါ၏"

ဟုဆိုလျက် ပြက်ရယ်ပြုလေ၏။ အနာထပိဏ်သူဌေး၏ ကုန်စည်တို့အားလည်း ရောင်းပေးခြင်း မပြုသကဲ့သို့ အလုပ်အကျွေးတို့ကိုလည်း စားနပ်ရိက္ခာပေးခြင်း၊ နေရာထိုင်ခင်းပေးခြင်းတို့ကို မပြုဘဲ ပြန်လွှတ်လေ၏။ အလုပ်အကျွေးတို့မှာ ပစ္စန္တရာဇ်သူဌေး၏ အကူအညီမရဘဲ ကုန်စည်တို့အား ၎င်းတို့ဘာသာ ၎င်းတို့ရောင်းချပြီး အနာထပိဏ်သူဌေးထံ ပြန်လာလျှင် အကျိုးအကြောင်းကို ပြန်ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလမကြာမီမှာပင် ပစ္စန္တရာဇ်သူဌေးသည် ၎င်း၏အလုပ်အကျွေးတို့အား လှည်းငါးရာ၌ ကုန်စည်တို့ တင်ဆောင်စေကာ အနာထပိဏ်သူဌေးထံ လွှတ်လိုက်ပြန်၏။ အနာထပိဏ် သူဌေးထံ လက်ဆောင်များ ဆက်သ၏။ ဤတွင် အနာထပိဏ်သူဌေး၏ အမှုလုပ်တို့က–

"အရှင်သူဌေးမင်း၊ ပစ္စန္တရာဇ် သူဌေး၏ အလုပ်အကျွေးတို့အတွက် နေရာထိုင်ခင်းအား ကျွန်ုပ်တို့စီမံပါမည်"

ဟူ၍ပြောဆိုကာ မြို့ပြင် သင့်တော်ရာ တစ်နေရာ၌ နေရာထိုင်ခင်း ချပေးလေ၏။ ထို့နောက် ယာဂုထမင်းကို စီမံရဦးမည်ဟု ပြောဆို၍ အိမ်ရောက်သည်ရှိသော် အမှုလုပ်တို့သည် စည်းဝေးကြလေ၏။ ညဥ့်နက်သန်းခေါင်သို့ ရောက်သောအခါ လှည်းငါးရာတို့ရှိနေသော မြို့ပြင်သို့ထွက်လျက် ပစ္စည်းများကို လုယက်ယူငင်ကြကုန်၏။ ပစ္စန္တရာဇ်သားတို့လည်း ကြောက်ရွံ့ထိတ်လန့်ပြီး ထွက်ပြေးကြကုန်၏။ အနာထပိဏ်၏ အမှုလုပ်တို့လည်း ထိုအကြောင်းကို သူဌေးကြီးအား ပြောကြားကြလေ၏။ အနာထပိဏ်လည်း မြတ်စွာဘုရားရှင်ထံမှောက် ရောက်လေသော် ထိုအကြောင်းကို တင်ပြလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ...

"အသင်သူဌေး၊ ပစ္စန္တရာဇ်သူဌေးသည် ယခုအခါမှသာ ဤသို့သော အကျင့်ဆိုးရှိလေသည် မဟုတ်။ ရှေးအခါကလည်း ရှိဖူးခဲ့လေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦး ရှိလေ၏။ အဆိုပါ သူဌေးကြီးအား မတွေ့မမြင်ဖူးဘဲ အဆွေခင်ပွန်း ဖြစ်နေသော ပစ္စန္တရာဇ် သူဌေးကြီးတစ်ဦး ရှိလေ၏။

တစ်နေ့သော် ပစ္စန္တရာဇ် သူဌေးသည် ၎င်း၏ အလုပ်အကျွေးတို့အား လှည်းငါးရာ၌ ကုန်စည်တို့ကို တင်ဆောင်လျက် ဗာရာဏသီသူဌေးကြီးထံ စေလွှတ်လိုက်လေ၏။ ထိုအခါ ဗာရာဏသီ သူဌေးလည်း အလုပ်အကျွေးတို့အား နေထိုင်စားသောက်ရေးကို အဆင်ပြေအောင် စီမံပေးပြီး ကုန်စည်တို့အား အမြတ်အစွန်းရအောင် ရောင်းချပေးလေ၏။ ပြီးလေသော် ကောင်းမွန်စွာ ပြန်လွှတ်လိုက်သလေ၏။

ဗာရာဏသီ သူဌေးကြီးကလည်း ၎င်း၏အလုပ်အကျွေးတို့အား လှည်းငါးရာနှင့်အတူ ပစ္စန္တရာဇ် သူဌေးထံ စေလွှတ်ခဲ့လေရာ ပစ္စန္တရာဇ်သူဌေးသည် မသိကျိုးကျွံပြုလျက် မည်သည့် အကူအညီမျှ မပေးဘဲ ပြန်လွှတ်လေ၏။

နောက်တစ်ကြိမ် ပစ္စန္တရာဇ်သူဌေးသည် ၎င်း၏အလုပ်အကျွေးတို့အား လှည်းငါးရာနှင့်အတူ ဗာရာဏသီသူဌေးထံ စေလွှတ်ခဲ့ရာ ဗာရာဏသီသူဌေး၏ အမှုလုပ်တို့က အဆိုပါ

www.burmeseclassic.com



လှည်းငါးရာတို့အား အကုန်လုယက် ဖျက်ဆီးခဲ့လေ၏။ ထို အကြောင်းကို အမှုလုပ်တို့က ဗာရာဏသီ သူဌေးကြီးအား ပြောဆိုလေသော်–

"အမောင်တို့၊ မိမိအား ရှေးအခါက သူတစ်ပါးတို့ ပြုလုပ်ထားသော ကျေးဇူးရှိပါလျက် ကျေးဇူးရှင်တို့အား တုံ့တင်၍ပြန်မဆပ်၊ ဆပ်ရမှန်းလည်း မသိသူကား နောက် အခါ အကူအညီ လိုအပ်လာလျှင် အကူအညီမရဘဲ ဖြစ် တတ်ပေ၏"

ဟူ၍ ပြောဆိုဆုံးမလေ၏။ ဗာရာဏသီ သူဌေးကြီးလည်း ကောင်းမှုကုသိုလ်တို့ကို ပြုပြီး သေလွန်သည်ရှိသော် ကောင်းရာ သုဂတိသို့ လားရလေသတည်း။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့ကို ဆက်စပ်လျက် တရားနာရဟန်း ပရိသတ် တို့အား

"ရဟန်းတို့၊ ထိုစဉ်အခါက ပစ္စန္တရာဇ်သူဌေးသည် ယခုအခါ ပစ္စန္တရာဇ်သူဌေး ဖြစ်လာ၏။ ဗာရာဏသီ သူဌေး ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းပါလေသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၉၁။ လိတ္တဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ သိင္ဂလဝဂ်

[၉၁]

# သိင်္ဂလဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်း ... အစရှိသော ပစ္စည်းလေးပါးတို့၌ မဆင်မခြင်ဘဲ သုံးဆောင်နေကြသော ရဟန်းတစ်စု ရှိလေ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ဆင်ခြင်မှုမရှိဘဲ သုံးဆောင်ခြင်း၏ အပြစ်ကို ဟောကြားတော်မူ၍ ...

"ရဟန်းတို့၊ ပစ္စည်းလေးပါးကို သုံးဆောင်ကြသည့် အခါ၌ ပစ္စဝေက္ခဏာ ဆင်ခြင်၍သာ သုံးဆောင်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



မဆင်ခြင်ဘဲ သုံးဆောင်ခြင်းကား လတ်တလော သေစေနိုင်သော အဆိပ်နှင့်တူ၏။

ရှေးသူဟောင်းတို့သည် မဆင်ခြင်ဘဲ အဆိပ်ကို သုံးဆောင်မိ၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားခဲ့ရကုန်ပြီ” ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် စည်းစိမ်ဥစ္စာကြွယ်ဝ၍ ပညာရှိသော ကြွေအန်သမားတစ်ဦး ရှိလေ၏။ အခြားသော ကြွေအန်သမားတစ်ဦးမှာမူ ကောက်ကျစ်စဉ်းလဲ၏။ သူတစ်ပါးနှင့် ကြွေအန်ကစားနေပါက ၎င်းနိုင်နေလျှင် ပွဲကိုမဖျက်ဘဲ၊ ၎င်းရှုံးနေပါက ကြွေအန်ကို ခံတွင်း၌ငုံကာ ကြွေအန်ပျောက်သွားပြီဟု ပြောဆိုလျက် ကစားပွဲကို ဖျက်လေ့ရှိ၏။

တစ်နေ့သ၌ ထိုကောက်ကျစ်စဉ်းလဲသော ကြွေအန်သမားသည် ပညာရှိကြွေအန်သမားနှင့် ကြွေအန်ကစားကြလေ၏။ ကောက်ကျစ်စဉ်းလဲသော ကြွေအန်သမားသည် ၎င်းရှုံးနေလေသောအခါ ကြွေအန်ကို ခံတွင်း၌ငုံလျက် ပျောက်သွားပြီဟု ပြောဆိုကာ ကစားပွဲကို ဖျက်ပစ်လေ၏။

ထိုအခါ ပညာရှိ ကြွေအန်သမားသည် ထိုအကြောင်းကို သိသဖြင့်—

www.burmeseclassic.com

www.burmeseclassic.com



"သည်တစ်ခါတော့ ရှိပါစေဦး။ နောက်တစ်ခါဆိုပါက အကြောင်းသိစေရမည်"

ဟူ၍ကြံစည်ကာ အိမ်သို့ပြန်ကာ ကြွေအန်တို့၌ သေစေတတ်သော အဆိပ်တို့ကို လိမ်းကျံ၏။ ထို့နောက် အခြောက်ခံလေ၏။ ထို့နောက် စဉ်းလဲသော ကြွေအန်သမားထံသွား၍ ကြွေအန်ကစားရန် ဖိတ်ခေါ်လေ၏။ ထို့နောက် နှစ်ယောက်သား ကြွေအန်ကစားကြလေ၏။ ဤတွင် စဉ်းလဲသော ကြွေအန်သမားသည် ရှုံးနိမ့်သွားသဖြင့် ထုံးစံအတိုင်း ကြွေအန်ချို့ကို ပါးစပ်အတွင်းသို့ ကောက်ယူကာ ငုံလေ၏။ ထိုအခါ ပညာရှိ ကြွေအန်သမားအား ...

"ဟယ် ... ကောက်ကျစ်စဉ်းလဲသည့် ကြွေအန်သမား၊ သင်သည် အစွမ်းထက်မြက်စွာ ငါစီမံထားသော အဆိပ်ကို မသိဘဲ ငုံရသလော။ မကြာခင် ငါ၏ အဆိပ်အစွမ်းကို သိရပေမည်"

ဟူ၍ ပြောဆိုနေစဉ်မှာပင် အဆိပ်တို့တက်လေ၏။ မျက်လုံးမျက်ဆံတို့ လည်ကုပ်မှာလည်း ကျုံ့းစပြုလာ၏။ ထိုအခါ ပညာရှိ ကြွေအန်သမားသည်-

"ငါသာမကယ်ပါက ၎င်း၏အသက် ဆုံးရှုံးရတော့မည်။ သည်အထိတော့ မဖြစ်သင့်။ ၎င်း၏အသက်ကို ကယ်မလိုက်ပါမည်"

ဟူ၍ နှလုံးသွင်းကာ အန်ဆေးကို တိုက်ကျွေးလေ၏။ အဆိပ်များကုန်စင်အောင် အန်ပြီးလေသောအခါ ထောပတ်,

www.burmeseclassic.com

www.burmeseclassic.com



တင်လဲ, ပျားသကာတို့ကို စားစေ၍ ပျောက်ကင်းအောင် ကုသ ပေးပြီး ဆိုဆုံးမလွှတ်လိုက်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာ ရဟန်းပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုစဉ်အခါက ပညာရှိကြွေအန်သမားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာလေ၏"


ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၉၂။ မဟာသာရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၂]

# မဟာသာရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုစဉ်က ပသေနဒီ ကောသလမင်းကြီး၏ နန်းတွင်းသူ မိန်းမတို့သည် ဘုရားရှင်ရှိရာ ကျောင်းတော်သို့ ဘုရားဖူးခွင့်၊ တရားနာခွင့် မရကြသည့်အတွက် နန်းတော်သို့ တရားဟောပြော သင်ပြမည့် ရဟန်းတော်တစ်ပါးအား ပင့်ဆောင်ပေးပါရန် လျှောက်ထားတောင်းပန်ကြလေ၏။ ထိုအခါ ကောသလမင်းကြီး လည်း ပင့်ဆောင်ပေးပါမည်ဟု ဝန်ခံလေ၏။

တစ်နေ့သ၌ မင်းကြီးသည် တောကစားထွက်ရာ မင်းဥယျာဉ်သို့ ရောက်ခဲ့လေ၏။ ဤတွင် ဘုရားရှင်လည်း မင်းဥယျာဉ်၌ ရောက်ရှိနေလေ၍ မင်းကြီးလည်း ဘုရားရှင်အား ဖူးမြော်လေ၏။ ထိုအချိန်ဝယ် ဘုရားရှင်ထံပါး၌ ဆည်းကပ်နေသည့် ဆတ္တပါဏိကို တွေ့ရလေ၏။ ထိုအခါ ဘုရားရှင်အား-

www.burmeseclassic.com

www.burmeseclassic.com



"အသင်မင်းကြီး၊ ဤဆတ္တပါဏိ ဒါယကာကား အနာဂါမ်ဖြစ်၏။ ပိဋကတ်သုံးပုံကို ဆောင်နိုင်၏"

ဟူ၍ မိန့်တော်မူလေ၏။ မင်းကြီးလည်း ဆတ္တပါဏိအား လွန်စွာမှ ကြည်ညိုစိတ် ဖြစ်ပေါ်ခဲ့လေ၏။

တစ်နေ့သ၌ မင်းကြီးသည် လေသာပြတင်းကိုဖွင့်၍ ရှုစား စဉ် ထီးကို ကိုင်ဆောင်ကာ ဘုရားရှင်ထံ သွားနေသော ဆတ္တ ပါဏိကို မြင်လိုက်ရ၍ မင်းချင်းတို့အား ခေါ်ဆောင်စေလေ၏။ ဆတ္တပါဏိ ရောက်လေသော်–

"အချင်း ... သီတင်းသည်၊ ကျွန်ုပ်၏ နန်းတွင်းသူ များသည် တရားတော်ကို နာယူလိုပါသဖြင့် တရားဓမ္မများ သင်ကြားပေးပါ"

ဟူ၍ ပန်ကြားလေ၏။ ထိုအခါ ဆတ္တပါဏိလည်း–

"အရှင်မင်းကြီး၊ လူဝတ်ကြောင်နှင့် မသင့်တော်ပါ။ ရဟန်းတို့သာလျှင် သင့်တော်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း မှန်သော စကားကို ဆိုပေ၏ ဟူ၍ နှလုံးသွင်းလျက် ဆတ္တပါဏိအား ပြန်လွှတ်လိုက်လေ၏။

ထို့နောက် မင်းကြီးလည်း နန်းတွင်းသူတို့ကိုခေါ်၍–

"ရှင်မတို့ ...၊ သင်တို့အား တရားဟောပြောပြသရန် အတွက် မဟာသာဝကကြီး ရှစ်ကျိပ်ရှိသည့်အနက် မည် သည့် သာဝကကြီးအား အလိုရှိပါသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ...

"အရှင်မင်းကြီး၊ အရှင်အာနန္ဒာအား အလိုရှိပါသည်"

www.burmeseclassic.com



ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးလည်း ဘုရားရှင်အား အကျိုးအကြောင်း လျှောက်ထားခွင့်ပန်၍ အရှင်အာနန္ဒာအား နန်းတွင်းသို့ပင့်ဆောင်ကာ နန်းတွင်းသူတို့အား တရားဓမ္မများကို ဟောကြားပြသစေခဲ့၏။

တစ်နေ့သ၌ မင်းကြီး၏ ပတ္တမြားဥဿျှောင် ဆံကျင်ဆံထိုး ပျောက်ဆုံးသွားလေရာ နန်းတွင်း၌ ပတ်သက်သူတို့အား ရှာဖွေစစ်ဆေးကြလေ၏။ ရာဇဝတ်ဘေးနှင့် သက်ဆိုင်သောကြောင့်လည်း တစ်နန်းတော်လုံး စိုးရိမ်သောကစိတ်များ ဖိစီးနေကြလေ၏။ ရှင်အာနန္ဒာလည်း နန်းတော်တွင်းသို့ ကြွရမည့်အချိန် ကြွသွားခဲ့ရာ နန်းတွင်းသူတို့၏ မျက်နှာအသွင်အပြင်တို့မှာ ညှိုးနွမ်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ အကျိုးအကြောင်းကို မေး၍ ရှင်အာနန္ဒာသိလေလျှင် မင်းကြီးထံ သွားရောက်လျက် အကြောင်းစုံကို မေးမြန်းလေ၏။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ပတ္တမြားဆံထိုး ပျောက်လေသလော"

"တင်ပါ့ဘုရား၊ တပည့်တော်၏ ပတ္တမြားဆံထိုးမှာ ပျောက်သွားခဲ့ပါ၏"

"အရှင်မင်းကြီး တွေ့အောင် မရှာဖွေဘူးလော"

"အရှင်ဘုရား၊ တွေ့အောင် ရှာဖွေနိုင်စွမ်း မရှိပါ"

"သို့ဆိုလျှင် အရှင်မင်းကြီး အနေဖြင့် လူအများ မပင်မပန်းစေဘဲ ပြန်ရသည့် နည်းလမ်းရှိက လုပ်ဆောင်ပါမည်လော..."

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ လုပ်ဆောင်ပါမည်။ အမိန့်ရှိတော်မူပါ"

"အရှင်မင်းကြီး၊ ဖွဲဆုပ်, မြေဆုပ်တို့ကို ပုံစေသော နည်းလမ်းရှိပါ၏။ သင်္ကာမကင်း ဖြစ်သူတို့ကိုခေါ်၍ ဖွဲတစ်ဆုပ်စီ, မြေတစ်ဆုပ်စီ ပေးကာ ဤဖွဲဆုပ်, မြေဆုပ်တို့အား မိုးသောက်သောအခါ သတ်မှတ်ထားသော နေရာ၌ စုပုံထားပါဟူ၍ စေခိုင်းရမည်။ ထိုအခါ မင်းကြီး၏ ပစ္စည်းကို ယူထားသောသူသည် ဖွဲဆုပ်, မြေဆုပ်ထဲ၌ မင်းကြီး၏ ပစ္စည်းကို ထည့်ထားလိမ့်မည်။ ဖွဲဆုပ်, မြေဆုပ်တို့အား ဖြည်၍ရှာလျှင် မင်းကြီး၏ပစ္စည်းကို ပြန်၍ ရပါလိမ့်မည်"

မင်းကြီးလည်း ရှင်အာနန္ဒာပေးသည့် နည်းအတိုင်း သုံးရက်တိတိ လုပ်ဆောင်လေ၏။ သို့ရာတွင် ပစ္စည်းကား ပြန်မရသေး။ ရှင်အာနန္ဒာကို လျှောက်လေသော် နောက်တစ်နည်းကို လုပ်ဆောင်ရန် အကြံပေးလေ၏။

"မင်းကြီး...၊ မင်းကြီး၏ နန်းရင်ပြင်၌ အိုးစရည်းကြီး တစ်လုံးထဲသို့ ရေအပြည့်ထည့်ပါ။ ထို့နောက် တင်းတိမ် ကန့်လန့်ကာတို့ကို ကာရံစေလျက် မိန်းမ, ယောကျ်ားအားလုံး အပေါ်ဝတ်ရုံများ ခြုံလျက် တစ်ယောက်စီ တင်းတိမ်, ကန့်လန့်ကာအတွင်းသို့ ဝင်စေရပါမည်။ အပြင်ပြန်ထွက်ပါက လက်များကိုဖြန့်၍ ပြန်ထွက်စေရပါမည်။ ပစ္စည်းယူထားသော သူကား ပစ္စည်းအား အိုးစရည်းကြီးအတွင်း ထားခဲ့ပါလိမ့်မည်"

မင်းကြီးလည်း ရှင်အာနန္ဒာ အကြံပြုသည့်အတိုင်း လုပ်ဆောင်စေခဲ့၏။ ဤတွင် ပစ္စည်းခိုးယူထားသူမှာ ရှင်အာနန္ဒာသည်

www.burmeseclassic.com



ခိုးယူသူအား သိပုံရ၏။ သို့ရာတွင် ရာဇဝတ်ဘေး မသင့်စေရန် အတွက် တစ်နည်းတစ်ဖုံ ဥပါယ်တံမျဉ် သုံးနေခြင်းသာ ဖြစ် လိမ့်မည်။ ပစ္စည်းအား ပြန်ထားမှ သင့်တော်မည်ဟူ၍ သဘော ပေါက်သွားပြီး အိုးစရည်းအတွင်း၌ ပတ္တမြားဆံကျင်ဆံထိုးအား ထားရစ်ခဲ့လေ၏။ လူအားလုံး ကုန်စင်၍ အိုးစရည်းကြီး၌ ရှာဖွေ လေသောအခါ ပတ္တမြားဆံကျင်ဆံထိုးကို တွေ့ရ၍ မင်းကြီးနှင့် တစ်နန်းတော်လုံးမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး၊ အရှင်အာန န္ဒာအား ချီးကျူးထောပနာ ပြုကြလေ၏။

အဆိုပါသတင်းသည် နန်းတော်အတွင်းသာ မဟုတ်။ တစ် မြို့လုံးအနှံ့ ပျံ့နှံ့သွားလေရကား တရားသဘင်၌ ရဟန်းအပေါင်း တို့လည်း ရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုနေကြကုန်၏။ ထိုအခါ တ ားသ ဘင်တို့ ကြွလာသော ဘုရားရှင်လည်း အကြောင်းစုံသိရပြီး သကာလ ...

"ချစ်သားတို့၊ အာနန္ဒာသည် ယခုမှသာလျှင် သူ တစ်ပါးလက်သို့ ရောက်ရှိပြီးသော ဥစ္စာပစ္စည်းအား ပြန်လည်ရရှိအောင် ဆောင်ကြဉ်းနိုင်သည် မဟုတ်သေး။ ရှေးပညာရှိ ဘဝတုန်းကလည်း ဆောင်ကြဉ်းပေးနိုင်ခဲ့ဖူး ပြီ"

ဟု မိန့်တော်မူလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

လွန်လေပြီးသော ကာလ။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုမင်း၏ထံ၌ အတတ်ပညာအလုံးစုံကို တတ်မြောက်ကျွမ်းကျင်သည့် ပညာရှိအမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မင်းကြီးသည် အခြံအရံများဖြင့် ဥယျာဉ်တော်သို့ ကြွလေ၏။ မင်္ဂလာ ရေကန်တော်ကိုမြင်လျှင် ရေကစားလိုစိတ်များ ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် ဆင်တော်ပေါ်မှ သက်ဆင်းပြီး မောင်းမအပေါင်းကို ခေါ်စေ၏။ ထို့နောက် မောင်းမတို့ ရောက်လာလျှင် ရေကစားကြရန်အတွက် လည်ရွဲတန်ဆာ၊ ဦးခေါင်းတန်ဆာတို့ကို ချွတ်လျက် တဘက်တွင်ပတ်ကာ သေတ္တာ၏ အပြင်၌ ထားလေ၏။ ကျွန်မတို့ကို စောင့်ရှောက်စေ၏။ ထို့နောက် မောင်းမတို့နှင့်အတူ မင်းကြီးလည်း မင်္ဂလာကန်အတွင်း သက်ဆင်းကာ ရေကစားလေ၏။

ထိုအခါ ဥယျာဉ်တော်ရှိ သစ်ပင်ကြီးသစ်ပင်ကြား၌နေသော မျောက်မတစ်ကောင်သည် မိဖုရား၏ လည်ရွဲတန်ဆာကို မြင်လေသော် ဝတ်ဆင်လိုစိတ်များ ဖြစ်ပေါ်လာခဲ့၏။ ထို့နောက် အစောင့်ကျွန်မ ငိုက်မျဉ်းနေစဉ် သစ်ပင်ပေါ်မှ သက်ဆင်းလာကာ ပုလဲသွယ်ကို ခိုးယူလိုက်၏။ ထို့နောက် အခြားအခြားသော မျောက်များမသိရှိရလေအောင် သစ်ခေါင်းတစ်ခုအတွင်း၌ ဝှက်ထားလိုက်လေ၏။

ကျွန်မလည်း ငိုက်မျဉ်းနေရာမှ နိုးလေသော် ပုလဲသွယ်ကို မတွေ့တော့။ ဤ၌ ကြောက်ရွံ့တုန်လှုပ်ကာ မကြံတတ်တော့သဲ့ မိဖုရား၏ ပုလဲသွယ်အား ယောကျ်ားသူခိုးတစ်ယောက် ခိုးယူ

www.burmeseclassic.com



ထွက်ပြေးသွားပါကြောင်း အော်ဟစ်လေတော့၏။ အစောင့်အရှောက်တို့လည်း မင်းကြီးအား လျှောက်တင်ကြရာ၊ မင်းကြီးက သူခိုးအား ဖမ်းဆီးရန် အမိန့်ပေးလေ၏။

မင်းချင်းတို့လည်း ဥယျာဉ်တော်မှ ထွက်ကာ နေရာအနှံ့ ရှာဖွေကြသည် ရှိသော် ကျွန်မ၏ အော်သံကြောင့် စိုးရိမ်ထိတ်လန့်နေသော ယောကျ်ားတစ်ယောက်သည် ကြောက်လန့်ကာ ထွက်ပြေးလေတော့၏။ မင်းချင်းတို့လည်း 'ဤသူကား မိဖုရား၏ ပုလဲသွယ်အား ခိုးယူသူ ဖြစ်လိမ့်မည်'ဟု မှတ်ယူကာ လိုက်လံဖမ်းဆီးပြီး ရိုက်နှက်ပုတ်ခတ်ကြလေ၏။

"ဟယ် ... သူခိုးပျက်၊ သင်သည် မိဖုရား၏ ပုလဲသွယ်ကို ခိုးယူသလော"

"မခိုးယူပါ..."

ထိုသို့ဆိုလျှင် မင်းကြီးတို့က ရိုက်နှက်တုထောင်း ပြန်ကုန်၏။ ထိုအခါ ယောကျ်ားလည်း စဉ်းစားလေ၏။

"သည်ကနေ့အဖို့ရာကား ... ငါအသက်ရှင်ရခြင်းမှာ နောက်ဆုံး ဖြစ်ပေလိမ့်မည်။ ငါဝန်မခံမချင်း ပြင်းထန်စွာ ရိုက်နှက်ကြမှာ သေချာ၏။ သည့်အတွက် ငါခိုးယူကြောင်း ဝန်ခံမှသာလျှင် ရိုက်နှက်ခြင်းဘေးမှ ကင်းဝေးပေလိမ့်မည်"

ထိုသို့ယူဆပြီး ပုလဲသွယ်အား ခိုးယူမိပါကြောင်း ဝန်ခံလေ၏။ မင်းချင်းတို့လည်း ၎င်းအား ကြိုးများဖြင့် တုပ်နှောင်ဖမ်းဆီးလျက် မင်းကြီးထံမှောက်သို့ ပို့ဆောင်ကြကုန်၏။ မင်းကြီးထံမှောက်သို့ ရောက်လျှင် မင်းကြီးက မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အသင်ယောကျ်ား၊ သင်သည် ငါ၏မိဖုရားပိုင်သော ပုလဲသွယ်ကို ခိုးယူသလော"

"မှန်လှပါ၊ ခိုးယူမိပါ၏ ..."

"သို့ဆိုလျှင် ထိုပုလဲသွယ်ကား အဘယ်မှာရှိသနည်း..."

"မှန်လှပါ၊ သူဌေးကြီးကို ပေးထားပါ၏ ..."

ထိုအခါ သူဌေးကြီးကို ခေါ်ယူစေ၏။ သူဌေးကြီး ရောက်လေသော် မေးမြန်းပြန်၏။ သူဌေးကြီးက ထိုပုလဲသွယ်အား ပုရောဟိတ်ထံ ပေးထားကြောင်း ဖြေလေ၏။ ပုရောဟိတ်ကလည်း စောင်းသမားကို ပေးထားကြောင်း ဖြေပြန်၏။ စောင်းသမားကလည်း ပြည့်တန်ဆာမအား ပေးထားကြောင်း ဆိုပြန်၏။ ပြည့်တန်ဆာမကို ခေါ်ယူစစ်ဆေးသည့်အခါ–

"အရှင်မင်းကြီး၊ ထိုပုလဲသွယ်ကို မယူပါ။ မြင်လည်း မမြင်ဖူးပါ"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း အမှုနှင့် ရောထွေးနေသော ထိုသူငါးယောက်အား မေးမြန်းနေစဉ် နေဝင်သွားခဲ့သဖြင့် မနက်ဖြန်မှ ထပ်မံစစ်ဆေးမည်ဟု မိန့်ကာ မင်းချင်းတို့ထံ အပ်နှံပြီး နန်းတော်သို့ ဝင်လေ၏။

ထိုအခါ မင်းကြီး၏ ပညာရှိအမတ်လည်း အမှုအခင်းနှင့် စပ်လျဉ်းပြီး စဉ်းစားလေ၏။

"ဤလည်ဆွဲရတနာကား၊ အတွင်းလူ၏ လက်ထဲမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်၏။ မြို့တံခါးဟူသည် အစောင့်အကြပ်

www.burmeseclassic.com



ထူပြောလှသည်ဖြစ်၍ အပြင်လူတို့အနေဖြင့် မည်သို့မျှ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ပေ။ အတွင်းလူတို့ကလည်း ရာဇဝတ်ဘေးကို ထိတ်လန့်၍ ယူဝံ့ကြလိမ့်မည် မဟုတ်။

သူဌေးကြီးကို ပေးလိုက်ပါသည်ဆိုသော ယောကျ်ားမှာလည်း ၎င်းလွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် စိတ်ကူးတည့်ရာ ပြောလိုက်ခြင်းသာ ဖြစ်လိမ့်မည်။ သူဌေးကြီးကလည်း ပုရောဟိတ်ကို ပေးသည်ဆိုရာ၌ ပုရောဟိတ်နှင့် ပေါင်း၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ကြံစည်၍ ပြောဆိုခြင်းသာ ဖြစ်လိမ့်မည်။ ထို့အတူ စောင်းသမား၊ ပြည့်တန်ဆာတို့မှာလည်း စိတ်ကူးတည့်ရာ ပြောဆိုခြင်းပင် ဖြစ်လိမ့်မည်။ စင်စစ် ၎င်းတို့ငါးဦးစလုံးမှာ ခိုးဝှက်ယူငင်သူတို့ လုံးဝမဖြစ်နိုင်။

မင်းကြီးသွားရောက်သော ဥယျာဉ်တော်ကား မျောက်သတ္တဝါတို့များစွာ ရှိကုန်၏။ အမှန်စင်စစ် လူတို့၏ အတုကို ယူတတ်သော မျောက်မတစ်ကောင်၏ လက်တွင်းသို့ ရောက်သည်သာ ဖြစ်ရမည်”

ဟူ၍ စဉ်းစားတွေးခေါ်မိလေ၏။ ထို့နောက် မင်းကြီးထံ သွားလျက်–

“အရှင်မင်းကြီး၊ ထိုသူငါးယောက်စလုံးအား ကျွန်ုပ်ထံ အပ်ပါလော့။ အမှုမှန်ပေါ်အောင် ကျွန်ုပ် စစ်ဆေးပါမည်”

ဟူ၍ လျှောက်ထားလေသော် မင်းကြီးလည်း စိတ်ချယုံကြည်စွာဖြင့် ပညာရှိအမတ်ထံ အပ်နှင်းလေ၏။ ပညာရှိအမတ်

www.burmeseclassic.com

www.burmeseclassic.com



လည်း ၎င်းကြံစည်ထားသည့်အတိုင်း အစောင့်အရှောက်တို့ကို ခေါ်စေ၍–

"အမောင်တို့၊ ဤသူ ငါးယောက်အား ... တစ်နေရာ တည်း၌ စု၍ထားကြပါ။ ၎င်းတို့အချင်းချင်း ပြောဆိုနေကြ သော စကားတို့ကို ချောင်းမြောင်းနားထောင်၍ ငါ့အား ပြန်ပြောကြပါလော့..."

ဟူ၍ မှာထားလေ၏။ အစောင့်အရှောက်တို့လည်း ပညာရှိ အမတ် မှာကြားသည့်အတိုင်း ထိုသူငါးဦးကို တစ်နေရာတည်း၌ စုဝေးထားရှိကာ အချင်းချင်း ပြောဆိုနေကြသော စကားတို့အား ချောင်းမြောင်း နားထောင်လေ၏။

သူဌေးကြီးက စတင်၍ စကားပြောဆိုလေ၏။

"ဟယ် ... တောသားလူပျက်၊ သင်နှင့်ငါသည် တစ်ခါဖူးမျှ မတွေ့မမြင်ဘူးပါလျက် အဘယ်ကြောင့် ငါ့ အား ပုလဲသွယ်ကို ပေးသည်ဟု ပြောရလေသနည်း"

"အရှင်သူဌေးကြီး၊ အကျွန်ုပ်သည် အဆိုပါ ပုလဲသွယ် ကို မြင်တောင်မှ မမြင်ဘူးပါ။ အရှင်သူဌေးကြီးကို လွှဲချ သော် လွတ်လိမ့်မည်ထင်၍ စိတ်ကူးတည့်ရာ ပြောဆိုမိခြင်း ဖြစ်ပါ၏"

ထိုအခါ ပုရောဟိတ်က–

"သူဌေးကြီး၊ သင့်ကို တောသားလူပျက်က ပစ္စည်း မပေးပါဘဲနှင့် ငါ့အား သင်ကပေးသည်ဟု အဘယ်ကြောင့် ပြောရလေသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"အသင်ပုရောဟိတ်။ ငါသည် သင့်ကို အမှန်တကယ် မပေးခဲ့ပါ။ သို့ပါသော်လည်း ကျွန်ုပ်နှင့် သင်တို့မှာ ဥစ္စာရှင်ချည်းဖြစ် တစ်ပေါင်းတည်းဆိုပါက အမှုမှ လွတ်မြောက်နိုင်လိမ့်မည် အထင်ဖြင့် ပြောဆိုမိခြင်း ဖြစ်ပါ၏"

ထိုအခါ စောင်းသမားက–

"အဆွေ ပုရောဟိတ်၊ သင်သည် ငါ့အား မည်သည့်ပစ္စည်းမျှ မပေးပါဘဲနှင့်၊ ပေးသည်ဟု ဆိုရလေသနည်း"

"အဆွေ စောင်းသမား၊ ငါတို့ နှောင်အိမ်တွင်း၌ ရှိကြစဉ် ပျင်းရိခြင်း မဖြစ်ရလေအောင် သင့်ကို ဆွဲယည့်မိခြင်း ဖြစ်ပါ၏"

ထိုအခါ ပြည့်တန်ဆာမကလည်း ...

"ဟယ် ... စောင်းသမားယုတ်၊ သင်နှင့်ငါသည် တစ်ခါဖူးမျှလည်း မတွေ့ဆုံဖူးခဲ့။ ကိုယ်လက်လည်း မနီးနှောခဲ့။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် လည်ဆွဲအား ငါ့ကိုပေးသည်ဟုဆိုကာ ယိုးစွပ်ရလေသနည်း"

"အို ... နှမ၊ ငါ့အား စိတ်မဆိုးပါနှင့်။ နှောင်အိမ်အတွင်း၌ ငါတို့ရှိနေကြစဉ် အိမ်မှာကဲ့သို့ မပျင်းမရိရလေအောင် နှမအား ဆွဲထည့်မိခြင်း ဖြစ်ပါ၏ ..."

ထိုသို့ ငါးဦးသား တစ်ဦးနှင့်တစ်ဦး ပြောဆိုကြသည်တို့အား အစောင့်အရှောက်တို့သည် သေချာစွာ မှတ်သားလျက် ပညာရှိအမတ်ထံ တင်ပြလျှောက်ထားကြကုန်၏။ ပညာရှိအမတ်လည်း–

www.burmeseclassic.com

www.burmeseclassic.com



"ထိုသူတို့ကား သူခိုးများ မဟုတ်ကြသည်မှာ သေချာပေပြီ။ ငါသည် ဥယျာဉ်တော်သို့ သွားလျက် တကယ့်တရားခံဖြစ်သော မျောက်မထံမှ လည်ဆွဲကို ပြန်ရအောင် လုပ်ဆောင်မှ ဖြစ်တော့မည်"

ဟူ၍ ကြံစည်ကာ ချည်ထုံးတို့ဖြင့် တန်ဆာတို့ကို စီရင်လေ၏။ ထို့နောက် ဥယျာဉ်အတွင်းရှိ မျောက်မတို့ကို ဖမ်းဆီးလျက် ချည်ထုံးလည်ဆွဲတို့အား ဆင်ယင်ပေးလိုက်ပြီး ပြန်လွှတ်လိုက်လေ၏။ ထို့အတူ မင်းချင်းတို့အားလည်း လိုအပ်သည်တို့ကို မှာကြားကာ ဥယျာဉ်တော်သို့ စေလွှတ်ထားလေ၏။

ချည်ထုံးတန်ဆာကို ဝတ်ဆင်ထားကြသော မျောက်မတို့ကို မြင်လျှင် ပုလဲသွယ်ကို ခိုးယူထားသော မျောက်မလည်း မခံချင်စိတ် ဝင်လာပြီး၊ ၎င်းဝှက်ထားသော သစ်ခေါင်းသို့သွား၍ ပုလဲသွယ်ကို ထုတ်ကာ ဝတ်ဆင်လေ၏။ ထိုအခါ မင်းချင်းတို့လည်း မျောက်မကို ရအောင် ဖမ်းဆီးလျက် ပုလဲသွယ် တန်ဆာကို ရယူပြီး ပညာရှိအမတ်ထံ ပေးအပ်၏။ ပညာရှိအမတ်လည်း ပုလဲသွယ်အား မင်းကြီးထံဆက်သပြီး အကျိုးအကြောင်း အမှန်ကို တင်ပြလျှောက်ထားလေ၏။ မင်းကြီးလည်း ကျေနပ်အားရ နှစ်သက်တော်မူပြီး အပြစ်မဲ့သူ ငါးဦးစလုံးကို လွှတ်လိုက်၏။ ထို့နောက် ...

"အမောင်တို့၊ စစ်တိုက်ရာ၌ ရဲရင့်သူကို အလိုရှိစမြဲဖြစ်၏။ တိုင်ပင်နှီးနှောရာဝယ် နှုတ်စောင့်စည်းသူကို အလိုရှိကြကုန်၏။ အစားကောင်း၊ အသောက်ကောင်းနှင့် ကြုံ

www.burmeseclassic.com



လျှင် ချစ်ခင်သူကို သတိတရရှိကြ၏။ ထို့အတူ ခက်ခဲနက်နဲသော ပြဿနာကို ဖြေရှင်းရာဝယ် ပညာရှိသူကို အလိုရှိစမြဲပင်”

ဟူ၍ ပြောဆိုပြီး ပညာရှိအမတ်အား ရတနာခုနစ်ပါးဖြင့် ချီးမြှောက်ဂုဏ်ပြုလေ၏။ မင်းကြီးလည်း ပညာရှိအမတ်၏ အဆုံးအမ၌ အသက်ထက်ဆုံးတည်ကာ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အား အုပ်ချုပ်လေတော့၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူပြီး တရားနာရဟန်းပရိသတ်တို့အား ...

“ရဟန်းတို့၊ ထိုစဉ်အခါက ဗာရာဏသီမင်းသည် ယခုအခါ၌ အာနန္ဒာဖြစ်၍လာ၏။ ပညာရှိအမတ်ကား ငါဘုရားရှင် ဖြစ်လာ၏”


ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းလေတော့သတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## ၉၃။ ဝိဿသဘောဇနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၃]

# ဝိသာသဘောဇနဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမ္ပယ်သီတင်းသုံးစဉ်က ရဟန်းအချို့သည် မိဘမောင်ဖွား ဆွေမျိုးသားချင်းတို့ထံမှ ပေးလှူအပ်သော ပစ္စည်းတို့အား ပစ္စဝေက္ခဏာ ယုံမှားခြင်းမရှိ ဆင်ခြင်ခြင်းမရှိဘဲ သုံးဆောင်နေကြကုန်၏။

ထိုအကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူသောအခါ ရဟန်းတို့ကို စည်းဝေးစေခဲ့၏။ ထို့နောက်–

"ရဟန်းတို့ ...

"ရဟန်းတို့မည်သည်ကား ဆွေမျိုးတော်သူ–မတော်သူ၊ အကျွမ်းဝင်သူ မဝင်သူ၊ မည်သူမဆို ပေးလှူအပ်သော ပစ္စည်းလေးပါးတို့အား ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ မသုံးဆောင်အပ်ပေ။ မဆင်ခြင်ဘဲ သုံးဆောင်မိပါက ဘီလူး၊ ပြိတ္တာတို့ ဖြစ်တတ်၏။ မဆင်ခြင်ဘဲ သုံးဆောင်သော

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးပါးမှာ လတ်တလော သေစေတတ်သော အဆိပ်နှင့် တူပေ၏။ အဆိပ်မှာလည်း ဆွေမျိုးတော်သူ မတော်သူ၊ အကျွမ်းဝင်သူ–မဝင်သူ၊ မည်သူကပင် ပေးသည် ဖြစ်စေ စားသောက်မိပါက သေစေတတ်သည်ချည်းပင် ဖြစ်၏။

ရှေးအခါက အကျွမ်းဝင်သူပေးသော အဆိပ်ကို သုံးဆောင်မိသဖြင့် သေဆုံးခဲ့ရဖူးလေပြီ”

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုတိုင်းပြည်၌ပင် ဥစ္စာစည်းစိမ်များစွာ ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ရှိလေ၏။

ထိုသူဌေးကြီး၌ နွားကျောင်းသားတစ်ယောက် ရှိ၏။

ထိုနွားကျောင်းသားသည် မိုးလအခါ၌ နွားတို့ကို စားကျက်ကျယ်ရာ တောအရပ်၌ နွားခြံပြုလုပ်၍ ထိန်းကျောင်းလေ၏။ နွားမှရသော နွားနို့၊ ထောပတ်တို့အား သူဌေးကြီးထံသို့ ပို့လေ၏။

တစ်နေ့သ၌ နွားကျောင်းသားသည် သူဌေးကြီးထံသို့ အနည်းငယ်သော ထောပတ်တို့ကို သွားပို့လေ၏။ ထိုအခါ သူဌေးကြီးက–

www.burmeseclassic.com

www.burmeseclassic.com



"အမောင်၊ အဘယ့်ကြောင့် ထောပတ်နည်းနည်းသာ ရလေသနည်း"

"သူဌေးကြီး၊ နွားခြံအနီး၌ ခြသေ့ံတစ်ကောင် ရောက်ရှိနေပါ၏။ နွားမတို့မှာ ခြသေ့ံအား ကြောက်လန့်သဖြင့် အစာကောင်းစွာ မစားနိုင်ဘဲ ပိန်ချုံးလာကြပါ၏။ သည့်အတွက် နို့ကောင်းစွာ မထွက်သဖြင့် ထောပတ်တို့ နည်းနေရခြင်း ဖြစ်ပါ၏"

"အမောင်၊ အဆိုပါ ခြသေ့ံ၌ ရင်းနှီးကျွမ်းဝင်စွာ ပေါင်းဖော်နေသူ ရှိပါသလော"

"သူဌေးကြီး၊ အဆိုပါ ခြသေ့ံသည် ပြောင်မတစ်ကောင်အား ကျွမ်းဝင်စွာ ပေါင်းသင်းနေပါ၏"

"အမောင်၊ သို့ဆိုပါက သင်သည် ပြောင်မကို ဖမ်းဆီးနိုင်ပါသလော"

"သူဌေးကြီး၊ အကျွန်ုပ်သည် ပြောင်မအား ဖမ်းဆီးနိုင်ပါ၏"

"အမောင်၊ သို့ဆိုပါက ပြောင်မကို ဖမ်းဆီးပါ။ ဖမ်းဆီးပြီးပါက ပြောင်မ၏ နဖူးမှစ၍ တစ်ကိုယ်လုံးကို အဆိပ်တို့ဖြင့် လိမ်းကျံပေးပါ။ ထို့နောက် အခြောက်ခံထားပါ။ ပြောင်မတစ်ကိုယ်လုံးရှိ အမွေးအမျှင်တို့ အဆိပ်ဖြင့် ခြောက်သွေ့ပြီးသကာလ နှစ်ရက်သုံးရက်လွန်လေမှ ပြန်လွှတ်ပေးပါ။ ထိုအခါ ခြသေ့ံသည် ပြောင်မအား ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံလိုသည့်အခါ၌ ဘာသာဘာဝ ပြောင်မ

www.burmeseclassic.com

www.burmeseclassic.com



၏ နဖူးမှစ၍ တစ်ကိုယ်လုံးကို လျှာနှင့်လျက်လိမ့်မည်။ ဤတွင် ပြောင်မခန္ဓာမှ အဆိပ်တို့သည် ခြင်္သေ့ထံ ရောက်ရှိသွားပြီး ခြင်္သေ့လည်း အဆိပ်သင့်ကာ သေဆုံးလိမ့်မည်။

ထိုအခါ ခြင်္သေ့၏အရေ၊ ခြေသည်း၊ လက်သည်း၊ အစွယ်၊ အဆီ၊ အသားတို့အား ငါ့ထံသို့ ယူခဲ့လော့"

ဤသို့ မှာကြားပြီး သူဌေးကြီးလည်း နွားကျောင်းသားအား အဆိပ်တို့ကို ပေးလျက် ပြန်လွှတ်လိုက်လေ၏။

တောအုပ်သို့ ပြန်ရောက်သည်ရှိသော် နွားကျောင်းသားသည် ပြောင်မအား ထောင်ချောက်ဆင်ကာ ဖမ်းဆီးလေ၏။ မိလေသော် သူဌေးကြီး စီစဉ်ညွှန်ကြားသည့်အတိုင်း ပြောင်မ၏ နဖူးမှသည် တစ်ကိုယ်လုံးရှိ အမွှေးအမျှင်တို့ နေရာမလပ် အဆိပ်တို့ လိမ်းကျံ၏။ ကောင်းစွာခြောက်သွေ့ပြီး တစ်ရက်နှစ်ရက်လွန်သော ပြန်လွှတ်လိုက်လေ၏။ ခြင်္သေ့လည်း ပြောင်မကို မြင်လေသော် ရာဂစိတ် ပြင်းထန်လွန်း၍ ဘာကိုမျှ မဆင်ခြင်တော့ဘဲ ပြောင်မ၏နဖူးမှသည် နေရာမလပ် လျှာဖြင့်ရက်လေတော့၏။ ထိုအခါ အဆိပ်တို့ ပျံ့နှံ့သွားပြီး ခြင်္သေ့လည်း နေရာတွင် အသက်ကုန်လေ၏။ ထိုအခါ သူဌေးကြီး အလိုရှိသော ခြင်္သေ့ထံမှ ပစ္စည်းတို့အား ယူငင်ကာ သူဌေးကြီးကို ပေးလေ၏။ သူဌေးကြီးလည်း ထိုအကြောင်းကိုသိ၍ ရောက်လာကြသော ပရိသတ်တို့အား-

"အမောင်တို့၊ ယုံမှားမကင်းသူ၌ လည်းကောင်း၊ ယုံမှားကင်းသူ၌လည်းကောင်း၊ ချစ်ကျွမ်းဝင်ခြင်း မပြုရာ။

www.burmeseclassic.com

www.burmeseclassic.com



ပြောင်မမှုဖြစ်သော ဘေးသည် ခြသေ့်မင်းအား အစဥ်လိုက်သကဲ့သို့၊ ချစ်ကျွမ်းဝင်သူထံမှ ဘေးသည်လည်း အစဥ်လိုက်လေ၏”

ဟုဆိုကာ တရားပြဆုံးမလေ၏။ သူဌေးကြီးလည်း ဒါန၊ သီလ၊ ကုသိုလ်ဘာဝနာတို့ ပွားများရင်း သေလွန်သည်ရှိသော် ကောင်းရာသုဂတိသို့ လားရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက် ရဟန်းပရိသတ်တို့အား–

“ရဟန်းတို့ ...

ထိုစဥ်အခါက ဗာရာဏသီသူဌေးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၅၄။ လောမဟံသဇာတ်



www.burmeseclassic.com

www.burmeseclassic.com



[၉၄]

# လောမဟံသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ လောကဉသျှောင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်ရှိ ပဋ္ဌကမည်သော သီတင်းသည် ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုအခါ သုနက္ခတ္တရဟန်းသည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်၍ ဘုရားရှင် ဒေသစာရီ ကြွလေတိုင်း နောက်တော်ပါးမှ သပိတ်, သင်္ကန်းတို့ကိုပိုက်၍ လိုက်ပါရ၏။ တစ်နေ့သော် သုနက္ခတ္တသည် ကောရခတ္တိယ၏ တရားကို နှစ်သက်တော်မူသဖြင့် မြတ်စွာဘုရားထံသို့ သပိတ်သင်္ကန်းတို့ကို အပ်တော်မူလျက် ကောရခတ္တိယထံ သွားကာ ဟပည့်အဖြစ် ခံယူနေတော့၏။

သုနက္ခတ္တသည် ၎င်း၏ဆရာအရှင် ကောရခတ္တိယ သေလွန်၍ ကာလကဥ္စိက အသုရာဖြစ်လေသော် လူထွက်လိုက်ပြီး ဝေသာလီပြည် တံတိုင်းသုံးထပ် အကြားတွင် လှည့်လျက်လျက်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းဂေါတမကား အရိယာအဖြစ်ကို ပြုနိုင်စွမ်းသော တရားမရှိချေ။ ၎င်းဘာသာ ကြံဆစုံစမ်း၍ ရလာသော တရားကိုသာလျှင် ဟောလေ့ရှိ၏။ တရားကို ကျင့်သောသူကား ဆင်းရဲခြင်း အလုံးစုံကုန်စင်အောင် မပြုနိုင်ပေ..."

ဟူ၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးမဲ့ စကားများကို ပြောဆိုလေ၏။

ထိုအကြောင်းကို ရှင်သာရိပုတ္တရာသည် ဆွမ်းခံသွားရင်းမှ ကြားလာရသည့်အတွက် ဘုရားရှင်အား လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က–

"ချစ်သား သာရိပုတ္တရာ၊ မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော သုနက္ခတ္တကား ငါဘုရားရှင်၏ ဂုဏ်ကျေးဇူးကို မသိ၍လည်းကောင်း၊ အမျက်ထွက်၍လည်းကောင်း ပြောဆိုခြင်းသာ ဖြစ်ပေ၏။ ငါဘုရား၌ရှိသော အဘိညာဉ်ခြောက်ပါး ဒသဗလဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ် စသည်တို့ကား ဥတ္တရိမနုဿ ဓမ္မများ ဖြစ်ကြပေ၏။ ငါဘုရားအား ဥတ္တရိမနုဿဓမ္မ မရှိ၊ အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော တရားမရှိဟု ဆိုလာသူကား သေလျှင် ငရဲသို့ မုချကေန် ကျရောက်လတ္တံ့။

ချစ်သား ... သာရိပုတ္တရာ၊ မိစ္ဆာအယူ၌ ကြည်ညို သက်ဝင်သူကား ကေန်စင်စစ် ငါဘုရားရှင်အပေါ် ကြည်ညိုလိမ့်မည် မဟုတ်ပေ။ ငါဘုရားသည်ပင်လျှင် ဤဘဒ္ဒကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



မှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ သာသနာပဖြစ်သော မိစ္ဆာအယူသည် အနှစ်သာရရှိသလော ဟူ၍ စုံစမ်းခဲ့ဖူး၏။ ထိုအခါက–

(၁) အလွန်ချိုးခြံသော အကျင့်ကို ကျင့်မည်။

(၂) ကျင့်လျှင် ကိလေသာ ခေါင်းပါးမည်။

(၃) ခေါင်းပါးလျှင် မကောင်းမှုကို စက်ဆုပ်မည်။

(၄) စက်ဆုပ်လျှင် မကောင်းမှုမှ ကင်းမည်။

ဟူ၍ နှလုံးသွင်းကာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဗြဟ္မစရိယ အကျင့်ကို ကျင့်၍နေဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဤဘဒ္ဒကမ္ဘာ ကိုးဆယ့်တစ်ကမ္ဘာထက်၌ အာဇီဝက တစ်ဦးသည် သာသနာပ အကျင့်ဖြစ်သော မိစ္ဆာအကျင့်ကို စုံစမ်းမည် ဟူ၍ ကြံစည်ကာ ရဟန်းပြုလေ၏။ ၎င်းသည် အဝတ်အစားတို့ကို စွန့်ပယ်၏။ ကိုယ်ခန္ဓာကိုလည်း သုတ်သင်ရှင်းလင်းခြင်း မပြု၊ ထို့ကြောင့် မြူနှင့်တကွ ချေးညှော်အညစ်အကြေးတို့သည် အလိမ်းလိမ်း ကပ်ငြိလျက် ရှိကုန်၏။ သူသည် ဆိတ်ငြိမ်ရာ အရပ်သို့သွား၍ တစ်ကိုယ်တည်းနေ၏။ လူအရိပ်အယောင် မြင်လျှင် ထွက်ပြေးပုန်းရှောင်၏။ ဖောက်ပြန်သော အစားအစာဖြစ်သည့် နွားချေးတို့ကို စား၏။ မမေ့မလျော့ မဖြစ်စေရန် သတိထား၍ တောအုပ်တစ်အုပ်၌ နေလေ၏။

www.burmeseclassic.com



သူသည် အလွန်ချမ်းအေးလှစွာသော ရာသီဥတုသို့ ရောက်လျှင် ညဥ့်အခါ ဆီးနှင်းများ ကျဆင်းလျက်ရှိသော လွင်တီးခေါင်ပြင်သို့ ထွက်၍ ဆီးနှင်းရည်တို့ကို ချွေးကာ စွတ်စွတ်စိုစေပြီး အအေးခံ၏။ နံနက်ခင်းသို့ရောက်သော် တောအုပ်အတွင်းရှိ သစ်ရွက်များမှ ယိုစီးသော နှင်းစက်ရေပေါက်တို့ စွတ်စိုစေကာ အအေးခံပြန်၏။

အလွန်ပူပြင်းသော ဥတုရာသီသို့ ရောက်ပြီဆိုပါကလည်း နေ့အခါ လွင်တီးခေါင်ပြင်သို့ ထွက်၍ နေအပူဒဏ်ကို ခံ၏။ ညဥ့်အခါ၌လည်း တောအုပ်ထဲ၌ လေမတိုက်သော တောအုပ်၊ သစ်ပင်ငွေ့တို့ဖြင့် အပူခံ၍ ကိုယ်မှ ချွေးတို့ကို ပြိုက်ပြိုက်ယိုစီးကျစေ၏။ ထိုအခါ အဆိုပါ အာဇီဝကရဟန်းအား တွေ့မြင်ရသူတို့က–

"အို ... ရှင်ရဟန်း၊ သင်ကား– လွန်စွာမှပင် အပူဒဏ်ကို ခံဘိ၏။ လွန်စွာမှလည်း အအေးဒဏ်ကို ခံဘိ၏။ ကြောက်မက်ဖွယ်ရာကောင်းသော တောအုပ်တွင်း၌ တစ်ပါးတည်းလည်း နေ၏။ ချမ်းအေးသော်လည်း မီးမလှုံ၊ အဝတ်မဝတ်။ မြတ်သောအကျင့်ကို ရှာဖွေခြင်း၌ လုံ့လပြုဘိ၏"

ဟူ၍ ဆိုကြ၏။ ထိုအခါ အာဇီဝကလည်း ၎င်းကိုယ်၎င်း ဆင်ခြင်သုံးသပ်လေသောအခါ ရှေးအခါက မကြားဖူးသော အကျင့်တို့သည် ဉာဏ်၌ အလိုလိုထင်လာကြကုန်၏။ ဤသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အကျင့်တို့အား အကျင့်မြတ်ဟု ထင်မြင်ယူဆပြီး ကျင့်ကြံနေရာမှ သေခါနီးကာလတွင်မ၀ိမိတ်တို့ ထင်လာကြ၏။ ထိုအခါမှ–

www.burmeseclassic.com

www.burmeseclassic.com



"ဤမိစ္ဆာအကျင့်တို့ကား မှားယွင်းသော အကျင့်များသာဖြစ်ပေ၏။ စင်စစ် အကျိုးရှိသော အကျင့်များမဟုတ်"

ဟူ၍ ဆင်ခြင်စဉ်းစားမိပြီး၊ မိစ္ဆာအကျင့်, မိစ္ဆာအယူတို့ကို ပယ်စွန့်လိုက်၏။ ကောင်းမြတ်သော သမ္မာအယူကို ယူ၍ ကျင့်ကြံအားထုတ်သည်ရှိသော် ကောင်းသောသုဂတိသို့ လားရလေ၏။

ဤသို့လျှင် ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန်, နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် ဘုရားနှာ ရဟန်းပရိသတ်တို့အား–

"ရဟန်းတို့ ...

ထိုစဉ်အခါက အဝတ်မဝတ်သော အာဇီဝကသည် ယခုအခါတွင် ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၉၅။ မဟာသုဒဿနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၅]

# မဟာသုဒဿနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် 'ပရိနိဗ္ဗာန် ပြုတော့မည်...' ဟု မိန့်ဆိုတော်မူကာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှသည် အစဉ်အတိုင်း ကြွတော်မူလာခဲ့၏။

ထိုအခါတွင် ကုသိနာရုံပြည်ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်သို့ ရောက်ရှိခဲ့၏။ ထို့နောက် အင်ကြင်းပင်ပျို နှစ်ပင်ကြား မြောက်အရပ်သို့ ဦးခေါင်းပြုကာ ခင်းထားအပ်သော ညောင်စောင်းထက်၌ လဲလျောင်း ကျိန်းစက်တော်မူလေ၏။ ထိုအခါ ညီတော် အာနန္ဒာက ဘုရားရှင်အား–

"ဘုန်းတော်ကြီးမားလှစွာသော အရှင်မြတ်ဘုရား– အရှင်ဘုရားအနေနှင့် အခက်အလက်နှင့်တူသော ဤမြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့်။ စမ္ပာနဂိုရ်၊ ရာဇ

www.burmeseclassic.com



ဂြိုဟ်၊ သာဝတ္ထိ ... အစရှိသော အခြားမြို့ကြီးများတွင် နှစ်သက်ရာ တစ်မြို့မြို့၌ ပရိနိဗ္ဗာန် ပြုတော်မူပါ”

ဟူ၍ လျှောက်ထားတောင်းပန်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

“ချစ်သား အာနန္ဒာ၊ ဤကုသိနာရုံ မြို့အား အခက်၊ အလက်နှင့်တူသော မြို့ငယ်ဟု မဆိုပါနှင့်။ စင်စစ် ဤကုသိနာရုံမြို့သည် ရှေးက တစ်ဆယ့်နှစ် ယူဇနာ ကျယ်ဝန်းလျက် ရတနာတံတိုင်းဖြင့် ခြံရံအပ်သော မြို့ကြီး ဖြစ်ခဲ့ဖူးလေပြီ”

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလတစ်ခု၌ မြို့ကြီးပေါင်း ရှစ်သောင်းလေးထောင် ခြံရံအပ်သော ကုသဝတီဟူသော တိုင်းပြည်ကြီးတစ်ပြည် ရှိလေ၏။ ထိုကုသဝတီ တိုင်းပြည်ကြီး၌ စကြာမင်းကြီးမှာ မဟာသုဒဿန ဖြစ်လေ၏။

ထိုမဟာသုဒဿန စကြာမင်းကြီးသည် နှစ်ပေါင်းများစွာ နန်းစည်းစိမ်ကို ခံစားခဲ့ပြီး နတ်ရွာစံ ကံတော်ကုန်မည့်နေ့ဝယ် သုဓမ္မပြာသာဒ်တော်မှ ဆင်းသက်ခဲ့၏။ ထို့နောက် ရတနာခုနစ်ပါးအထိ ပြီးသော ထန်းတော၌ ခင်းထားသည် သလွန်ညောင်စောင်းဝယ် လဲလျောင်းတော်မူလေ၏။ ထိုအခါ သုဘဒ္ဒါမိဖုရားကြီးသည် မင်းကြီးအား–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ ကုသဝတီ နေပြည်တော်ကြီး အမှူး ရှိကုန်သော မြို့ကြီးပေါင်း ရှစ်သောင်းလေးထောင်တို့ကား အရှင်မင်းကြီး၏ ပစ္စည်းဥစ္စာများပင် ဖြစ်ကြပါ၏။ ၎င်းတို့အပေါ်၌လည်း ချစ်ခြင်းကို ပြုတော်မူပါ"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးလည်း–

"အရှင်မိဖုရားကြီး၊ ထိုသို့ မဆိုပါနှင့်။ ဤမြို့ကြီးပေါင်း ရှစ်သောင်းလေးထောင်တို့၌ တပ်မက်တွယ်တာစိတ်၊ ချစ်ခြင်းစိတ်တို့ကို ပယ်ဖျောက်ပါလော့။ ငဲ့ကွက်မနေပါနှင့်။ ငါ့အား ... ပြောဆိုလိုသမျှတို့အား ပြောကြားပါလော့..."

"အရှင်မင်းကြီး၊ အဘယ့်အတွက်ကြောင့် ဤစကားကို ဆိုရလေသနည်း..."

"မိဖုရားကြီး၊ ငါကား ... ဤယနေ့မှာပင် နတ်ရွာစံကံတော်ကုန်လိမ့်မည် ဖြစ်၏"

ထိုစကားကြားလေသော် သုဘဒ္ဒါ မိဖုရားကြီးလည်း ကြေကွဲဝမ်းနည်းစိတ်ဖြင့် သည်းထန်စွာ ငိုကြွေးလေ၏။ ရှစ်သောင်းလေးထောင်သော မင်းမိဖုရားအပေါင်းမှာလည်း သည်းထန်စွာ ငိုကြွေးကြပြန်၏။ ၎င်းတို့သာမက မှူးမတ်ပရိသတ်တို့မှာလည်း ဖြေဆည်ချုပ်တည်း၍မရဘဲ အလုံးစုံပင် သည်းထန်စွာ ဝမ်းနည်းပူဆွေး ငိုကြွေးကြလေ၏။ ထိုအခါ မဟာသုဒဿန စကြာမင်းကြီးလည်း အလုံးစုံသော သူတို့အား ငိုကြွေးခြင်း မပြုရန် တားမြစ်နှစ်သိမ့်ပြီး သုဘဒ္ဒါမိဖုရားကြီးကို ခေါ်၍–

www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားကြီး၊ လောကဥ္စ နှမ်းစေ့မျှလောက်သော သင်္ခါရတရားတို့ကို အစပြု၍ အလုံးစုံသော သင်္ခါရ တရားတို့မှာ အမြဲမရှိကြကုန်။ ဖြစ်တတ်, ပျက်တတ်သော သဘောရှိကုန်၏။ ဖြစ်ပြီးလျှင် ပျက်ရစမြဲပင် ဖြစ်၏။

အဆိုပါ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာသည်ကား နိဗ္ဗာန်ပင် ဖြစ်ပေ၏။ ဆင်းရဲခြင်း အလုံးစုံတို့ ကုန်ဆုံးရာသည်လည်း နိဗ္ဗာန်ပင် ဖြစ်ချေ၏။"

ဟူ၍ ဆုံးမလျက် ချမ်းသာခြင်း သုခအပေါင်းတို့ စုဝေးရာဖြစ်သော နိဗ္ဗာန်ကို အထွတ်တင်ကာ တရားဓမ္မတို့ကို ဟောကြားတော်မူလေ၏။ အခြားအခြားသော မင်း၊ မင်းဖုရား၊ မှူးမတ်ပရိသတ် အလုံးစုံတို့အားလည်း ...

"အလှူပေးကြကုန်လော့။ သီလကုန် ဆောက်တည်ကြကုန်လော့။ ဘာဝနာတရားများကို ပွားများ အားထုတ်ကြကုန်လော့ ..."

ဟူ၍ မှာကြားတော်မူပြီး၊ သားတော်ကြီးဖြစ်သူအား ၎င်း၏အရိုက်အရာကို ဆက်ခံစေ၏။ ထို့နောက် နတ်ရွာစံကာ ကောင်းမွန်မြင့်မြတ်သော ဘုံဗိမာန်သို့ ဆိုက်ရောက်လေသတည်း။

ဤသို့လျှင် ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာရဟန်းပရိသတ်တို့အား-

"ရဟန်းတို့ ...

"ထိုစဉ်အခါက သုဘဒ္ဒါ မိဖုရားကြီးသည် ယခုအခါ ယသော်ဓရာ ဖြစ်လာ၏။ သားတော်ကြီးသည် ရာဟုလာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ၏။ ကြွင်းသော ပရိသတ်သည် ငါဘုရားရှင်၏ ပရိသတ် ဖြစ်လာ၏။ မဟာသုဒဿန စကြာမင်းကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

ဥမ္မာ တေလပတ္တဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၆]

# တေလပတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ကောသမ္ဗီဒေသနိဂုံးကို အမှီပြု၍၊ တော အုပ်တစ်ခု၌ စမ္ပယ်သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့အား ဇနပဒကလျာဏီ မိန်းမမြတ်၏ အနားတွင် နှုတ်ခမ်းနှင့်အညီ ဖြည့်ထားသော ဆီခွက်အား မဖိတ်, မမှောက်ရလေအောင် ဆောင်ယူသွားနိုင်သည့် ယောကျ်ားကဲ့သို့ ကာယဂတာသတိကို ပွားများ၍ ဣန္ဒြေစောင့်စည်းအပ်ကြောင်း ဆုံးမတော်မူလေ၏။

ဇနပဒကလျာဏီ ဆိုသည်မှာ အပြစ်ခြောက်ပါး ကင်းစင်၍ ကောင်းခြင်း ငါးပါးနှင့်ပြည့်စုံကာ အလွန်ပြေပြစ် လှပသဖြင့် တိုင်းပြည်နှင့်တစ်ဝှမ်း ကျော်ကြားသည့် ဘုရားရှင်၏ နှမတော် မိန်းမမြတ်တစ်ဦး ဖြစ်လေ၏။ ဇနပဒကလျာဏီသည်–

www.burmeseclassic.com

www.burmeseclassic.com



(၁) မမြင့်လွန်း
(၂) မနိမ့်လွန်း
(၃) မပိန်လွန်း
(၄) မဝလွန်း
(၅) မမည်းလွန်း
(၆) မဖြူလွန်း ... စသည့် အပြစ်ခြောက်ပါးတို့မှ ကင်းစင်၏။ ထို့ပြင်–
(၁) ဆံပင်၏ကောင်းခြင်း
(၂) အသား၏ကောင်းခြင်း
(၃) အရေ၏ကောင်းခြင်း
(၄) အရိုး၏ကောင်းခြင်း
(၅) အရွယ်၏ကောင်းခြင်း စသော ကောင်းခြင်းအင်္ဂါရပ်ငါးပါးနှင့်လည်း ပြည့်စုံသူဖြစ်လေ၏။ ထို့ပြင် ဇနပဒကလျာဏီသည် ကခုန်သီဆိုခြင်းတို့၌လည်း ပါရမီထူးကဲသူ ဖြစ်၏။ သည့်အတွက် ဘုရားရှင်က–

"ရဟန်းတို့ ...

ဤကဲ့သို့ မိန်းမမြတ် အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံ၍ လူတိုင်း, လူတိုင်း မကြည့်ရှုဘဲ မနေနိုင်လောက်အောင် လှပသော ဇနပဒကလျာဏီ အနီးဝယ် မေ့လျော့ကာ ကြည့်ရှုမိ၍ ဆီခွက်ယိုဖိတ်သွားလျှင် ဓားသန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကာ သတ်မည်ဟူ၍ ရာဇသံပေးလျက် ဓားမိုး၍ လိုက်နေသည့်တိုင်အောင် ဆီခွက်ကို မယိုမဖိတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



သတိကြီးစွာထားသော ယောက်ျားကဲ့သို့ ကာယဂတာ သတိကို ပွားများကာ ဣန္ဒြေကို စောင့်စည်းကြရမည်။

"ရဟန်းတို့ ...

ရှေးပညာရှိတို့သည် မေ့လျော့ခြင်းမရှိ၊ သတိတို့ကို မလွတ်စေဘဲ ဘီလူးမတို့ ဖန်ဆင်းသော အာရုံငါးပါးတို့ အပေါ်၌ သာယာယစ်မူးခြင်း မရှိသည့်အတွက်ကြောင့် မင်း စည်းစိမ်ကို ရဖူးခဲ့လေပြီ"

ဟု မိန့်ကြားကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် သားတစ်ထောင်တို့အနက် အငယ်ဆုံး သားတော်လေး တစ်ပါး ရှိလေ၏။ ထိုမင်းသားငယ်သည် လိမ္မာရေးခြားရှိ၏။ အလှူကိစ္စ တို့၌ မွေ့လျော်၏။ အရွယ်သို့ ရောက်လေသော် မင်းကြီး၏ နန်းတော်သို့ ကြွလာကုန်သော ရှင်ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းကပ် ရာ၌ အမှုကြီးအမှုငယ်တို့ကို ရွက်ဆောင်လေ့ရှိပေ၏။ တစ်နေ့ သ၌ မင်းသားငယ်လည်း–

"ငါ့အထက်၌ အစ်ကိုများစွာရှိ၏။ ဗာရာဏသီပြည်၌ ဆက်လက်နေထိုင်ပါက ငါသည် မင်းအဖြစ်ကို ရနိုင်ပါ၏ လော။ ရ–မရ ကိစ္စတို့အား ရှင်ပစ္စေကဗုဒ္ဓါတို့ ကြွရောက် လာလျှင် မေးမြန်းအံ့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြံစည်မိပြီး နောက်တစ်နေ့၌ ဆွမ်းကိစ္စအတွက် ကြွလာသော ရှင်ပစ္စေကဗုဒ္ဓါတို့အား ဝတ်ကြီးဝတ်ငယ် ပြုစုလေ၏။ ဆွမ်းမစားမီ ခဲဖွယ်တို့ကို သုံးဆောင်နေခိုက် ၎င်းကြံစည်ထားသော ကိစ္စအတွက် မေးမြန်းလျှောက်ထားလိုက်လေ၏။ ထိုအခါ ရှင်ပစ္စေက ဗုဒ္ဓါတို့လည်း–

"မင်းသားငယ်၊ သင်သည် ဤဗာရာဏသီပြည်အား တွယ်ဖက်နေပါက မင်းအဖြစ်သို့ ရောက်လိမ့်မည်မဟုတ်။ ဤမှ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသော ဂန္ဓာရတိုင်း တက္ကသိုလ် ပြည်သို့ ရောက်အောင် သွားနိုင်ပါက ဤယနေ့မှစ၍ ခုနစ်ရက် မြောက်သောနေ့၌ မင်းဖြစ်လတ္တံ့။"

သို့ရာတွင် အသင်မင်းသားငယ် သွားမည့် ခရီးကား အန္တရာယ်များ ထူပြောလှချေ၏။ ဘေးရန်တို့ကို ကွင်း၍ သွားလျှင် ယူဇနာတစ်ရာရှိ၏။ တောနက်ကြီးမှ အဖြောင့်သွားလျှင် ယူဇနာငါးဆယ်သာ ရှိ၏။ သို့ရာတွင် ဤယူဇနာ ငါးဆယ်၌ ဘီလူးတို့ ကျင်လည်ကျက်စားကြကုန်၏။

ထိုဘီလူးတို့သည် ၎င်းတို့၏နေရာ၌ မြို့ရွာကိုလည်းကောင်း၊ ဇရပ်တန်ဆောင်းတို့ကို လည်းကောင်း ဖန်ဆင်းတတ်ကြ၏။ ဘီလူးမတို့သည် လာလာသမျှ ခရီးသွားတို့အား အဆင်းဖြင့်လည်းကောင်း၊ အသံဖြင့် လည်းကောင်း၊ အနံ့ဖြင့်လည်းကောင်း၊ အရသာဖြင့် လည်းကောင်း၊ အထိအတွေ့ဖြင့် လည်းကောင်း သွေးဆောင်ဖြားယောင်းကာ

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှင့် မွေ့လျော်ထိတွေ့ ဆက်ဆံသောအခါ၌ သွေးတို့ စက်စက်ကျစေလျက် အသက်ကုန်အောင် ပြုမူပြီး စားသောက်တတ်ကြကုန်၏။

သို့ဖြစ်၍ ကာမဂုဏ် အာရုံငါးပါးအား လိုက်စားခြင်း မရှိဘဲ သတိကြီးစွာထားနိုင်လျှင် မင်းအဖြစ်ကို ရပေလိမ့်မည်"

ဟု မိန့်ဆိုကြလေ၏။ ထိုအခါ မင်းသားငယ်လည်း ...

"အရှင်ဘုရားတို့၊ မည်မျှပင် ဘေးအန္တရာယ်များ မြောင်သည် ဖြစ်ပါစေ၊ ဘီလူးမတို့၏ အန္တရာယ်ကို ဂရုမစိုက်ပါ။ တပည့်တော် သွားရောက်ပါမည်"

ဟူ၍ လျှောက်ထားကာ အရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်တရားတော်တို့ကို နာယူ၏။ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းတို့ကို ဆောင်ယူ၍ အရှင်ပစ္စေက ဗုဒ္ဓါတို့ကို လည်းကောင်း၊ ခမည်းတော်, မယ်တော်တို့ကိုလည်းကောင်း၊ ရှိခိုးကန်တော့၏။ ထို့နောက် ၎င်း၏အိမ်တော်၌ အမှုထမ်းကြသော မင်းချင်းယောကျ်ားတို့အား နှုတ်ဆက်လေ၏။

"အမောင်တို့၊ ငါသည် တက္ကသိုလ်ပြည်သို့သွားကာ မင်းပြုပါမည်။ သင်တို့ကို လာရောက် နှုတ်ဆက်ခြင်း ဖြစ်၏"

"အရှင်မင်းသား၊ အကျွန်ုပ်တို့လည်း အရှင်မင်းသားနှင့်အတူ နောက်တော်က လိုက်ပါလိုပါ၏"

"အမောင်တို့၊ ငါနှင့်အတူ လိုက်မည်ဆိုက အန္တရာယ်များပေ၏။ ငါသွားမည့် လမ်းခရီး၌ ဘီလူးမတို့ ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့သည် အာရုံငါးပါးဖြင့် ဖြားယောင်းသွေးဆောင်ပြီး သတ်စားကြကုန်၏။ ထို့ကြောင့် အသက်အန္တရာယ်နှင့် နီးလှပေ၏။ ငါမူကား အာရုံငါးပါးကို ဂရုစိုက်သူ မဟုတ် ...”

“အရှင်မင်းသား၊ ကျွန်ုပ်တို့လည်း အာရုံငါးပါး၌ မလိုက်စားကြပါ။ လိုက်ခွင့်ပြုတော်မူပါ”

ထိုသို့ အဖန်တလဲလဲ တောင်းဆိုမှုကြောင့် မင်းသားငယ်သည်–

“ကောင်းပေပြီ။ အမောင်တို့အနေဖြင့် ငါကဲ့သို့ နေနိုင်ပါက လိုက်ခဲ့ကြလော့။ အရာရာကို မမေ့မလျော့၊ မပေါ့ဆကြပါနှင့်။ အမြဲထာဝရ သတိရှိနေရစ်ပါ”

ဟူ၍ပြောဆိုကာ လမ်းခရီး၌ စားသောက်ရန် ရိက္ခာအပြည့်အစုံကို စီမံလေ၏။ ထို့နောက် မင်းသားငယ်နှင့်တကွ နောက်ပါ ငါးယောက်တို့သည် ဗာရာဏသီမှ တက္ကသိုလ်ပြည်သို့ ထွက်ခဲ့ကြလေ၏။

တဖြည်းဖြည်း ခရီးဆက်လာကြရာ ဘီလူးတို့ နေထိုင်သော အမနုဿကန္တာရသို့ ရောက်လေ၏။ ဤတွင် ဘီလူးမတို့လည်း မြို့ရွာ၊ ဇရပ်တန်ဆောင်းတို့ကို ဖန်ဆင်းကြကုန်၏။ ငင်းတို့ကိုယ် ငင်းတို့လည်း ရုပ်ဆင်းရူပကာ ပြေပြစ်ချောမောအောင် ဖန်ဆင်းထားကြလေ၏။ ဤသို့ အဆင်းရူပကာအပေါ် တပ်မက်သော နောက်ပါ တစ်ဦးသည် မင်းသားငယ်တို့နှင့် မလိုက်ပါဘဲ ခပ်ခွာခွာ နေရစ်ခဲ့၏။ မင်းသားငယ်က မေးလေသော်– ခြေနာ၍ ခေတ္တမျှ ဇရပ်ပေါ်တွင် နားမည့်အကြောင်း ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမောင်၊ သင့်စိတ်ထဲ၌ မည်သို့ ဖြစ်ပေါ်နေသည်ကို ငါသိ၏။ သည်သည် ဘီလူးမတို့ ဖန်ဆင်းထားသော ရူပါရုံကို အဘယ်ကြောင့် စွဲလမ်းနေရသနည်း။ ငါတို့နှင့် လိုက်ခဲ့လော့..."

"အရှင်မင်းသား၊ ဖြစ်လိုက ဖြစ်စေတော့။ သေလိုက လည်း သေပါစေတော့။ အကျွန်ုပ်အဖို့ ရူပါရုံမှ လွဲမထွက် နိုင်သဖြင့် နေရစ်ပါအံ့"

ဟူ၍ဆိုလေရာ မင်းသားငယ်လည်း မည်သို့မျှ မတတ်နိုင် သည့်အဆုံး ကျန်နောက်ပါ လေးယောက်နှင့်အတူ ခရီးထွက်ခဲ့ လေ၏။ ဇရပ်ပေါ်၌ ကျန်ရစ်ခဲ့သူကား ဘီလူးမတို့၏ ရူပါရုံ၌ ဖြားယောင်းခြင်းကို ခံရကာ လွန်ကြူးမိပြီးနောက် အသတ်ခံရ လျက် ဘီလူးမတို့၏အစာ ဖြစ်သွားလေ၏။

မင်းသားငယ်တို့လည်း ရှေ့ဆက် သွားလေသည်ရှိသော် ဘီလူးမတို့သည် ဇရပ်တစ်ဆောင် ဖန်ဆင်း၍ ထိုဇရပ်ပေါ်၌ တူရိယာတို့ကို တီးမှုတ်ကြ၏။ သာယာသော တေးသီချင်းတို့ကို သီဆိုကြ၏။ ထိုအခါ သဒ္ဒါရုံအပေါ် နှစ်သက်သော နောက်ပါ တစ်ဦး ကျန်ရစ်ကာ ဘီလူးတို့ အစားကို ခံရပြန်၏။ ထို့နောက် ဂန္ဓာရုံ အနံ့ကို နှစ်သက်သူ၊ ရသာရုံ၊ အစားအသောက်ကို နှစ်သက်သူ၊ ဖောဋ္ဌဗ္ဗာရုံ–အထိအတွေ့ကို နှစ်သက်သူ စသဖြင့် အာရုံငါးပါး၌ တစ်ပါးပါးအပေါ် တပ်မက်မိသူတို့မှာ ဘီလူးမ တို့၏ စားသောက်ခြင်းကို ခံရလေ၏။ ထိုအခါ မင်းသားငယ် တစ်ဦးသာလျှင် ကျန်ရစ်လေတော့၏။ မင်းသားငယ်လည်း သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသာ ကျန်တော့သဖြင့် ခရီးဆက်ရာ၌ သတိဝီရိယ ကြီးစွာထား နေမိတော့၏။ ထိုအခါ ဘီလူးမတစ်ကောင်သည် ခွဲနပဲကြီးစွာဖြင့် မင်းသားငယ်၏ နောက်မှလိုက်လေ၏။

"ဤယောက်ျားကား သာမန်ယောက်ျားကဲ့သို့ မဟုတ်။ ဉာဏ်ပညာ ထက်မြက်သော ပညာရှိ ဖြစ်ရပေမည်။ ငါသည် ၎င်းကို စားသောက်ပြီးမှသာလျှင် ငါ၏နေရပ်သို့ ပြန်တော့မည်"

ဘီလူးမလည်း အကြံရှိသည့်အတိုင်း မင်းသားသွားရာနောက်သို့ တကောက်ကောက်လိုက်လေရာ တောအုပ်အတွင်း၌ အလုပ်လုပ်သူ အချို့မြင်လျှင် လှယောင်ဖန်ဆင်းထားသော ဘီလူးမအား ...

"သူငယ်မ၊ ရှေ့ကသွားသော သူသည် သင်နှင့် မည်သို့ တော်စပ်ပါသနည်း"

ဟူ၍ မေးကြလေ၏။ ထိုအခါ ...

"အမောင်တို့၊ ကျွန်ုပ်၏ရှေ့က သွားနေသောသူသည် ကျွန်ုပ်၏ ငယ်လင်ယောက်ျား ဖြစ်ပါ၏"

ဟူ၍ ဖြေလေ၏။ ထိုအခါ လူအချို့က မင်းသားငယ်အား ...၊

"အသင်ယောက်ျား၊ သင်၏နောက်မှ လိုက်လာသော သင်၏မယားကား သိမ်မွေ့နူးညံ့လှပေ၏။ အသားအရေ တို့မှာလည်း ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပပေ၏။ သင့်ကို ချစ်ခင်၍ မိဘသားချင်းတို့ကို စွန့်ခွာကာ လိုက်ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



မယားအား အဘယ်ကြောင့် ဖေးဖေးမမဖြင့် အတူယူဥ်တွဲ မသွားပါလေသနည်း”

ဟူ၍ စူးစမ်းမေးမြန်းကြလေ၏။

“အမောင်တို့၊ အဆိုပါ မိန်းမကား ငါနှင့် ဘာမျှ မတော်စပ်။ ငါ၏ သားမယားလည်း လုံးဝမဟုတ်ပေ။ စင်စစ် သားစားဘီလူးမသာ ဖြစ်ပေ၏။ သူနှင့်တကွ အခြား သော ဘီလူးမတို့ ဖြားယောင်းသွေးဆောင်လျက် သတ်ဖြတ် စားသောက်ခံရသော ငါ၏တပည့်ငါးယောက် ရှိခဲ့လေ၏”

သည်သို့ ရှင်းပြလေသော် ဘီလူးမလည်း ပျာပျာသလဲနှင့်-

“အမောင်တို့၊ လင်ယောကျ်ားတို့ မည်သည် ၎င်းတို့ အမျက်ဒေါသထွက်နေပါက မယားဖြစ်သူအား ‘ဘီလူးမ၊ ပြိတ္တာမ၊ တစ္ဆေသရဲမ’ ဟူ၍ နင့်နင့်သီးသီး ပြောဆို ရေရွတ်တတ်သည် မဟုတ်ပါလော”

ဟူ၍ ပြောဆိုကာ မင်းသားငယ်နောက်သို့ လိုက်လေ၏။ ဤသို့ တကောက်ကောက်လိုက်သည့် ကာလ၀ယ် ရံဖန်ရံခါ ကိုယ်ဝန်ဆောင် မိန်းမအသွင် ဖန်ဆင်း၏။ ရံဖန်ရံခါ သားသည် မိခင်ပမာ ကလေးကို ရင်ခွင်ပိုက်၍ လိုက်တတ်၏။ ထိုသို့ အသွင် အမျိုးမျိုး ဖန်ဆင်းကာ တကောက်ကောက် လိုက်လေ ၏။ လမ်း၌ တွေ့သူတို့က အကျိုးအကြောင်း စပ်စုမေးမြန်းလာ လျှင် အထက်ပါ နည်းအတိုင်းသာလျှင် ပြောဆိုတတ်၏။ သို့ဖြင့် တဖြည်းဖြည်း ခရီးဆက်လေသောအခါ မကြာမီမှာပင် မင်းသား ငယ်လည်း တက္ကသိုလ်ပြည်ကြီးသို့ ဆိုက်ရောက်ခဲ့လေ၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် မြို့တံခါးအနီးရှိ ဇရပ်ပေါ်သို့ တက်ကာ နားနေလေ၏။ ဘီလူးမလည်း မင်းသားငယ်၏ ဘုန်းတန်ခိုးကြောင့် ဇရပ်ပေါ်သို့ မတက်နိုင်ဘဲ ဇရပ်တံခါးအနီး၌ နတ်သမီးအသွင်လှပကြော့ရှင်းအောင် ဖန်ဆင်းကာ နေလေ၏။

ဤ၌ တက္ကသိုလ်ပြည်ကြီးအား စိုးစံအုပ်ချုပ်သော မင်းကြီးသည် ဥယျာဉ်ကစား ထွက်တော်မူလာရာ ဇရပ်တံခါးအနီး၌ နတ်သမီးအသွင် လှပကြော့ရှင်းသော ဘီလူးမအား တွေ့မြင်လေ၏။ သို့ရာတွင် ဘီလူးမမှန်း မသိပေ။ သည့်အပြင် အလွန်စွဲလမ်း တပ်မက်သွားခဲ့ပြီး လင်ရှိ၊ မရှိ သိရလေအောင် မင်းချင်းတစ်ယောက်အား စေလွှတ်မေးမြန်းစေလေ၏။ ထိုအခါ ဘီလူးမက လင်ရှိကြောင်း၊ ထိုလင်မှာ ဇရပ်ပေါ်တွင် ရှိနေသူဖြစ်ကြောင်း ညွှန်ပြလေ၏။ ထိုအခါ မင်းသားက အဖြစ်မှန် ရှင်းပြ၏။ ထိုမိန်းမမှာ ၎င်း၏ မယားမဟုတ်၊ ဘီလူးမဖြစ်ကြောင်း၊ တပည့်ငါးယောက်ကို အာရုံငါးပါးနှင့် မျှား၍ သတ်ဖြတ်စားသောက်ခဲ့ကြောင်း ရှင်းပြလေ၏။ ထိုအခါ ဘီလူးမက ခင်ပွန်းသည်မှာ ၎င်းအား အမျက်ဒေါသထွက်၍ ပြောဆိုနေခြင်း ဖြစ်ကြောင်း ရှင်းပြပြန်သေး၏။

မင်းကြီးလည်း ... မင်းချင်းမှတစ်ဆင့်၊ အကြောင်းစုံ ကြားသိရလေသော် တပ်မက်စိတ်တဏှာကို ချုပ်တည်းမရသည့် အဆုံး

"လင်ယောက်ျားဖြစ်သူက ၎င်း၏မယား မဟုတ်ကြောင်း ပြောဆိုသဖြင့် အရှင်ကင်းမဲ့သော ပစ္စည်းသည် မင်းဘဏ္ဍာဖြစ်သည်ဆိုသော စကားနှင့်အညီ ထိုမိန်းမကို မိဖုရားအရာ တင်မြှောက်မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလျက် ဘီလူးမအား ဆင်တစ်စီးပေါ်တွင် တင်ဆောင်ကာ မြို့ကို လက်ယာရစ်လှည့်လေ၏။ ထို့နောက် နန်းတော်သို့ ရောက်သည်ရှိသော် မိဖုရားအရာ၌ ထားလေ၏။

ဘီလူးမလည်း ညအချိန် ရောက်သည်ရှိသော် မင်းကြီး နှစ်သက်မှုရှိအောင် ဖျော်ဖြေပြီးသည်နှင့် အိပ်ချင်ယောင်ဆောင်ကာ ငိုရှိုက်လေ၏။ အတွေ့၌ သာယာသွားသော မင်းကြီးလည်း အကျိုးအကြောင်း မေးလေ၏။ ထိုအခါ ဘီလူးမလည်း ရှိုက်သံနှောလျက်–

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ နန်းတွင်းသူတို့သည် အကျွန်ုပ်အား 'ဤမိန်းမကား လမ်းခရီးမှ ကောက်ယူထားသော မိန်းမဖြစ်၏။ ၎င်း၏ မိဘဆွေမျိုး ညာတိကို မည်သူမျှ မသိ' ဟု ပြောဆိုကာ စကားဖြင့် နှိပ်စက်ကြပါလိမ့်မည်။ သည့်အတွက် မည်သူမျှ မော်မကြည့်ဝံ့လောက်အောင် တိုင်းပြည်တစ်ပြည်လုံးကို စိုးပိုင်သည့် အာဏာ ပေးတော်မူပါ"

ဟူ၍ တောင်းခံလေ၏။ မင်းကြီးလည်း–

"အရှင်မ၊ တိုင်းပြည်တစ်ပြည်လုံးကို စိုးပိုင်သည့် အာဏာအား ငါ့အနေနှင့် မည်သို့မျှပေး၍ မဖြစ်နိုင်ပါ..."

ဟုဆိုလေ၏။ ထိုအခါ ဘီလူးမလည်း မင်းကြီးအား အတွေ့အထိ အာရုံတို့ဖြင့် ဖြားယောင်းကာ ...

"အရှင်မင်းကြီး၊ သို့ဆိုပါက နန်းတွင်းသူ နန်းတွင်းသားတို့အပေါ် စိုးပိုင်သည့် အာဏာကို ပေးသနားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုတောင်းခံရင်း မင်းကြီးအား အထိအတွေ့တို့ကို ပေးလေ၏။ မင်းကြီးလည်း အတွေ့အထိ၌ ယစ်မူးလျက် အမှားအမှန်ကို မဝေခွဲနိုင်တော့ဘဲ

"အရှင်မ၊ ငါခွင့်ပြုပါ၏။ ယူတော်မူလော့"

ဟု မိန့်လေ၏။ ဘီလူးမလည်း မင်းကြီး အိပ်ပျော်သော အခါ ရလာသော အခွင့်အာဏာဖြင့် နန်းတွင်းသူ နန်းတွင်းသား အပေါင်းအား အိပ်မွေ့ချလေတော့၏။ ထို့နောက် ၎င်း၏နေရပ်သို့ ပြန်ကာ ဘီလူးအပေါင်းကို နန်းတော်သို့ ခေါ်ဆောင်ခဲ့လေ၏။ အခွင့်အာဏာ ပိုင်စိုးထားသဖြင့် နန်းတွင်းစောင့်နတ်တို့ကလည်း မတားမြစ်နိုင်ပေ။ ထို့နောက် ဘီလူးမနှင့် ဘီလူးအပေါင်းတို့သည် မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အပေါင်းအပြင် နန်းတွင်းရှိ ခွေး၊ ကြက်တို့ပင်မကျန် သတ်ဖြတ်စားသောက်လေရာ နန်းတွင်းတစ်ခုလုံး အရိုးတို့ တောင်လိုပုံလေ၏။ စားသောက်၍ဝလေသော် ဘီလူးမလည်း အဖော်အပေါင်းနှင့်အတူ ၎င်းတို့၏နေရပ်သို့ ပြန်သွားကြလေတော့၏။

နံနက်လင်း အရုဏ်သို့ ရောက်သည်ရှိသော် မြို့သူမြို့သားတို့သည် မည်သည့်အသံမျှမကြား။ နန်းတော်တစ်ခုလုံး တိတ်ဆိတ်၍ တံခါးတို့အား ပိတ်မြဲအတိုင်း ပိတ်ထားကြသည်ကို တွေ့မြင်ကြရလေသော် ဓား၊ ပုဆိန်တို့ဖြင့် နန်းတော်တံခါးတို့အား ရိုက်ချိုးဖြတ်တောက်လျက် နန်းတော်တွင်းသို့ ဝင်ကြလေကုန်၏။ ထိုအခါတွင် နန်းတော်တွင်း၌ အရိုးများ တောင်လိုပုံနေသည်ကို မြင်ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့သူမြို့သားတို့လည်း–

"ညနေက မြို့တံခါး ဇရပ်တွင်နေသော လုလင်ကား ပညာရှိဖြစ်ပေ၏။ ၎င်းက နတ်သမီးကဲ့သို့ လှပသော မိန်းမအား ဘီလူးမဟု ပြောဆိုသည်မှာ မှန်ဖြစ်ပေပြီ။ ငါတို့၏ မင်းကြီးသည် ပညာရှိလုလင်၏ စကားအမှန်ကို မနာခံဘဲ မ,ဘက်လိုက်၍ ဘီလူးမကို မိဖုရားတင်မြှောက်ခဲ့ရာ ယခုအခါတွင် မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အပေါင်းမှာ သေကြေပျက်စီးရလေပြီတကား..."

"မှန်ပေစွ ဘီလူးများ စားသောက်၍ နန်းတော်တွင်းသက်ရှိလူသား မဆိုထားနှင့်၊ ခွေးတို့၊ ကြက်တို့ပင် မရှိလေတော့ပြီ..."

ဟူ၍ဆိုကာ တောင်လိုပုံနေသော အရိုးတို့ကို သုသာန်သို့ ပို့ဆောင်ပြီး သင်္ဂြိုဟ်လိုက်ကြ၏။ နန်းတွင်းတစ်ခုလုံးကို သန့်ရှင်းစင်ကြယ်စေပြီး ရဟန်းတော်များ ပင့်ဖိတ်၍ တရားဒေသနာတော်များ ရွတ်ပွားကြ၏။ ထိုအချိန်တွင် မင်းသားငယ်သည် ပရိတ်သဲကို ဦးခေါင်းတွင်ထား၍ လည်းကောင်း၊ ပရိတ်ချည်တို့ကို ကာရံလျက် လည်းကောင်း သန်လျက်ကို ကိုင်စွဲကာ သတိဖြင့် နေလေ၏။

တိုင်းသူပြည်သားတို့ကား နန်းတော်အား သန့်ရှင်းစင်ကြယ်၍ ပန်းနံ့သာ အမွှေးအကြိုင်တို့ဖြင့် ထုံမွှမ်းစေပြီးနောက် အညီအညွတ် စည်းဝေးကြကုန်၏။

"အမောင်တို့၊ ငါတို့၏ မင်းကြီးကား နတ်ရွာစံလေပြီ။ ထီးမွေနန်းမွေကို ဆက်ခံမည့်သူလည်း မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် မည်သူ့ကို နန်းတင်ရမည်နည်း…”

“အမောင်တို့၊ မြို့တံခါး ဇရပ်တွင် တည်းခိုနေသော ယောကျ်ားကား ပညာရှိဖြစ်၏။ ထို့ပြင် သန်လျက်ကို ကိုင်စွဲထားသူဖြစ်၍ မဟာဆီ,မဟာသွေး မင်းမျိုးမင်းနွယ် ဖြစ်၏။ ဘီလူးမကို ဘီလူးမမှန်း သိသောသူ ဖြစ်၏။ ကာမဂုဏ်အာရုံ ငါးပါးအပေါ်၌ ထိန်းသိမ်းနိုင်သူလည်း ဖြစ်၏။ အဆိုပါ ပညာရှိအား တက္ကသိုလ်ပြည်၏ ထီးနန်း စည်းစိမ်ကို အပ်နှင်းလျက် အုပ်ချုပ်စေပါက တစ်ပြည်လုံး ကြီးပွား ချမ်းသာပေလိမ့်မည်”

တိုင်းသူပြည်သား အပေါင်းမှာလည်း ကန့်ကွက်သူမရှိ၊ အကြိုက်ချင်း ညီကြသည့်အလျောက် မင်းသားငယ်ထံ သွား ရောက်ကာ မင်းပြုရန် တောင်းပန်လျှောက်ထားပြီး နန်းတော် သို့ ပင့်ဆောင်ကြ၏။ ထို့နောက် ရတနာအစုံ၌ထားကာ ဘိသိက် သွန်း၍ မင်းမြှောက်ကြလေ၏။

မင်းသားငယ်လည်း အရှင်ပစ္စေက ဗုဒ္ဓါတို့၏ ဆုံးမမှုကို လိုက်နာကျင့်ကြံသဖြင့် မင်းအဖြစ်သို့ ရရှိခဲ့၏။ အဂတိတရား လေးပါးကို မလိုက်စားဘဲ တိုင်းသူပြည်သားတို့အပေါ်တွင် မင်း ကျင့်တရားနှင့်အညီ အုပ်ချုပ်၏။ ကုသိုလ်ကောင်းမှုများ ပြုလုပ် ၍ သီလကို စောင့်ထိန်းသဖြင့် သေလွန်သည်ရှိသော် ကံအား လျော်စွာ လားရလေ၏။

မြတ်စွာဘုရားရှင်လည်း ဘုရားဖြစ်တော်မူသောအခါ၌–

“ရဟန်းတို့၊ နှုတ်ခမ်းအပြည့် ထည့်ထားသော ဆီ ခွက်ကို ဆောင်ယူသွားသောသူသည် အဖိတ်အစင် မရှိရ

www.burmeseclassic.com

www.burmeseclassic.com



လေအောင် သတိကို ကြီးစွာထားရသကဲ့သို့ တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးသော နိဗ္ဗာန်ကို ရောက်လိုသော သူသည် ကြီးစွာသောသတိကိုထား၍ မိမိ၏စိတ်ကို စောင့် ရှောက်ရမည်"

ဟူ၍ နိဗ္ဗာန်ကို အထွတ်တင်ကာ ဟောတော်မူလေ၏။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍-

"ရဟန်းတို့ ...

ထိုအခါက တက္ကသိုလ်မင်း၏ ပရိသတ်သည် ယခု အခါ ငါဘုရားရှင်၏ ပရိသတ် ဖြစ်လာ၏။ ကာမဂုဏ် အာရုံငါးပါးကို မလိုက်စားသဖြင့် တက္ကသိုလ်ပြည်၏ ထီး နန်းကို စိုးစံရသော မင်းသားငယ်သည် ငါဘုရားရှင် ဖြစ် လာ၏"


ဟူ၍မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၉၇။ နာမသိဒ္ဓိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၇]

# နာမသိဒ္ဓိဇာတ်

လူ၊ နတ် ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်စဉ်အခါက အမည်ပြောင်းလိုသော ရဟန်းတစ်ပါး ရှိလေ၏။ ထိုရဟန်းအမည်မှာ 'ငယုတ်မာ'ဖြစ်လေ၏။

သည့်အတွက် သီတင်းသုံးဖော် ရဟန်းတို့က– ထိုရဟန်းအား ...

"ငါ့ရှင် ... ငယုတ်မာ၊ လာလော့ ... သွားလော့ ... နေလော့ ... ထိုင်လော့ ..."

စသည်ဖြင့် ပြောဆိုကြရာ ထိုရဟန်းလည်း–

"ငါ၏ အမည်နာမကား ဆိုးဝါးလှပါဘိ။ ငါ့အား ငယုတ်မာဟု ခေါ်သဖြင့် သုတိမင်္ဂလာမရှိပေ။ သည့်အတွက် မင်္ဂလာရှိသော အမည်တစ်ခုသို့ ပြောင်းမှ ဖြစ်တော့မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အကြံအစည်ဖြစ်ကာ ဥပဇ္ဈယ် ဆရာတို့ထံ ချဉ်းကပ်၏ ။ ထို့နောက်–

"အရှင်ဘုရား၊ တပည့်တော်၏ ငယ်တ်မာဆိုသော အမည်နာမမှာ မင်္ဂလာမရှိပါ။ သည့်အတွက် မင်္ဂလာရှိသော အမည်နာမတစ်ခုသို့ ပြောင်းလဲပေးပါဘုရား..."

ဟူ၍ လျှောက်ထားတောင်းခံလေ၏။ ဤတွင် ဥပဇ္ဈာယ် ဆရာတို့က–

"ငါ့ရှင်၊ အမည်ဟူသည်ကား ပညတ်သဘောသာ ဖြစ်၏။ အမည်ဖြင့် တစ်စုံတစ်ရာ အကျိုးပြီးသည် မဟုတ်။ ရှိရင်းအမည် အပေါ်၌သာ တင်းတိမ်ရောင့်ရဲပါ..."

ဟူ၍ နှစ်သိမ့်ဖျောင်းဖျသော်လည်း လက်မခံဘဲ နာမည် ပြောင်းပေးရန်ကိုသာ အကြိမ်ကြိမ်အခါခါ လျှောက်ထားလေ၏။ ထိုအကြောင်းသည် သံဃာတို့ အသိုင်းအဝိုင်းသို့ ပျံ့နှံ့ရောက်ရှိလာပြီး တရားသဘင်၌ ရဟန်းတို့လည်း စကားစပ်မိသည့်အခါ ထိုရဟန်းအကြောင်းကို ပြောဆိုနေကြလေ၏။ ဤတွင် မြတ်စွာဘုရားရှင် သိလေသောအခါ–

"ရဟန်းတို့၊ ဤရဟန်းကား ယခုမှသာလျှင် အမည်ပြောင်းလိုသည် မဟုတ်။ ရှေးအခါကလည်း ပြောင်းလိုဖူးပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ကာလသမယ၌။

တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးသည် တပည့်ငါးရာတို့ကို ဗေဒင်ပညာရပ်များအား သင်ကြားပေးနေ၏။ ဆရာကြီး၏ တပည့်ငါးရာတို့အနက်မှ တပည့်တစ်ဦးသည် အမည်အားဖြင့် 'ငယုတ်မာ' ဟူ၍ တွင်လေ၏။ ထိုအခါ ကျန်တပည့်တို့သည် ၎င်းအား ...

"ဟယ် ... ငယုတ်မာ၊ လာလော့ ... သွားလော့ ... နေလော့ ... ထိုင်လော့"

ဟူ၍ ပြောဆိုကြလေ၏။ ထိုအခါ ငယုတ်မာလည်း–

"ငါ၏အမည်နာမကား သုတိမင်္ဂလာ ကင်းမဲ့လှပါဘိ။ သည့်အတွက် အမည်တစ်ခုခုသို့ ပြောင်းမှဖြစ်မည်"

ဟူ၍ကြံစည်ကာ ဒိသာပါမောက္ခ ဆရာကြီးထံ ရောက်သွား၏။

"ဆရာကြီးခင်ဗျာ၊ ကျွန်ုပ်၏ အမည်ကား ကျက်သရေမင်္ဂလာ မရှိပါ။ သည့်အတွက် မူလနာမည် ငယုတ်မာအား အခြားကျက်သရေ မင်္ဂလာရှိသော အမည်တစ်ခုကို ပြောင်းလဲပေးပါ"

ဟူ၍ တောင်းပန်လေ၏။ ထိုအခါ ဆရာကြီးလည်း ...

"အမောင်၊ အမည်သညာဆိုသည်မှာ အခေါ်အဝေါ် ပညတ်မျှသာ ဖြစ်ပေ၏။ အမည်ဖြင့် တစ်စုံတစ်ရာ အကျိုးကိစ္စ မပြီးနိုင်ပါချေ။ သို့အတွက် လက်ရှိအမည်ဖြင့်ပင် ကျေနပ်တင်းတိမ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖျောင်းဖျနှစ်သိမ့်၏။ သို့ရာတွင် ထိုတပည့်သည် လက်မခံဘဲ အမည်သစ်တစ်ခု ပြောင်းပေးရန်ကိုသာ အကြိမ်ကြိမ် အခါခါ တောင်းဆိုနေတော့၏။ ဤ၌ ဆရာကြီးလည်း–

"ကောင်းပြီ အမောင်၊ သင်၏အမည်ကို ပြောင်းပေးနိုင်ရန်အတွက် သင်ကျေနပ်မှု ရှိလောက်သော အမည်တစ်ခုကို ရှာဖွေစုံစမ်းပါလော့..."

ဟုဆိုလျက် စေခိုင်းလိုက်လေ၏။

ငယုတ်မာလည်း ဆရာကြီးထံမှ ထွက်လာခဲ့ပြီးနောက် မင်္ဂလာရှိသော အမည်ကို စုံစမ်းရှာဖွေရန် အမြို့မြို့အနယ်နယ်သို့ ထွက်ခွာလာသည်ရှိသော် မြို့တစ်မြို့သို့ ရောက်လေ၏။ ထိုမြို့တွင် 'သေက်ရှည်'ဟူ၍ အမည်ရသော သူတစ်ဦးမှာ ကွယ်လွန် အနိစ္စ ရောက်သွားလေသည့်အတွက် ဆွေမျိုးသားချင်း အပေါင်းမှာ သုသာန်သို့ အသုဘလိုက်လံ ပို့ဆောင်လေ၏။ ထိုအဖြစ်ကို မြင်လေသော် ငယုတ်မာသည် အသုဘပို့ဆောင်သူတို့ထံ ချဉ်းကပ်လျက်–

"ဦးရီးတို့၊ ဤကွယ်လွန် အနိစ္စရောက်သွားသူ၏ အမည်မှာ မည်သို့ ခေါ်ပါသနည်း"

ဟုမေး၏။ ထိုအခါ–

"အမောင်လုလင်၊ ဤကွယ်လွန် အနိစ္စရောက်သွားသူ၏ အမည်မှာ 'သေက်ရှည်' ဟု ခေါ်ပါ၏"

"ဦးရီးတို့၊ သေက်ရှည်ဟု အမည်ရှိပါလျက်နှင့် အသက်မရှည်ဘဲ ငယ်ငယ်ရွယ်ရွယ်၌ သေရပါသလော..."

www.burmeseclassic.com

www.burmeseclassic.com



"အမောင်လုလင်၊ 'သေကျရှည်'ဟူ၍ အမည်ရှိသည် ဖြစ်စေ၊ အခြားသော 'သေကတို'ဟု အမည်ရှိသည်ဖြစ်စေ လူသည် တစ်နေ့နေ့ တစ်ချိန်ချိန် သေခြင်းနှင့် ရင်ဆိုင်ရမည် သာ ဖြစ်၏။ စင်စစ် အမည်ဟူသည် ခေါ်ဝေါ်ရုံပညတ် သဘောသာ ဖြစ်၏။ အမည်ဖြင့် တစ်စုံတစ်ရာ အကျိုး မပြီးနိုင်။ သင်သည် အလုပ်မဟုတ်သည်ကို အလုပ်လုပ်နေ သည့် မိုက်မဲသူပါတကား..."

ထိုကဲ့သို့ ကြုံရလေသော ငယုတ်မာလည်း လမ်းခွဲထွက်လာ ခဲ့၏။ မြို့တွင်းတစ်နေရာသို့ ရောက်လေသော် အဖိုးအခ မပေးနိုင် သော ကျွန်မတစ်ယောက်အား အိမ်တံခါးဝ၌ တုပ်နှောင်ကာ ရိုက်နှက်နေသည်ကို တွေ့ရလေ၏။ ငယုတ်မာလည်း အကြောင်း ခြင်းရာကို စူးစမ်းလျက် အပါးရှိ လူတစ်ဦးအား မေးမြန်းလိုက် လေ၏။

"အဆွေတို့၊ ဤမိန်းမသည် အဘယ်ကြောင့် ရိုက်နှက် ခံနေရပါသနည်း"

"အမောင်လုလင်၊ ဤမိန်းမသည် ကျွန်မဖြစ်၏။ ၎င်း ပေးဆပ်ရမည့် အဖိုးအခကို မပေးနိုင်သည့်အတွက် ယခုကဲ့ သို့ ရိုက်နှက်ခြင်း ခံရသည်ဖြစ်၏..."

"အဆွေတို့၊ ဤမိန်းမ၏ အမည်ကား မည်သို့ရှိပါ သနည်း"

"အမောင်လုလင်၊ ဤကျွန်မိန်းမ၏ အမည်ကား 'မယ်သူဌေး' ဟူ၍ ခေါ်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် ယေုတ်မာလည်း အံ့အားတသင့် ဖြစ်သွားရ လေ၏။ ထို့ကြောင့် နှုတ်ဆိတ်၍ မနေနိုင်ဘဲ–

"အဆွေတို့၊ 'မယ်သူဌေး'ဟု အမည်ရှိပါလျက် အဘယ့်ကြောင့် အခကြေးငွေ မပေးနိုင်ပါသနည်း..."

"အမောင်လုလင်၊ မယ်သူဌေးမည်သော သူသည် လည်းကောင်း၊ အခြားအမည်ရှိသော သူသည်လည်းကောင်း ဆင်းရဲချင် ဆင်းရဲရပေ၏။ လောက၌ အမည်သညာဟူ သည် ပညတ်သဘောသာ ဖြစ်၏။ အမည်ကြောင့် အကျိုး တစ်စုံတစ်ရာမျှ မပြီးနိုင်။ သင်ကား အလုပ်မဟုတ်သည် ကို အလုပ်လုပ်နေသည် လူမိုက်ပင် ဖြစ်လေသည်တ ကား..."

ယေုတ်မာလည်း ထိုနေရာမှ ထွက်လာခဲ့ပြန်၏။ ခရီးကြား လမ်းခွတ်လပ်၌ လူတစ်ဦးနှင့် ဆုံလေ၏။ ထိုလူမှာ မျက်စိလည် လမ်းမှားနေ၍ ခရီးဘယ်သို့ ဆက်ရမှန်းမသိ ဖြစ်နေ၏။ ထိုအခါ ယေုတ်မာလည်း စပ်စုမိပြန်၏။

"အမောင်၊ သင်၏အမည်ကား မည်သို့ရှိပါသ နည်း..."

"အဆွေ၊ ကျွန်ုပ်၏အမည်မှာ 'မောင်ခရီး'ဖြစ်ပါ၏"

"အို ... မောင်ခရီးဟု အမည်သညာရှိပါလျက် လမ်း ခရီးများ မှားရသေးပါသလော..."

"အဆွေ၊ မောင်ခရီးဟူသော အမည်နာမရှိသည့် သူ သည်လည်းကောင်း၊ အခြားသော အမည်ရှိသည့် သူသည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ခရီးမှားတတ်ကြသည်ချည်းပင်။ အမည် ဟူသည် ခေါ်ဝေါ်၍ရရုံ ပညတ်သဘောသာ ဖြစ်၏။ အမည်ဖြင့် တစ်စုံတစ်ရာမျှ အကျိုးပြီးသည်မရှိ။ အဆွေကား ... အရာမဟုတ်သည်ကို အရာလုပ်နေသည့် လူမိုက်ဖြစ်လေသည်တကား...”

ငယုတ်မာလည်း ခရီးရှေ့မဆက်တော့ဘဲ ဆရာကြီးထံသို့ ပြန်ရောက်ခဲ့လေ၏။ ဤတွင် ဆရာကြီးက မေးမြန်းပါလေ၏

“ငါ့တပည့်၊ အမည်ရှာ၍ ရခဲ့ပါပြီလော...”

“ဆရာကြီး၊ လောက၌ ‘သေက်ရှည်’ဟု အမည်ပေးထားပါလျက် အသက်တိုတိုနှင့် သေရတတ်ပါ၏။ အခြားအမည်ရှိသူလည်း သေရသည်ချည်းပင်။ ‘မယ်သူဌေး’ဟု အမည်ရှိပါလျက် ဆင်းရဲမွဲတေတတ်ပါ၏။ အခြားအမည်ရှိသူလည်း ဆင်းရဲမွဲတေတတ်သည်ပင်။ ‘မောင်ခရီး’ဟု နာမည်ပေးထားပါလျက် လမ်းခရီး မှားတတ်၏။ အခြားအမည်ရှိ သူလည်း ခရီးမှားတတ်သူသာပင်။

စင်စစ် အမည်ဆိုသည်မှာ ပညတ်သဘောသာ ဖြစ်ပါ၏။ အမည်ဖြင့် အကျိုးတစ်စုံတစ်ရာ မပြီးနိုင်ပါ။ ကံသာလျှင် အကျိုးပြီးစီးနိုင်ကြောင်း ကျွန်ုပ်သိပါပြီ”

“သို့ဆိုလျှင် ငါတပည့်အနေဖြင့် အမည်ပြောင်းလိုပါသေးသလော”

“ဆရာကြီး ကျွန်ုပ်အဖို့ ရှိရင်းစွဲအမည်အဖြစ်သာ ထားလိုက်ပါတော့မည်။ အခြားမည်သည့် သုတိမင်္ဂလာ အမည်ကိုမျှ ပြောင်းလဲမှည့်ခေါ်ခြင်း မပြုလိုတော့ပါ”

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးလည်း အသိအမြင် မှန်ကန်သွားလေသည့် ကျန် တပည့် အပေါင်းတို့အား–

"အမောင်တို့ ...

လောက၌ သေက်ရှည်သည် အသက်တိုတို့နှင့် သေရ၏။ မယ်သူဌေးသည် ကုန်းကောက်စရာမရှိအောင် မွဲတေရ၏။ မောင်ခရီးသည် ခရီးရှေ့မဆက်တတ်အောင် လမ်းမှားရ၏။ သည် ပညတ်သဘောတို့အား ငယုတ်မာသည် ယခုအခါ သဘောပေါက်သွားခဲ့ပေပြီ။ သို့ဖြစ်၍ အမည်သညာ ခေါ်ဝေါ်ခြင်းသည် ပဏ္ဏတ်ပညတ်သာ ဖြစ်လေ၏။ အမည်ဖြင့် အကျိုးတစ်စုံတစ်ရာ မပြီးနိုင်။ ကံဖြင့်သာ အကျိုးပြီးနိုင်ပေလိမ့်မယ်"

ဟူ၍ အဆုံးအမပေးလေ၏။

ဤသို့ မြတ်စွာဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာရဟန်း ပရိသတ်တို့အား ...

"ရဟန်းတို့ ...

ထိုစဉ်က အမည်ပြောင်းလိုသော တပည့်လုလင်သည် ယခုအခါ အမည်ပြောင်းလိုသော ရဟန်းဖြစ်လာ၏။ ထိုစဉ်က ဒိသာပါမောက္ခဆရာကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုတော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၉၇။ ကုဋ္ဋဝါကျော်ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၈]

# ကူဋဝါဏိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး စမ္ပာယ်နေတော်မူစဉ် သာဝတ္ထိမြို့၌ ကုန်သည်နှစ်ဦး ရှိလေ၏။ တစ်ယောက်သော ကုန်သည်သည် စဉ်းလဲကောက်ကျစ်၊ ကျန်ကုန်သည်မှာမူ ရိုးသားဖြောင့်မတ်လေ၏။

တစ်နေ့သ၌ ထိုကုန်သည်နှစ်ဦးသည် အမြတ်အစွန်းများ အညီအမျှ ရယူခံစားရန် တိုင်ပင်ပြီးနောက် ဇနပုဒ်ရွာသို့သွား၍ ကုန်သွယ်ပြီးနောက် ပြန်လာခဲ့ကြလေ၏။ ထိုအခါ၌ ကောက်ကျစ်စဉ်းလဲသော ကုန်သည်သည် ...

"ငါ၏ အဖော်ကုန်သည်ကား ဇနပုဒ်တွင်ရှိစဉ်က အစားအသောက် လွန်စွာမှ ဆင်းရဲ၏။ ယခုအခါ၌မူ အစားကောင်း, အသောက်ကောင်းများ စားရလေသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အစာမကျေဖြစ်ပြီး သေရလတ္တံ့။ ထိုသို့သေပါက
ငါ့အတွက် ဝေစုများများ ရလိမ့်မည်”

ဟု ကြံစည်လျက် ရတ်တရက် ဝေစုကို မဝေခြမ်းသေးဘဲ၊ နက်ဖြန်ခါဝေမည်၊ သန်ဘက်ခါဝေမည် စသဖြင့် ဟိုနေ့ရွှေ့၊ သည်နေ့ရွှေ့ လုပ်နေလေ၏။ ထိုအခါ ရိုးဖြောင့်သော ကုန်သည်လည်း မဖြစ်ချေဟု စဉ်းစားမိပြီး စဉ်းလဲသောကုန်သည်အား အင်အားသုံးလျက် အတင်းဝေစေမှ ဝေစုရလာတော့၏။ ထိုအခါ ဘုရားရှင်ထံ ရောက်ရှိသွားပြီး အကျိုးအကြောင်းကို တင်ပြလျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်လည်း-

“အို ... ဖြောင့်မတ်သော ကုန်သည်၊ သင်ကြုံတွေ့ခဲ့ရသော စဉ်းလဲကုန်သည်ကား ယခုအခါ၌သာလျှင် စဉ်းလဲသောကုန်သည် ဖြစ်သည်မဟုတ်။ ရှေးအခါ၌လည်း ဖြစ်ဖူးပြီ။ ၎င်းသည် ယခုအခါ၌သာလျှင် သင့်အား လှည့်စားလိုသည် မဟုတ်။ ရှေးအခါ၌လည်း ပညာရှိတို့ကို လှည့်စားရန် အားထုတ်ဖူးလေပြီ”

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသော် ထိုဗာရာဏသီဝယ် ကုန်သည်နှစ်ဦးရှိလေ၏။ တစ်ဦး၏အမည်မှာ ‘ပဏ္ဍိတ’ဖြစ်ပြီး၊ ကျန်တစ်ဦး၏ အမည်မှာ ‘အတိပဏ္ဍိတ’ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ထိုကုန်သည်နှစ်ဦးတို့သည် ရရှိသော အမြတ်အစွန်းများကို အညီအမျှ ခွဲဝေခံစားကြရန် တိုင်ပင်ပြောဆိုပြီး၊ ဗာရာဏသီပြည်မှ လှည်းငါးရာဖြင့် ဇနပုဒ်သို့သွားကာ ကုန်စည်များကို ရောင်းချကြလေ၏။ ပါသွားသောကုန်များ ကုန်သွားလေသောအခါ ဗာရာဏသီသို့ ပြန်လာကြလေ၏။ ဤ၌ အမြတ်အစွန်းများကို ဝေကြသောအခါ အတိပဏ္ဍိတကုန်သည်က–

"ငါသည် အမြတ်ဝေစု နှစ်စုရထိုက်၏"

ဟုဆို၏။ ထိုအခါ ပဏ္ဍိကုန်သည်က–

"အဘယ်ကြောင့် သင်က နှစ်စုရထိုက်သနည်း"

"ငါ၏အမည်မှာ 'အတိပဏ္ဍိတ'ဖြစ်၍ နှစ်စုရထိုက်၏။ သင်၏အမည်မှာမူ 'အတိ'မပါဘဲ 'ပဏ္ဍိတ'သာ ဖြစ်လေသည့်အတွက် တစ်စုသာလျှင် ရထိုက်၏"

"မဟုတ်သေးပါ အဆွေ၊ သင်နှင့်ငါသည် အရင်းအနှီးကို စိုက်ထုတ်ကြရာ၌ အညီအမျှဖြစ်၏။ ရောင်းရေးဝယ်တာ ကိစ္စ၌လည်း နှစ်ယောက်အတူပင် အားထုတ်ခဲ့ကြ၏။ သို့ပါလျက် သင်က အဘယ့်ကြောင့် နှစ်စုရထိုက်လေသနည်း..."

ဤသို့ နှစ်ဦးသား အငြင်းပွားကြလေသော် အတိပဏ္ဍိတသည် အကြံအစည်တစ်ခုကို စဉ်းစားမိပြီး ၎င်း၏ဖခင်ထံ သွားရောက်လျက်–

"ဖခင်၊ ဖခင်သည် သစ်ခေါင်းတစ်ခုအတွင်း၌ ဝင်နေရစ်ပါ။ ကျွန်ုပ်တို့နှစ်ယောက် သစ်ခေါင်းရှေ့သို့ ရောက်၍

www.burmeseclassic.com

www.burmeseclassic.com



အမေးရှိလာပါက ဖခင်မှ-

"အတိပဏ္ဍိတကား နှစ်စုရသင့်၏။ ပဏ္ဍိတမှာမူ တစ်စုသာ ရထိုက်၏" ဟု အဆုံးအဖြတ် ပေးပါလော့"

ဟူ၍ ကြိုတင်မှာထားပြီးနောက် ပဏ္ဍိတထံသို့ သွားရောက်လေ၏။ ထို့နောက် ပဏ္ဍိတအား-

"အဆွေ ပဏ္ဍိတ၊ သင်နှင့်ငါ မည်သူက မည်ရွေ့မည်မျှ ရထိုက်သည် ရက္ခစိုးမင်းထံသွား၍ မေးမြန်းကာ အဆုံးအဖြတ် ရယူကြပါအံ့"

ဟုဆိုကာ နှစ်ယောက်သား ထွက်လာကြလေ၏။ ထို့နောက် အတိပဏ္ဍိတလည်း ၎င်းကြိုတင်စီစဉ်ထားသည့်အတိုင်း ၎င်း၏ဖခင် သစ်ခေါင်းတွင်းရှိနေရာ သစ်ပင်ရှေ့သို့ သွား၍ ရပ်လေ၏။ ပြီးလေသော် ...

"အရှင် ရက္ခစိုးမင်း၊ ကျွန်ုပ်ကား အတိပဏ္ဍိတ ဖြစ်ပါ၏။ သူကား ပဏ္ဍိတဖြစ်ပါ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ဇနပုဒ်သို့သွား၍ ကုန်ပစ္စည်းများ ရောင်းချရာ အမြတ်ငွေများ ရလာခဲ့ပါသည်။ သို့ရာတွင် ဝေစုခွဲသောအခါ၌မူ အငြင်းအခုံ ဖြစ်နေရပါသည်။

သို့ဖြစ်၍ အရှင်ရက္ခစိုးမင်းအနေဖြင့် မည်သူသည် အမြတ်ဝေစု မည်မျှရယူသင့်ပါကြောင့် အဆုံးအဖြတ် ပေးပါလော့..."

ဟူ၍ တောင်းပန်လျှောက်ထားလေ၏။ ထိုအခါတွင် သစ်ခေါင်းတွင်းမှ အသံပေါ်ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပဏ္ဍိတသည် တစ်ခုသာ ယူထိုက်၏။ အတိပဏ္ဍိတမှာမူ နှစ်ခုယူထိုက်၏"

ထိုဆုံးဖြတ်သံကြားလေသော် ပဏ္ဍိတသည် သံသယဝင်သွားခဲ့လေ၏။ သစ်ခေါင်းထဲမှ အသံသည် လူတစ်ယောက် အသံဖျက်၍ ပြောဆိုသော အသံသာဖြစ်ရမည်ဟု တွက်ဆထားလိုက်၏။ သို့ဖြစ်၍ ယခုဆုံးဖြတ်ချက်ပေးသူကား မည်သည့်နည်းနှင့်မျှ ရက္ခစိုးအစစ် မဟုတ်နိုင်ဟု ယူဆကာ ကောက်ရိုးတို့ကို ပိုက်ပွေ့လျက် သစ်ခေါင်းထဲသို့ ထိုးထည့်ကာ မီးရှို့လေတော့၏။ ဤတွင် ရက္ခစိုးအယောင်ဆောင်ထားသော အတိပဏ္ဍိတ၏ ဖခင်လည်း မီးတောက်ဒဏ်ကို မခံနိုင်တော့ဘဲ ကိုယ်တစ်ပိုင်း မီးစွဲ၍ သစ်ခေါင်းတွင်းမှ တိုးထွက်ကာ မြေပြင်ပေါ် ကျွမ်းထိုးမှောက်ခုံ ဆင်းရပြီးနောက်–

"အချင်းတို့၊ လောက၌ ပဏ္ဍိတမည်သည် ပညာရှိဖြစ်ပြီး ကောင်းမြတ်လှ၏။ အတိပဏ္ဍိတအမည်ခံ ကောက်ကျစ်စဉ်းလဲသူကား မကောင်းပါ။ သူသည် ငါ၏သားမိုက်ဖြစ်၏။ သူ့အလိုသို့ ငါလိုက်သည့်အတွက် ငါ့မှာ မီးစွဲလောင်ခံရ၏"

ဟူ၍ အများကြားအောင် ပြောလေ၏။ သည်နောက် ကုန်သည်နှစ်ယောက်လည်း အညီအမျှ ခွဲဝေယူကြလေ၏။

ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ စပ်တော်မူပြီးနောက် တရားနာ ရဟန်းပရိသတ်တို့အား ...

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုစဉ်က အတိပဏ္ဍိတသည် ယခုအခါ စဉ်းလဲသော ကုန်သည်ဖြစ်လာ၏။ ပဏ္ဍိတကား ငါဘုရားရှင် ဖြစ်လာ၏"
ဟုမိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းလေသတည်း။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ၉၉။ ပရောသဟဿဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၉၉]

# ပရောသဟဿဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် စုဝေး၍ ပြောဆိုကြကုန်၏။

"ငါ့ရှင်တို့၊ တရားစစ်သူကြီး ဖြစ်တော်မူသော ငါတို့၏ နောင်တော်ကြီး ရှင်သာရိပုတ္တရာသည် ဘုရားရှင် ဟောကြားတော်မူသော တရားတော် အကျဉ်းကို အကျယ် ဟောနိုင်၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ဖြစ်သော ရှင်သာရိပုတ္တရာအား ချီးမွမ်းစကား ပြောဆိုကြလေ၏။ ထိုအကြောင်းကို ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလေသောအခါ-

"ရဟန်းတို့၊ ငါ၏ချစ်သား ရှင်သာရိပုတ္တရာသည် ငါဘုရား အကျဉ်း ဟောကြားခဲ့သော တရားတော်အား ယခုအမှသာလျှင် အကျယ်ဟောကြားနိုင်သည် မဟုတ်။ ရှေးအခါ၌လည်း ဟောကြားတော်မူနိုင်ခဲ့သည့်သာပင်"

ဟူ၍ မိန့်ဆိုလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ၌။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ပုဏ္ဏားလုလင်တစ်ဦးသည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လျှင် တက္ကသိုလ်ပြည်သို့သွားကာ အတတ်ပညာတို့ကို သင်ယူခဲ့လေ၏။ ထို့နောက် ကာမဂုဏ်တို့ကို ပယ်ခွာ၍ ရသေ့ရဟန်းပြုကာ အဘိညာဉ်ငါးပါးနှင့် ဈာန်သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေလျက် ဟိမဝန္တာတောအုပ်၌ တပည့်ငါးရာတို့ ခြံရံလျက် သီတင်းသုံး နေထိုင်လေ၏။

ဤတွင် တပည့်ကြီးဖြစ်သော ရသေ့သည် မိုးတွင်းအခါ၌ ချဉ်ဆားတို့ကို မှီဝဲရန်အလို့ငှာ ထက်ဝက်မျှသော ရသေ့တို့ကို ခေါ်ဆောင်လျက် လူတို့နေထိုင်ရာအရပ်သို့ ကြွသွားခဲ့လေ၏။

ထိုအခါ ကျန်ရစ်ခဲ့သော ရသေ့ကြီးလည်း စုတေခါနီး

www.burmeseclassic.com



အချိန်သို့ ရောက်ရှိလာပြီကို သိသဖြင့် တပည့်အပေါင်းတို့ကို စည်းဝေးစေလိုက်၏။ ဤတွင် တပည့်တို့က–

"ဆရာရသေ့ကြီး၊ ဆရာရသေ့ကြီးသည် အဘယ်သို့သော တရားထူးကို ရရှိပါသနည်း"

ဟူ၍ မေးလျှောက်ကြကုန်၏။ ဆရာရသေ့ကြီးလည်း–

"နတ္ထိ ကိဉ္စိ"

ဟူသော စကားလေးလုံးကို ပြောကြားကာ စုတေသွားပြီး သကာလ၊ ဗြဟ္မာ့ဘုံသို့ ရောက်ရှိသွားလေ၏။

မကြာမီ ကာလအတွင်း လူတို့နေသော အရပ်မှ တပည့်ရသေ့ကြီးနှင့် ထက်ဝက်မျှသော ရသေ့အပေါင်းတို့ ပြန်လည်ရောက်ရှိလာကြလေ၏။ ထိုအခါ တပည့်ရသေ့ကြီး ၎င်း၏ ဆရာရသေ့ကြီးကို မမြင်သဖြင့် မေးလေ၏။ ထိုအခါ တပည့်တို့က ...

"အရှင်ရသေ့၊ ဆရာရသေ့ကြီးကား စုတေသွားခဲ့ပါပြီ"

"ငါ့ရှင်တို့၊ ဆရာရသေ့ကြီး စုတေခါနီး၌ ဆရာရသေ့ကြီး ရအပ်သော တရားထူးကို မေးလိုက်ကြပါ၏လော..."

"မေးပါသည် အရှင်ရသေ့၊ ထိုအခါ ဆရာရသေ့ကြီးက 'နတ္ထိကိဉ္စိ' ဟူသော စကားလေးလုံးကိုသာ ပြောကြားသွားခဲ့ပါ၏။ သည့်အတွက် ကျွန်ုပ်တို့သည် 'ငါတို့၏ ဆရာကြီးကား ရအပ်သော တရားထူးမရှိ' ဟူ၍ မှတ်ယူကြကာ ပူဇော်သက္ကာရကို မပြုကြပါကုန်..."

"ငါ့ရှင်တို့၊ သင်တို့သည် ဆရာကြီး ပြောဆိုခဲ့သော စကားအဓိပ္ပာယ်အား နားမလည်ကြကုန်။ ငါတို့၏ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးကား 'အာကိဉ္စညာယတန သမာပတ်' ကို ရခဲ့သူ ဖြစ်ပေ၏"

ဤသို့ တပည့်ရသေ့ကြီးက အဖန်ဖန်ပြောသော်လည်း တပည့်ရသေ့အပေါင်းမှာ ယုံကြည်ခြင်း မရှိကြကုန်။ ထိုအခါ ဆရာရသေ့ကြီးသည် ထိုအကြောင်းကို သိရှိ၍ ဗြဟ္မာ့ဘုံမှ ဆင်းသက်လာပြီး ရသေ့တို့၏ ကျောင်းဝိုင်းအပြင် ကောင်းကင်၌ ကြီးစွာသော တန်ခိုးအာနုဘော်ဖြင့် ရပ်တန့်လျက်–

"တပည့်တို့၊ ပညာအသိ ဆိတ်သုဉ်းသော လူတစ်ထောင်တို့၏ အနှစ်တစ်ရာမျှ ငိုကြွေးနေကြသော်ငြား ငါ့စကား၏ အနက်အဓိပ္ပါယ် အကျိုးအကြောင်းကို သိကြလိမ့်မည် မဟုတ်ပေ။

ပညာရှိသော ငါ့တပည့်ကြီး တစ်ဦးသာလျှင် အနက်အဓိပ္ပာယ် အကျိုးအကြောင်းကို သိပေ၏။ သို့အတွက် ငါ၏တပည့်ကြီးကား လူတစ်ထောင်တို့ထက် မြတ်၏"

ဟူ၍ တပည့်ကြီး၏ ပညာအာနုဘော်ကို ထုတ်ဖော်ချီးမွမ်းကာ ကျန်ပညာကင်းမဲ့သော တပည့်အပေါင်းကို သိစေပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်လည်ကြွသွားတော်မူလေ၏။ ဤတွင်မှ တပည့်ရသေ့အပေါင်းတို့လည်း ကြီးစွာသော နောင်တတရားကို ရရှိကြ၏။ ထို့နောက် တပည့်ရသေ့အပေါင်းလည်း တရားတော်၌ ကြိုးစားအားထုတ်ကြသည်ရှိသော် မယုတ်သော စျာန်သမာပတ်ကို ရရှိကြလျက် စုတေသောအခါ ဗြဟ္မာ့ပြည်သို့ လားကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာ ရဟန်းပရိသတ်တို့အား–

"ရဟန်းတို့၊ ထိုအခါက တပည့်ရသေ့ကြီးသည် ယခုအခါ ရှင်သာရိပုတ္တရာ ဖြစ်လာ၏။ ဆရာရသေ့ကြီးမှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## ၁၀၀။ အဃာတရုပဗော်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၀]

## အာယာတ ရူပဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ကုဏ္ဍိယမြို့ကို အမှီပြု၍ ကုဏ္ဍိယ ဥယျာဉ်၌ စမွယ်သီတင်းသုံးစဉ်က ဖြစ်လေ၏။

ထိုစဉ် 'သုပ္ပဝါသာ'အမည်ရှိသော ကောလိယ မင်းသမီးသည် ခုနစ်နှစ်တာ ကာလပတ်လုံး ကိုယ်ဝန်ဆောင်လျက် ခုနစ်ရက်ပတ်လုံး ကမ္မဇလေလှုပ်ကာ သားမဖွားမြင်နိုင်ဘဲ မိန်းမော တွေဝေကာ ပြင်းစွာသော ဝေဒနာကို ခံစားနေရလေ၏။

ထိုသို့ သုပ္ပဝါသာ မင်းသမီးသည် ပြင်းစွာသော ဝေဒနာကို ခံစားနေရသော်လည်း သတိလက်လွတ်ခြင်း မရှိဘဲ–

"မြတ်စွာဘုရားရှင်ကား ဆင်းရဲခြင်း လွတ်ကင်းရန် တရားမြတ်တို့ကို ဟောကြားတော်မူ၏။ တပည့်သံဃာတော်တို့ကိုလည်း ဆင်းရဲခြင်းကင်းစေရန် တရားတော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျင့်စေတော်မူ၏၊ နိဗ္ဗာန်ဟူသည်ကား ဆင်းရဲခြင်းကင်း၍ လွန်စွာမှ ချမ်းသာတော်မူ၏။

ဤ ...ဘုရား၊ သံဃာ၊ နိဗ္ဗာန်သုံးမျိုးတို့၏ ဂုဏ်ကျေးဇူးကား ကြီးမားပါပေစွ"

ဟူ၍ အောက်မေ့ဆင်ခြင်ကာ ဝေဒနာကို သည်းခံနေလေ၏။ တစ်ဖန် ခင်ပွန်းဖြစ်သူကို ခေါ်ယူ၍–

"အကျွန်ုပ် ဖြစ်ပျက်ခံစားနေရသည့် အကြောင်းကိုလည်းကောင်း၊ ဘုရားရှင်အား ကန်တော့လိုက်သည် ဆိုသော အကြောင်းကိုလည်းကောင်း၊ ဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားပေးပါ"

ဟူ၍မှာကြားကာ ဘုရားရှင်သီတင်းသုံးရာသို့ လွှတ်လိုက်လေ၏။

ဘုရားရှင်လည်း သုပ္ပဝါသာမင်းသမီး၏ ခင်ပွန်းသည်ထံမှ အကျိုးအကြောင်း ကြားသိတော်မူလေသောအခါ ...

"ကောလိယမင်းသမီး သုပ္ပဝါသာသည် ချမ်းသာခြင်းကို ဖြစ်စေသတည်း။ အနာရောဂါကင်းသော သားကို ဖွားမြင်စေသတည်း"

ဟူ၍ မိန့်တော်မူလိုက်၏။ သုပ္ပဝါသာမင်းသမီးလည်း ဘုရားရှင် မိန့်တော်မူသည်နှင့် တစ်ပြိုင်နက်မှာပင် ဝေဒနာတို့မှ သက်သာချမ်းသာရကာ အနာရောဂါကင်းသော သားရတနာကို ဖွားမြင်လေတော့၏။

သုပ္ပဝါသာ၏ ခင်ပွန်းသည်လည်း အိမ်ပြန်ရောက်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သက်သာချမ်းသာစွာ သားဖွားမြင်သည်ကို တွေ့မြင်ရလျှင် ...

"အချင်းတို့၊ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်ကား အံ့ဖွယ်ရှိပေတကား။ မဖြစ်စဖူး ထူးကဲလေစွတကား"

ဟူ၍ အဖန်ဖန် ထုတ်ဖော် ချီးကျူးလေ၏။ သုပ္ပဝါသာ မင်းသမီးလည်း သားတော်ကို ဖွားမြင်ပြီးသည်ရှိသော် ဘုရားရှင် အမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလေ၏။ ခုနစ်ရက်ပြည့်သောနေ့၌ သားတော် သီဝလိမင်းသားအား တန်ဆာများဆင်ယင်၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ရှိခိုးစေ၏။

ထိုအခါ ရှင်သာရိပုတ္တရာက သီဝလိမင်းသားအား--

"အမောင် သီဝလိ၊ သင့်အား ချမ်းသာမှုကို ဖြစ်စေသလော"

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ သီဝလိမင်းသားက-

"အရှင်ဘုရား၊ တပည့်တော်အား အဘယ်မှာလျှင် ချမ်းသာပါအံ့နည်း။ လောဟကုမ္ဘီငရဲနှင့် တူလှစွာသော အမိဝမ်းတွင်း၌ ခုနစ်နှစ်ပတ်လုံး ကိန်းအောင်းကာ ပဋိသန္ဓေ နေရခြင်းကား ဆင်းရဲလှပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ သုပ္ပဝါသာလည်း သားတော်သီလဝိ မင်းသားစကားကို ကြား၍ ဖွားမြင်ကာစ ခုနစ်ရက်သာ ရှိသေးသော ငါ၏သားငယ်သည် ဘုရားငယ်ဖြစ်သော ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနှင့် အပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင်ပေပြီဟုဆိုကာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ မြတ်စွာဘုရားရှင်လည်း သုပ္ပဝါသာ မင်းသမီးအား ...

"ချစ်သမီး သုပ္ပဝါသာ၊ သီဝလိကဲ့သို့သော သားမျိုးကို နောက်ထပ် လိုချင်ပါသေးသလော"

ဟူ၍ မေးမြန်းတော်မူရာ–

"ဘုန်းတော်ကြီးမြတ်လှစွာသော မြတ်စွာဘုရား၊ နောက်ထပ်ရနိုင်မည်ဆိုပါက သီဝလိကဲ့သို့သားမျိုး ခုနစ်ယောက်လောက်ပင် အလိုရှိပါသေး၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း ဥဒါန်းကျူးရင့်တော်မူပြီးနောက် အနုမောဒနာပြုလျက် ဥယျာဉ်တော်သို့ ပြန်လည်ကြွသွားခဲ့လေ၏။

သီဝလိမင်းသားလည်း ခုနစ်နှစ်အရွယ်သို့ ရောက်လေသောအခါ သာသနာတော်၌ ရှင်သာမဏေပြု၍ အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းပြုလေ၏။ ဘုန်းတန်ခိုး ကြီးမားသော မြတ်လှစွာသော လာဘ်လာဘကိုရလျက် မြေပြင်အလုံးကို ပွံ့ထင်ထပ်စေ၍ အရဟတ္တဖိုလ်သို့ ဆိုက်တော်မူခဲ့၏။ ဘုန်းတန်ခိုးကြီးမားလှသည်ဖြစ်၍ ဘုရားသားတော်ကြီးတို့တွင် မြတ်သောလာဘ်လာဘကို ရရှိသည့်အရာ၌ အသာဆုံး အမြတ်ဆုံး ဖြစ်သည့် ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူလေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် ဘုရားသဘင်၌ စုဝေးမိကြသည့်အခိုက်–

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့၊ လွန်စွာမှ ဘုန်းတန်ခိုးကြီးများ၍ ပဋိမ ဘဝိက ဖြစ်သော ရှင်သီဝလိကား အမိဝမ်းတွင်း၌ ခုနစ်နှစ်မျှ နေရသော ဆင်းရဲခြင်း၊ ဖွားမြင်သော အခါ၌လည်း ရက်တာရက် မဖွားနိုင်ဘဲ မိခင်၏ အင်္ဂါဇာတ်တွင် မိန်းမော တွေဝေနေရသော ဆင်းရဲခြင်း၊ မိခင်သုပ္ပဝါသာ၏ ဆင်းရဲခြင်းတို့ဖြင့် တွေ့ကြုံရပေ၏"

ဟူ၍ ပြောဆိုနေကြသည်ကို ဘုရားရှင် ကြားသိတော်မူ တော်မူလေသောအခါ–

"ရဟန်းတို့ သီဝလိနှင့် သုပ္ပဝါသာ သားအမိနှစ်ယောက်၏ ဖြစ်ပျက်သမျှ အလုံးစုံသည် ၎င်းတို့ပြုခဲ့ကြသော ကံကြောင့်ပင် ဖြစ်ပေ၏"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသော် ဘုရားအလောင်းသည် ထိုမင်း၏ သားတော်ဖြစ်လေ၏။ အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ သွားရောက်၍ အတတ်ပညာတို့ကို သင်ယူခဲ့ပြီး၊ ပညာစုံ၍ ပြန်လာသည့်အခိုက် ခမည်းတော်မင်းကြီး နတ်ရွာစံ၍ ဗာရာဏသီပြည်ကို စိုးစံအုပ်ချုပ်ရလေ၏။

ယင်းအခါ ကောသလမင်း စစ်သည်ဗိုလ်ပါများစွာနှင့် ချီတက်လာ၍ ဗာရာဏသီ တစ်ပြည်လုံးကို သိမ်းယူကာ မင်းကို သုတ်

www.burmeseclassic.com



သင်၏။ မိဖုရားကြီးကိုလည်း သိမ်းပိုက်လေ၏။ ထိုအခါ ဗာရာဏသီမင်း၏ သားတော်သည် ဖခမည်းတော်မင်းကြီး သေလွန်သည်ကိုသိလျှင် တစ်ခုသော ရေပြွန်တံခါးမှ ထွက်ပြေး၍ စစ်သည်ဗိုလ်ပါများကို စုဆောင်းလေ၏။ ထို့နောက် ဗာရာဏသီပြည်ကို ဝန်းရံလျက် ရန်သူမင်းအား ...

"တိုင်းပြည်ကို အပ်မည်လော၊ စစ်ထိုးမည်လော..."

ဟူ၍ ရာဇသံပေးလေ၏။ ရန်သူမင်းကလည်း စစ်ထိုးမည်ဟု တုံ့ပြန်ရာဇသံ ပေးလိုက်၏။ မင်းသား၏မယ်တော် မိဖုရားကြီးကား ထိုသတင်းကိုကြားလျှင်–

"သားတော်၊ စစ်မထိုးပါနှင့်။ အရပ်ရပ်သို့ လူသွားလူလာ ဖြတ်တောက်၍ မြို့ကို ကြပ်တည်းစွာ ဝန်းရံပါလော့။ မြို့၌ ရေ၊ ထင်း၊ ထမင်း၊ အစာများ ပြတ်တောက်လျက် ဝေ်မွတ်ခေါင်းပါးလာပါက အားနည်းသွားမည် ဖြစ်ပြီး စစ်မထိုးရဘဲနှင့် လွယ်လွယ်ကူကူ ရလာပါလိမ့်မည်"

ဟူ၍ သားတော်ထံ တိတ်တဆိတ် အကြောင်းကြားလေ၏။ သားတော်မင်းသားလည်း မယ်တော်မှာကြားသည့်အတိုင်း ခုနစ်ရက်ပက်လုံး အရပ်ရပ်မှ လမ်းသွားလမ်းလာတို့ကို ဖြတ်တောက်၏။ ဗာရာဏသီမြို့ကိုလည်း ကျပ်တည်းစွာ ပိတ်ဆို့ဝန်းရံထားလေ၏။ မြို့သူမြို့သားတို့လည်း ခုနစ်ရက်ပတ်လုံး သွားလာခွင့်မရ၊ အစာရေစာတို့ ငတ်မွတ် ခေါင်းပါးလာကြသဖြင့် သည်းမခံနိုင်ကြတော့ဘဲ ခုနစ်ရက်မြောက်သောနေ့၌ ရန်သူမင်း၏ ဦးခေါင်းကို ဖြတ်ကာ မင်းသားထံ ပို့ဆက်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလည်း ရန်သူမင်း မရှိတော့ပြီဖြစ်သဖြင့် မြို့တွင်းသို့ဝင်ကာ တရားသဖြင့် မင်းပြုလျက် သေလွန်သောအခါ ကောင်းရာသုဂတိသို့ လားလေ၏။

ဤသို့လျှင် သီဝလိမင်းသားသည် ဗာရာဏသီမြို့ကို ကျပ်တည်းစွာ ဝန်းရံပိတ်ဆို့ဖူးသော မကောင်းမှု အကုသိုလ်ကံကြောင့် နောက်ဆုံးဘဝယ် ခုနစ်နှစ် ပဋိသန္ဓေနေရ၍ ခုနစ်ရက်တိတိ မိခင်၏ ယောနိ၀၌ မဖွားနိုင်ဘဲ ဆင်းရဲပင်ပန်းစွာ နေခဲ့ရလေ၏။ သီဝလိမင်းသားသည် ပဒုမုတ္တရာ မြတ်စွာဘုရားရှင် လက်ထက်၌ အလှူကြီးပေးကာ 'လာဘ်လာဘများသော သာဝကတို့တွင် အမြတ်ဆုံး, အသာဆုံး သာဝက ဖြစ်စေသတည်း'ဟု ဆုတောင်းခဲ့ဖူး၏။

ဝိပဿီ မြတ်စွာဘုရားရှင် လက်ထက်၌လည်း မြို့သူတို့နှင့်တကွ အဖိုးတစ်သိန်းထိုက်သော နို့ဓမ်းခဲကို လှူဒါန်းကာ ဆုတောင်းခဲ့ဖူး၏။ ထိုကောင်းမှု အာနုဘော်တို့ကြောင့် မြတ်သောလာဘ်လာဘကို ရသောအရာ၌ အသာဆုံး, အမြတ်ဆုံးဆိုသည် ဧတဒဂ်ထားခြင်းကို ခံခဲ့ရလေ၏။ သုပ္ပဝါသာလည်း မိဖုရားကြီးဖြစ်စဉ် သားတော်အား ဗာရာဏသီကို ခုနစ်ရက်ပတ်လုံး ဝန်းရံပိတ်ဆို့ရန် စေခိုင်းခဲ့ဖူးသော မကောင်းမှု အကုသိုလ်ကံကြောင့် ယခုဘဝ၌ ခုနစ်နှစ်မျှ ကိုယ်ဝန်ဆောင်ရခြင်း၊ ခုနစ်ရက်ပတ်လုံး သွားဖွားရခြင်းစသော ပြင်းထန်သည့် ဝေဒနာကို ခံစားရလေ၏။ ဤကဲ့သို့ ဘုရားရှင်လည်း အတိတ်ဇာတ်ကို ဆောင်တော်မူပြီးနောက်—

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားတို့၊ မေ့လျော့သောသူကို မသာယာအပ်သော သဘောသည် သာယာအပ်သော သဘောအသွင်ဖြင့် လည်းကောင်း၊ မချစ်အပ်သော သဘောသည် ချစ်အပ်သော သဘောအသွင်ဖြင့် လည်းကောင်း၊ ဆင်းရဲသော သဘောသည် ချမ်းသာသော သဘောအသွင်ဖြင့် လည်းကောင်း နှိပ်စက်တတ်၏"

ဟူ၍ ဟောပြောဆုံးမ၏။ ထို့နောက် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုဘို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာ ရဟန်းပရိသတ်အား–

"ရဟန်းတို့၊ ထိုအခါက ဗာရာဏသီမြို့အား ပိတ်ဆို့ထားသော မင်းသားသည် ယခုအခါ သီဝလိ ဖြစ်လာ၏။ မင်းသား၏ မယ်တော်သည် သုပ္ပဝါသာ ဖြစ်လာ၏။ မင်းသား၏ ခမည်းတော်မှာမူ ငါဘုရားရှင် ဖြစ်လေ၏"

ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၁။ ပရောသတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ၁၀၁။ ပရောသတဇာတ်

[၁၀၁]

## ပရောသတဇာတ်

ဤပရောသတဇာတ်သည် အမှတ်-၉၉မှ ပရောသဟဇာတ်နှင့် ပစ္စုပ္ပန်ဝတ္ထုအားဖြင့် လည်းကောင်း၊ အတိတ်ဝတ္ထုအားဖြင့် လည်းကောင်း ဇာတ်လမ်းစဉ်အရ လည်းကောင်း၊ စကားအသွားအလာအားဖြင့် လည်းကောင်း အတူတူပင်ဖြစ်၏။

'ပညာမရှိသောသူ အထောင်'နှင့် 'ပညာမရှိသောသူအရာ' တို့သာ ကွာခြားသဖြင့် မဖော်ပြတော့ပါ။

ပြုစုသူ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၂။ ပဏ္ဍိကာဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၂]

# ပဏ္ဍိကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမ္ပာယ်သီတင်းသုံးစဉ်က သာဝတ္ထိမြို့တွင် ဟင်းသီးဟင်းရွက်များ ရောင်းချ၍ အသက်မွေးမြူသော သီတင်းသည်တစ်ဦး ရှိလေသည်။

ထိုသီတင်းသည်၌ သမီးတစ်ဦး ရှိ၏။

ထိုသမီးကား ရုပ်ရည်အဆင်း လွန်စွာလှပ၏။ ကြည်ညိုဖွယ် သဏ္ဌာန်ရှိ၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဟိရိဩတ္တပ္ပမည်သော အရှက်,အကြောက်တို့နှင့် ပြည့်စုံ၏။ မျက်နှာအသွင်အပြင်မှာ အမြဲလိုပင် ပြုံးရွှင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသမီးအရွယ်ရောက်လေသော် အမျိုးတူသော သူတို့သည် ၎င်း၏သားတို့နှင့် ထိမ်းမြားလက်ထပ်ရန် စကားကြောင်းလမ်းခြင်းများ ရှိလာ၏။ ထိုအခါ ဖခင်သီတင်းသည်လည်း–

"ငါ၏သမီးကား လက်ထပ်ရန် မသင့်သေး။ သမီးသည် အမြဲလို ပြုံးရွှင်သောမျက်နှာရှိ၏။ အကျင့်သီလမရှိခဲ့သော် လင်အိမ်သို့ ရောက်သောအခါ ငါတို့မိဘများအား ရှုတ်ချကဲ့ရဲ့ကြလိမ့်မည်။ သည့်အတွက် အကျင့်သီလရှိသည် မရှိသည်ကို စုံစမ်းမှ တော်ပေလိမ့်မည်"

ဟူ၍ ကြံစည်လျက်ရှိ၏။ တစ်နေ့သ၌ သီတင်းသည်လည်း သမီးကိုခေါ်ကာ တောင်းတစ်လုံးကို ယူစေ၍ ဟင်းရွက်ခူးရန် တောသို့သွားကြလေ၏။ တောသို့ရောက်လျှင် ဖခင်သည် သမီးကို စုံစမ်းလိုသည်နှင့် ကိလေသာစိတ် ဝင်ဟန်ဆောင်ကာ မဖွယ်မရာ စကားကိုဆို၍ သမီး၏လက်ကို ဆွဲလေ၏။ ထိုအခါ သမီးလည်း လက်ဆွဲသည်နှင့်ပင် မျက်ရည်များ ပေါက်ပေါက်ကျလာပြီး ငိုရှိုက်လျက်–

"ဖခင်၊ ဤကဲ့သို့ မပြုသင့်ပါ။ အေးမြသောရေသည် မီးတောက်မီးလျှံ ဖြစ်သွားသည်နှင့် တူပါ၏"

ဟူ၍ ဖခင်အား တားမြစ်လေ၏။ ထိုအခါ ဖခင်က–

"ချစ်သမီး၊ ဖခင်သည် သမီး၏ အကျင့်သီလကို စုံစမ်းလို၍ လက်ကိုဆွဲခြင်း ဖြစ်ပါ၏။ ဖခင်၌ တစ်စုံတစ်ရာသော ဖောက်ပြန်လိုစိတ်မျှ မရှိပါ။ မငိုပါနှင့်။ ငါ့သမီး၌ အကျင့်သီလ ရှိပါသလော..."

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေ၏။ ထိုအခါ သမီးလည်း ...

"ရှိပါသည် ... ဖခင်၊ သမီးသည် ယခုအချိန်အထိ မည်သည့်ယောကျ်ားသားကိုမျှ ကိလေသာ ရာဂစိတ်ဖြင့် မကြည့်စဖူးပါ"

ဟူ၍ ဖြေကြားလေ၏။ ထိုအခါ ဖခင်သီတင်းသည်လည်း သမီးဖြစ်သူကို နှစ်သိမ့်စေ အိမ်သို့ပြန်ပြီး မကြာမီမှာပင် သမီးအား အိမ်ထောင်ရက်သား ချပေး၍ လင့်အိမ်သို့ ထည့်လိုက်လေ၏။

သီတင်းသည်လည်း ဘုရားရှင်ထံမှောက် ရောက်ရှိလေသော အခါ ထိုအကြောင်းကို လျှောက်တားလေ၏။ ဘုရားရှင်လည်း-

"သီတင်းသည်၊ သင်၏သမီးသည် အကျင့်သီလနှင့် ပြည့်စုံခဲ့သူဖြစ်၏။ သင်သည် သမီး၏ အကျင့်သီလအား ယခုမှသာ စုံစမ်းသည် မဟုတ်၊ ရှေးအခါကလည်း ... စုံစမ်းခဲ့ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ရက္ခစိုးနတ်တစ်ပါး ဖြစ်လေ၏။

ဗာရာဏသီပြည်၌ သီတင်းသည်တစ်ယောက်သည် ဟင်းသီးဟင်းရွက်တို့ကို ရောင်းချလျက် အသက်မွေးမြူလို၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



သီတင်းသည်၌ သမီးတစ်ယောက် ရှိလေ၏။ [ဤ၌ အလုံးစုံသော ဇာတ်သွားနှင့် စကားများသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူ၏။
--ပြုစုသူ။]

တစ်နေ့သ၌ ဖခင်သီတင်းသည်သည် သမီးဖြစ်သူ၏ အကျင့်သီလကို သိလိုသဖြင့်–တောတွင်းသို့ ရောက်လေသော သမီး၏လက်ကို ဆွဲလေ၏။ ထိုအခါ သမီးဖြစ်သူသည် ငိုယိုလျက်–

"ဖခင်၊ သမီးဖြစ်သူ ဆင်းရဲဒုက္ခတွေ့လျှင် ကိုးကွယ်ရာ ဖြစ်ရမည့် ဖခင်သည် တောအလယ်၌ ပြစ်မှားဘိ၏။ နိုင့်ထက်ကလူ ပြုဘိ၏။ သမီးအနေဖြင့် မည်သူထံ၌ ငိုရပါမည်နည်း"

ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ဖခင်ဖြစ်သူက–

"ချစ်သမီး၊ ဖခင်သည် သမီးအား အကျင့်သီလရှိခြင်း မရှိခြင်းကို စုံစမ်းလို၍သာ လက်ကိုဆွဲခြင်း ဖြစ်ပါ၏။ တစ်စုံတစ်ရာ ပြစ်မှားလိုသည့်စိတ် လုံးဝမရှိပါ"

ဟူ၍ ပြောဆိုနှစ်သိမ့်၍ အိမ်ရောက်သောအခါ အိမ်ထောင်ရက်သား ချပေး၍ လင့်အိမ်သို့ ပို့ဆောင်ပေးလေ၏။ ထိုဒေသနာတော်အဆုံး၌ သီတင်းသည်လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုစဉ်အခါက ဖခင်သည် ယခုအခါ သမီး၏ဖခင် ဖြစ်လာ၏။ ထိုစဉ်က သမီးသည် ယခုအခါ ဖခင်၏သမီး ဖြစ်လာ၏။ အကြောင်းရင်းမှန်ကိုသိသော ရုက္ခစိုးနတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၃။ ဝေရိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## [၁၀၃]

# ဝေရီဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က အနာထပိဏ်သူဌေးကြီးသည် ၎င်းအပိုင်စား ရသောရွာသို့ လှည်းယာဉ်ဖြင့် သွားလေ၏။ အပြန်တွင် လမ်းခရီးအကြား၌ ခိုးသူတို့ကို မြင်ရလေ၏။

ထိုအခါ သူဌေးကြီးသည် ခရီးအကြား၌ ခေတ္တခဏမျှ နားနေရန်မသင့်။ သာဝတ္ထိမြို့တော်ရှိ နေအိမ်သို့ အရောက်ပြန်မှ ဖြစ်မည်ဟု ကြံစည်လျက် နွားတို့ကို အတင်းမောင်းနှင်ကာ ပြန်ခဲ့လေ၏။ အိမ်သို့ရောက်ပြီး နောက်တစ်နေ့ နံနက်၌ ဘုရားရှင်ထံ အဖူးအမြော်သွားရင်း အဆိုပါအကြောင်းအရာကို ပြောဆိုလျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်လည်း ...

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး၊ ရှေးအခါကလည်း သူခိုးတို့သည် လမ်းခရီးကြား၌ ပညာရှိတို့ကို မြင်တွေ့သောအခါ မလုယက်ဘဲ ၎င်းတို့နေရာသို့ ပြန်သွားခဲ့ကြဖူးပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် စည်းစိမ်ဥစ္စာများစွာ ကြွယ်ဝသော သူဌေးကြီးတစ်ဦး ရှိလေ၏။

တစ်နေ့သ၌ ထိုသူဌေးကြီးသည် မွန်မြတ်သော ဘောဇဉ်တို့ကို သုံးဆောင်ရန် ပင့်ဖိတ်ခြင်း ခံရသည့်အတွက် ရွာငယ်တစ်ရွာသို့ လှည်းယာဉ်ဖြင့် ထွက်ခဲ့လေ၏။ အပြန်၌ ခရီးအကြားတွင် ခိုးသူတို့ကိုမြင်၍ ခေတ္တနားခိုရန် မသင့်ဟူ၍ ယူဆကာ နွားတို့ကို အမြန်မောင်းနှင်၍ အိမ်သို့ အရောက်ပြန်လေ၏။

အိမ်သို့ရောက်လေသော် မွန်မြတ်သော အစားအသောက်တို့ကို သုံးဆောင်ပြီး နူးညံ့သော အိပ်ရာထက်၌ လဲလျောင်းတော်မူကာ–

"ငါသည် ခိုးသူတို့၏လက်မှ လွတ်မြောက်လျက် ဘေးရန်မရှိဘဲ အိမ်သို့ ပြန်ရောက်လာခဲ့ပေပြီ"

ဟူ၍ ဆင်ခြင်အောက်မေ့ပြီး–

"ရန်သူတို့ ရှိနေသောနေရာ၌ တစ်ရက်, နှစ်ရက်မျှ နေထိုင်ရခြင်းကား ဆင်းရဲလှပေ၏။ သို့ဖြစ်၍ ပညာရှိသော သူတို့သည် ရန်သူတို့၏ နေရာ၌ မနေထိုင်သင့်ပေ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်လေ၏။

ထို့နောက် အသက်ထက်ဆုံး အလျှုအစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြုလျက် တရားဓမ္မတို့ကို အားထုတ်သည်ရှိသော် သေလွန်သည့်အခါ ကောင်းရာသုဂတိသို့ လားရလေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့၊

ထိုစဉ်အခါက ဗာရာဏသီ သူဌေးကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍မိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၄။ မိတ္တဝိန္ဒကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၄]

# မိတ္တဝိန္ဒကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ် ဆိုဆုံးမရ ခက်ခဲသော ရဟန်းတစ်ပါး ရှိလေ၏။

[ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့သည် ရှေ့ပိုင်းတွင် ဖော်ပြခဲ့ဖူးသော ဇာတ်နံပါတ်–၈၂–မိတ္တဝိန္ဒကဇာတ်နှင့် အလုံးစုံ တူညီ၏။

–ပြုစုသူ]

ဤမိတ္တဝိန္ဒက ဇာတ်တော်မှ ဤဘဒ္ဒကမ္ဘာ ကဿပ မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ ဖြစ်၏။

ထိုအခါ သင်္ချိုင်းစက်ကို ခေါင်းပေါ်တွင်ရွက်၍ ငရဲခံနေရသော ငရဲသားသတ္တဝါတစ်ယောက်သည် ၎င်းထံရောက်လာသော နတ်သားအား–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်နတ်သား၊ အကျွန်ုပ်သည် မည်သို့သော မကောင်းမှုကို ပြုခဲ့လေသနည်း"

ဟူ၍မေးလေ၏။ ထိုအခါ နတ်သားက-

"အမောင် ငရဲသား၊ သင်ကား ဗိမာန်တစ်ခုနေ နတ်ပြိတ္တာမ လေးယောက်တို့ကို လည်းကောင်း၊ ဗိမာန်တစ်ခုနေ နတ်ပြိတ္တာမ ရှစ်ယောက်တို့ကို လည်းကောင်း၊ ဗိမာန် တစ်ခုနေ နတ်ပြိတ္တာမ တစ်ဆယ့်ခြောက်ယောက်တို့ကို လည်းကောင်း၊ တစ်ခုသော ဗိမာန်နေ နတ်ပြိတ္တာမ သုံးဆယ့်နှစ်ယောက်တို့ကို လည်းကောင်း အဆင့်ဆင့် ရရှိခဲ့ဖူးပြီ။ သင်သည် ၎င်းတို့နှင့် မရောင့်ရဲ၊ မတင်းတိမ်ဘဲ အလွန်အမင်း အလိုရမ္မက် ကြီးမားသည့် အတွက်ကြောင့် သင့်အား ခေါင်းပေါ်၌ မရပ်မနား လည်ပတ်လျက်ရှိသော သင်ခုန်းဓားကို ရခဲ့ပြီ"

ဟုပြောဆိုကာ နတ်ပြည်သို့ တက်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာရဟန်း ပရိသတ်တို့အား-

"ရဟန်းတို့၊ ထိုစဉ်က မိတ္တဝိန္ဒကသည် ယခုအခါ ဆိုဆုံးမရခက်ခဲသော ရဟန်းဖြစ်လာ၏။ ထိုစဉ်က နတ်သားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍မိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## ၁၀၅။ ဒုဗ္ဗလကဋ္ဌဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၅]

# ဒုဗ္ဗလကဋ္ဌဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လွန်စွာမှ ထိတ်လန့်ကြောက်ရွံ့တတ်သော ရဟန်းတစ်ပါးရှိလေ၏။

ထိုရဟန်းသည် လေတိုက်သဖြင့် သစ်ခက်, သစ်ရွက်, သစ်ကိုင်းတို့ ကျိုးသောအသံကို လည်းကောင်း၊ သားရဲတို့ အသံ, ကျေးငှက်တို့၏ အသံကို ကြားရလျှင်သော် လည်းကောင်း အလွန်ကြောက်ရွံ့ ထိတ်လန့်လျက် တုန်လှုပ်စွာ အော်ဟစ်ပြီး ထွက်ပြေးလေ့ရှိ၏။ ထိုရဟန်းကား တစ်နေ့နေ့တစ်ချိန်ချိန်၌ သေရမည်ကို သတိမရ။ သေရမည့်အဖြစ်ကိုလည်း မသိ။ မရဏာ သတိ ကမ္မဋ္ဌာန်းကို ပွားများခြင်း မရှိသည့်အတွက် သေရမည်ကို လွန်စွာမှ ကြောက်လန့်စိုးရွံ့နေလေ၏။ မရဏာသတိ ကမ္မ

www.burmeseclassic.com

www.burmeseclassic.com



ဌာန်းကို ပွားများအားထုတ်သူ မှန်လျှင် သေရမည်ကို ကြောက်လန့်စိုးရွံ့ခြင်းမရှိတော့။ ထိုရဟန်း၏ အကြောက်ရွံ့ကြီး ကြောက်ရွံ့မှုသည် ရဟန်းလောက၌ ပြောစမှတ်သဖွယ် ဖြစ်နေလေတော့၏။

ထိုအခါဝယ် တရားသဘင်၌ ရဟန်းတို့သည် ထိုရဟန်းပတ်သက်၍ ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာပြီး ရဟန်းတို့ထံမှ အကြောင်းစုံ သိရလေသောအခါ–

"ရဟန်းတို့၊ ထိုရဟန်းအား နှလုံးမသာမယာ မဖြစ်ပါစေနှင့်။ ထိုရဟန်းကား ယခုအခါမှသာလျှင် သေဘေးမှ ကြောက်ရွံ့ထိတ်လန့်သည်မဟုတ်။ ရှေးအခါကလည်း ကြောက်ရွံ့ထိတ်လန့်ခဲ့ဖူးလေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဟိမဝန္တာ တောအုပ်အတွင်း၌ ရက္ခစိုးနတ်တစ်ပါး ရှိလေ၏။

တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ဆင်ဆရာအား–

"မင်္ဂလာဆင်တော်ကို စစ်မြေပြင်၌ မကြောက်မရွံ့ရလေအောင် သင်ကြားပို့ချလော့"

ဟူ၍ တာဝန်ပေးလေ၏။ ဆင်ဆရာလည်း မင်္ဂလာဆင်တော်အား တိုင်တွင်ချည်လျက် ချွန်းတို့ကိုင်ဆောင်ထားသူများ

www.burmeseclassic.com

www.burmeseclassic.com



အား ဝန်းရံစေကာ စစ်မြေပြင်၌ မကြောက်မရွံ့ရလေအောင် သင်ပေးပို့ချလေ၏။ ဆင်ကော်သည် သင်ကြားမှု ဝေဒနာအား သည်းမခံနိုင်ဘဲ ချည်တိုင်ကို ရိုက်ချိုး၏။ လူတို့ကို ထွက်ပြေးစေ၏။ ထို့နောက် ဟိမဝန္တာတောအုပ်သို့ ပြေးဝင်ပုန်းလျှိုး၏။ ဆင်ထိန်းတို့လည်း မင်္ဂလာဆင်တော်ကို လိုက်လံရှာဖွေ၍ ဖမ်းဆီးရန် ကြိုးစားကြသော်လည်း မင်္ဂလာဆင်တော်ကို မတွေ့သဖြင့် လက်လျှော့ကာ ပြန်ကြလေ၏။

မင်္ဂလာဆင်တော်သည် ဘေးကင်းရာ ဟိမဝန္တာတောအုပ်၌ ရောက်ရှိနေသော်ငြား ချည်တိုင်၌ ချည်နှောင်ခြင်း ခံနေရသည့် အလား သေဘေးမှ ကြောက်ရွံ့ကာ လက်မောင်းသားတို့ကို လှုပ်လျက် လျင်မြန်စွာ ပြေးပြန်၏။ ကိုယ်,စိတ်တို့ ချမ်းသာခြင်းမရှိဘဲ အမြဲထိတ်လန့် တုန်လှုပ်လျက် နေလေ၏။ ထိုအခါ ရုက္ခစိုးနတ်သည် ဆင်ကိုမြင်၍ သစ်ပင်ခွ၍ရပ်လျက်–

"အို ... ဆင်ပြောင်ကြီး၊ ဤတောအုပ်တွင်းရှိ ကြုံလိုသော သစ်ပင်တို့မှ သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်းတို့သည် လေလှုပ်ခတ်သည့်အခါ ကျိုးပြတ်လျက် ရှိတတ်ကြ၏။ သည်အသံတို့ကို ကြောက်ရွံ့၍ မနေလင့်။ ကြောက်ရွံ့တိတ်လန့်နေပါက သင့်အဖို့ တဖြည်းဖြည်း အားအင်တို့ လျော့ပါးကာ ပိန်ချုံးချည့်နဲ့ လာပေလိမ့်မည်။ ဤတောအုပ်သည် သင့်အတွက် မည်သို့သော တစ်စုံတစ်ရာမျှ ဘေးအန္တရာယ်မရှိ"

ဟုဆိုကာ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းရလေအောင် ပြောဆိုဆုံးမလေ၏။ မင်္ဂလာဆင်လည်း ထိုနေ့မှစ၍ ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှံ့ထိတ်လန့်ခြင်းတို့ မရှိတော့ဘဲ ဟိမဝန္တာ တောအုပ်အတွင်း သွားရဲလာရဲ ဖြစ်လာ၏။ နေရာအနှံ့ သွားလာကျက်စား ရဲလာကာ ပိန်ချုံးချိနဲ့ခြင်းမရှိဘဲ ပြည့်ဖြိုးရှဲလာလေ၏။

အဆိုပါ ဒေသနာတော်၏အဆုံး၌ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်သော ရဟန်းလည်း တရားအမြင် ပွင့်လန်းသိမြင်လာပြီး ကြောက်ရွံ့တုန်လှုပ်စိတ်များ ကင်းပျောက်ကာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာ ရဟန်း ပရိသတ်တို့အား–

"ရဟန်းတို့ …

ထိုစဉ်အခါက မင်္ဂလာဆင်သည် ယခုအခါ ကြောက်ရွံ့ထိတ်လန့်သော ရဟန်းဖြစ်လာ၏။

ထိုစဉ်က ဟိမဝန္တာရှိ ရက္ခစိုးနတ်သည် ငါဘုရားရှင် ဖြစ်လာ၏"


ဟူ၍ မိန့်ကြားကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

၁၀၆။ ဥဒဥနီဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၆]

# ဥဒဒ္ဓနိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စမ္ပယ်သီတင်း သုံးနေစဉ် အပျိုကြီး၏ ဖြားယောင်းမှုကြောင့် သာသနာတော်မှ လူထွက်လိုသော ရဟန်းတစ်ပါး ရှိလေ၏။

ထိုအခါ အခြားသော ရဟန်းတို့သည် ထိုရဟန်းအား ဘုရားရှင် ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားပြီး ဘုရားရှင်အား အကျိုးအကြောင်းကို လျှောက်ထားပြောဆိုကြလေ၏။ ထိုအခါ ဘုရားရှင်လည်း လူထွက်လိုသော ရဟန်းအား–

"ချစ်သား ရဟန်း၊ ဤအပျိုကြီးသည် ယခုအခါ၌သာ သင်၏ အကျိုးကို ကင်းမဲ့အောင်ပြုသည် မဟုတ်သေး။ ရှေးအခါကလည်း ပြုခဲ့ဖူး၏။ ထိုမိန်းမကိုမှီ၍ သီလပျက်သောအခါ ပညာရှိကိုမှီ၍ ချမ်းသာရာကို ရခဲ့ဖူးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မမင်းကြီး မင်းပြုသည်ရှိသော် သားအဖနှစ်ယောက်သည် ရသေ့ရဟန်းပြုကာ ဟိမဝန္တာ တောအုပ်အတွင်း၌ သီတင်းသုံးကြလေ၏။

တစ်နေ့သ၌ ဖခင်ရသေ့ကြီးသည် တောအတွင်းသို့ဝင်၍ သစ်သီးကြီးငယ်တို့ကို ရှာဖွေကာ ကျောင်းသခ်မ်းသို့ ပြန်လာခဲ့၏။ ကျောင်းသခ်မ်းသို့ ရောက်လေသော အိပ်ရာ၌ ခွေနေသော သားငယ်ရသေ့ကို တွေ့သဖြင့်–

"ချစ်သား၊ သင်သည် အခြားသောနေ့များ၌ ထင်းခြောက်တို့ကို ခွေထားလေ့ရှိ၏။ ရေကို ခပ်ထားလေ့ရှိ၏။ မီးကိုလည်း မွှေးထားလေ့ရှိ၏။

ယနေ့မူကား မည်သည့်အလုပ်ကိုမျှ လုပ်မထားဘဲ မျက်နှာမသာမယာနှင့် မှိုင်တွေ ခွေလဲသည်မှာ အဘယ့်ကြောင့်နည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ရသေ့ငယ်က–

"ဖခင်၊ ဖခင်သည် တောအတွင်းသို့ဝင်၍ သစ်သီးကြီးငယ်တို့ကို ရှာဖွေနေသည့်အခိုက် ကျောင်းသခ်မ်းသို့ မိန်းမတစ်ယောက် ရောက်လာ၍ အကျွန်ုပ်အား ဖြားယောင်းကာ ခေါ်ဆောင်သွားရန် အားထုတ်ပါ၏။ အကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



လည်း 'ဖခင်ခွင့်ပြုမှသာ လိုက်ပါမည်။ ယခုမူ မလိုက်နိုင်သေး' ဟူ၍ပြောဆိုသဖြင့် တစ်နေ့သော် ထွက်သွားပါ၏။ ဖခင်၊ အကျွန်ုပ်သည် ထိုမိန်းမထံသို့ လိုက်သွားလိုပါ၏။ ခွင့်ပြုတော်မူပါ..."

ဟူ၍ ဖြေလေ၏။ ဖခင်ရသေ့လည်း တားမြစ်၍ ရနိုင်မည် မဟုတ်မှန်း သိလေသည့်အတွက်-

"ချစ်သား၊ ထိုသို့ သင့်စိတ်၌ ဆုံးဖြတ်ထားက လိုက်သွားပါလော့။ မိန်းမတို့ မည်သည်ကား သင့်ကိုခေါ်ဆောင်သွားပြီးလျှင် ၎င်းတို့၏ ဆန္ဒရှိရာ မှန်သမျှအတွက် သင့်အား အစွမ်းကုန် ခိုင်းစေပါလိမ့်မည်။ ထိုအခါ ချစ်သားသည် ဆင်းရဲပင်ပန်းရခြင်းနှင့် ကြုံရပါလိမ့်မည်။ ထိုအဖြစ်နှင့် ကြုံကြိုက်ပြီး သကာလ ထိုမိန်းမထံ၌ မနေလိုတော့ပါက ဖခင်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လာခဲ့ပါလော့"

ဟုဆိုလျက် ရသေ့ငယ်ကို ခွင့်ပြုလိုက်လေ၏။ ရသေ့ငယ်လည်း ဖခင်ရသေ့အား ခွဲခွာလျက် ထိုမိန်းမထံ လိုက်သွားလေ၏။ တွေ့ဆုံလေသော် လူတို့နေထိုင်ရာ အရပ်သို့သွားကာ ထိုမိန်းမနှင့် ပေါင်းသင်းနေထိုင်လေ၏။ ထိုအခါ မိန်းမလည်း ရသေ့လူထွက်အား စားဝတ်နေရေးအတွက် အအားအလပ် မရှိရလေအောင် တစ်ခုပြီးတစ်ခု ခိုင်းစေလေ၏။ ရှာဖွေ၍မရလျှင် စိတ်သောက ရောက်စေရန် အမျိုးမျိုး ညှဉ်းဆဲလေ၏။

ကာလအတန်ငယ် ကြာလေသော် ရသေ့လူထွက်လည်း-

"ဤမိန်းမကား ... ငါ့အား အမှုလုပ်ကျွန်သဖွယ် သဘောထားကာ အအားအလပ် မရှိရလေအောင် ခိုင်းစေ

www.burmeseclassic.com

www.burmeseclassic.com



၏။ အဆင်မပြေပါက နိပ်စက်ကလူလည်း ပြုတတ်ပြန်၏"

ဟူ၍ ဖခင်ရသေ့ကြီး၏ ဂုဏ်ကျေးဇူးကို ပြန်ပြောင်းအောက်မေ့သတိရကာ ဖခင်ရသေ့ကြီးထံ သွားရောက်ပြီး ရှိသေစွာ ရှိခိုး၏။ ထို့နောက်--

"အို ... ဖခင်၊ ဖခင်၏ထံ၌ ချမ်းသာစွာ အသက်မွေးနေသော ကျွန်ုပ်တို့အား သူခိုးမသည် ဖြားယောင်းသွေးဆောင်၍ ကျွန်ုပ်ကို ဆောင်ယူ၏။ ထို့နောက် အအားအလပ် မရှိအောင် အမှုလုပ်ကျွန်သဖွယ် အမျိုးမျိုးခိုင်းစေ၏။ အလိုမပြည့်သောအခါ အမျိုးမျိုးနိပ်စက်တတ်ပါသေး၏"

ဟူ၍ ရင်ဖွင့်လေ၏။ ထိုအခါ ဖခင်ရသေ့ကြီးလည်း သားငယ်အား နှစ်သိမ့်မှုကိုပေး၍--

"ချစ်သား၊ ဗြဟ္မဝိဟာရ တရားလေးပါးကို ပွားများပါလော့။ ကသိုဏ်းပရိကံကို ပြုပါလော့"

ဟူ၍ ညွှန်ကြားလေ၏။ ထို့နောက် သားငယ်လည်း ရသေ့ပြုလျက် ဗြဟ္မဝိဟာရတရားကို ပွားများကာ ကသိုဏ်းပရိကံကို ပြုလေသည်ရှိသော် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေခဲ့၏။ တရားမွေ့တို့အား ဖခင်ရသေ့ကြီးနှင့် ပွားများအားထုတ်သည်ရှိသော် သေလွန်သည့်အခါ ဖခင်ရသေ့ကြီးနှင့်အတူ ဗြဟ္မာ့ပြည်သို့ လားရလေ၏။

အဆိုပါ ဒေသနာတော် အဆုံး၌ သာသနာတော်မှ လူ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုသော ရဟန်းလည်း အကျွတ်တရားရ၍ သောတာပတ္တိဖိုလ်သို့ ဆိုက်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် တရားနာ ရဟန်းပရိသတ်တို့အား ...

"ရဟန်းတို့၊ ထိုအခါက မိန်းမသည် ယခုအခါ ဖြူးယောင်းသော အပျိုကြီးဖြစ်လာ၏။ ရသေ့ငယ်သည် လူထွက်လိုသော ရဟန်းဖြစ်လာ၏။ ဖခင်ရသေ့ကြီးသည် ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# ၁၀၇။ သာလိတ္တကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၁၀၇]

# သာလိတ္တကဇာတ်

ရှူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင်ဖြစ်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က ကျောက်စရစ်ခဲလုံးတို့အား ပစ်ခတ်သည့် အရာဝယ် တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သော ရဟန်းတစ်ပါး ရှိလေ၏။ ရဟန်းဖြစ်သော်လည်း သီလ,သိက္ခာ၌ ကျင့်ကြံအားထုတ်ခြင်း အလျဉ်းမရှိချေ။

တစ်နေ့သ၌ အဆိုပါ ကျောက်စရစ်ခဲလုံးပစ် ကျွမ်းကျင်သော ရဟန်းသည် ရဟန်းငယ်တစ်ပါးကို ခေါ်ကာ အစိရဝတီမြစ်ကမ်းပါးသို့သွား၍ ရေချိုးကြလေ၏။ ရေချိုးပြီးသော ကမ်းစပ်၌ ခေတ္တခဏမျှ အနားယူကြလေ၏။ ထိုအချိန်တွင် ဟင်္သာနှစ်ကောင်သည် ကောင်းကင်၌ ပျံဝဲနေကြလေ၏။ ထိုအခါ ကျောက်စရစ်ခဲလုံး အပစ်ကျွမ်းသော ရဟန်းက–

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင် ...။ ငါသည် အနောက်မှ ပျံသန်းလာသော ဟင်္သာ၏ မျက်လုံးအား ထိမှန်အောင်ပစ်ပြီး သကာလ ကောင်းကင်မှ ကျလာစေမည်"

ဟုပြောလေ၏။ အဖော်ရဟန်းငယ်က–

"မည်ကဲ့သို့ ကျစေမည်နည်း။ မှန်အောင် ပစ်နိုင်မည် မထင်"

ဟုဆိုလေ၏။ ထိုအခါ ကျောက်စရစ် ခဲလုံးပစ် ကျွမ်းသော ရဟန်းလည်း မခံချင်စိတ်ဖြင့်–

"ငါ့ရှင်မယုံက လက်ဗွေ့ပစ်ပြမည်။ ငါ၏လက်ချက် ဖြင့် အဆိုပါဟင်္သာသည် မျက်လုံးတုတ်ချင်းပေါက်ကာ ပြုတ်ကျလာစေရမည်"

ဟုဆိုလျက် ကျောက်စရစ်ခဲလုံးကို လက်ချောင်း၌ထားကာ ဟင်္သာနောက်သို့လိုက်၍ ပစ်လေ၏။ ပစ်လိုက်သော ကျောက် စရစ်ခဲလုံးသည် လေထု၌ ဘာကိုးဗိုးမြည်အောင် ကောင်းကင်သို့ တက်သွားပြီး သကာလ၊ ထိုအသံကြောင့် အနောက်၌ ပျံသန်း နေသော ဟင်္သာသည် အသံလာရာသို့ ငဲ့ကြည့်လိုက်၏။ ထိုစဉ် မှာပင် ပြင်းထန်လှသော ကျောက်စရစ်ခဲလုံးသည် အရှိန်ဖြင့် မျက်စိတစ်ဖက်မှ တစ်ဖက်သို့ ဖောက်ထွင်းသွားလေ၏။ ဟင်္သာ လည်း ကျယ်လောင်စွာ မြည်ကြွေးပြီး ကောင်းကင်ယံမှ ပြုတ်ကျ ကာ အသက်ဆုံးရလေ၏။

ရဟန်းတို့လည်း ထိုအကြောင်းကို သိလေသော် ဘုရားရှင် အား တိုင်ကြားကြကုန်၏။ ထိုအခါ ဘုရားရှင်သည် အဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအား ခေါ်ယူကဲ့ရဲ့တော်မူ၍–

"ရဟန်းတို့၊ ဤရဟန်းကား ယခုမှသာလျှင် ကျောက်စရစ်ခဲလုံး ပစ်သည့်အတတ်၌ ကျွမ်းကျင်လိမ္မာသည် မဟုတ်။ ရှေးကလည်း ဤကဲ့သို့ ကျောက်စရစ်ခဲလုံးပစ်ခြင်း အတတ်၌ ကျွမ်းကျင်လိမ္မာခဲ့ဖူးပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်းထံ၌ ခစားထမ်းရွက်သည့် ပညာရှိအမတ်တစ်ဦး ရှိလေ၏။ ထို့အတူ ပုရောဟိတ် ပုဏ္ဏားတစ်ဦးလည်း ရှိလေ၏။ ထိုပုရောဟိတ် ပုဏ္ဏားသည် လွန်စွာမှ စကားများ၏။ ၎င်းသည် ရေပက်မဝင် စကားများလေရာ သူတစ်ပါးတို့ပင်လျှင် ပြောဆိုခွင့်မသာအောင် ဖြစ်ရလေ၏။ သည့်အတွက် မင်းကြီးလည်း ပုရောဟိတ်ပုဏ္ဏားကြီး စကားပြောခွင့်မသာအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်းဟု အမြဲလို ကြံစည်နေလေ၏။

ထိုအခါ ဗာရာဏသီပြည်၌ ဆွံ့ဟူ၍ အမည်ရှိသော လုလင်သည် ကျောက်စရစ်ခဲလုံးပစ်သည့် အတတ်ဝယ် တစ်ဖက်ကမ်းခပ်မျှ ကျွမ်းကျင်လိမ္မာသူ ဖြစ်လေ၏။ ရွာသူရွာသားငယ်တို့သည် ဆွံ့အား ရထားပေါ်တွင်တင်ကာ မြို့တံခါးရင်း၌ ညောင်ပင်ကြီးအောက် ရောက်သည့်အခါ 'ဆင်ရုပ်ဖြစ်အောင်

www.burmeseclassic.com



လုပ်ပြုပါ။ မြင်းရုပ်ဖြစ်အောင် လုပ်ပြုပါ'ဟူ၍ တောင်းဆိုကြလေ၏။

ထိုအခါ ဆွံ့လည်း ကျောက်စရစ်ခဲလုံးတို့ဖြင့် ညောင်ရွက်တို့အား ကျောက်စရစ်ခဲလုံးတို့ဖြင့် ပစ်ပေါက်၍ ဆင်ရုပ်,မြင်းရုပ်တို့ဖြစ်အောင် ပစ်ပေါက်ပြလေ၏။ ၎င်း၏လက်ချက်ဖြင့် ညောင်ပင်ရှိ အရွက်များအားလုံး အပေါက်များ ပြည့်နှက်နေလေ၏။

မင်းကြီးလည်း ဥယျာဉ်တော်သို့ ထွက်၍ ညောင်ပင်ကြီးနားသို့ရောက်လေသော် သူခပ်သိမ်းတို့သည် ထွက်ပြေးကြကုန်၏။ ဆွံ့မှုကား ပြေးရကောင်းမှန်းမသိဘဲ ညောင်ပင်ရိပ်၌ အိပ်စက်နေလေ၏။ မင်းကြီးလည်း ယာဉ်ရထားပေါ်မှ ညောင်ပင်ကြီးကို ကြည့်လေသော် ညောင်ရွက်အားလုံး တိရစ္ဆာန်ရုပ်ဖြင့် အပေါက်များ ဖြစ်နေသည်ကို တွေ့မြင်သွားလေ၏။ ဤတွင်–

"အမောင်တို့၊ ဤညောင်ရွက်တို့အား အဘယ်သူဖောက်လေသနည်း"

ဟူ၍ မေးမြန်းစုံစမ်းလေသော် ညောင်ပင်ရိပ်၌ အိပ်ပျော်နေသော ဆွံ့ဆိုသူ ကျောက်စရစ်ခဲလုံးတို့နှင့် ပစ်ဖောက်ကြောင်း သိလိုက်ရပြီး–

"ဟန်ကျပေပြီ။ ဆွံ့ကိုခေါ်၍ ပုရောဟိတ် ပုဏ္ဏားကြီးအား ချွတ်ရမည်"

ဟူ၍ အကြံရပြီး ဆွံ့အား ခေါ်ယူလေ၏။ ထို့နောက်–

www.burmeseclassic.com

www.burmeseclassic.com



"အမောင် ... ခဆွံ့၊ ငါ့ထံ၌ လွန်စွာမှ စကားများသော ပုရောဟိတ် ပုဏ္ဏားကြီးရှိ၏။ ၎င်းပုဏ္ဏားကြီး စကားမပြောနိုင်အောင် အမောင်တတ်စွမ်းနိုင်ပါသလော"

ဟူ၍မေးလေ၏။ ခဆွံ့လည်း--

"အရှင်မင်းကြီး၊ တတ်နိုင်ပါ၏။ ဆိတ်ချေး တစ်ကွမ်းစားမျှသာ ပေးတော်မူပါ"

ဟူ၍ လျှောက်ထားလေ၏။ မင်းကြီးလည်း ခဆွံ့အား နန်းတော်သို့ ခေါ်ဆောင်သွားပြီး တင်းထိမ်တို့ ကာရံထားသော နေရာ၌ ခဆွံ့အား ဆိတ်ချေးတစ်ကွမ်းစားနှင့်အတူ နေရာချထားလေ၏။ ပုဏ္ဏား ပါးစပ်ဟလေတိုင်း ခံတွင်းထဲသို့ ဝင်အောင် ပစ်ရန် မှာကြားလေ၏။

ပုရောဟိတ် ပုဏ္ဏားကြီးလည်း အချိန်တန်သည်နှင့် မင်းကြီးထံ အခစားဝင်ရန် နန်းတော်သို့ လာခဲ့လေ၏။ မင်းကြီးအား ခစားပြီးလေသော တစ်ပါးသူတို့ မည်သို့မျှ စကားမပြောနိုင်အောင် ၎င်းကချည်း ဒိုင်ခံ၍ ပြောလေ၏။ ခဆွံ့လည်း တင်းထိမ်အကွယ်မှနေ၍ ပုဏ္ဏားကြီး စကားပြောရန် ပါးစပ်ဟလေတိုင်း ဆိတ်ချေးတို့အား ပုဏ္ဏားကြီး၏ အာခံတွင်းထဲသို့ ပစ်သွင်းလေ၏။ ဆိတ်ချေးလုံးတို့မှလည်း တည့်မတ်စွာပင် တန်းခနဲဝင်လေ၏။ ပုဏ္ဏားကြီးလည်း မသိလိုက်မသိဘာသာ မျိုမျိုချသဖြင့် ပုဏ္ဏားကြီး၏ ဝမ်းဗိုက်အတွင်းသို့ ဆိတ်ချေးတစ်ခွက်စာမျှ ဝင်ရောက်သွားလေ၏။

မင်းကြီးလည်း ဆိတ်ချေးတို့ ကုန်စင်သွားသည်ကို သိလေသော်--

www.burmeseclassic.com



"အသင်ပုဏ္ဏားကြီး၊ အသင်ကား စကားအလွန်များသည့်အတွက် ဝမ်းဗိုက်အတွင်းသို့ ဆိတ်ချေးတစ်ခွက်သား ဝင်သွားသည်ကိုပင် မသိပါကလား။ ကြာလျှင် ဒုက္ခရောက်ချေတော့မည်။ အိမ်သို့အမြန်ပြန်၍ ငုသီးရေကို သောက်ပါလော့။ ဝမ်းနှုတ်ပစ်ပါလော့..."

ဟုဆိုလေ၏။ ထိုအခါ စကားအလွန်များသော ပုဏ္ဏားကြီးလည်း အရှက်ကြီးစွာရသွားပြီး အိမ်သို့ အမြန်ပြန်သွားလေတော့၏။ သည့်နောက်ပိုင်း စကားများခြင်း မရှိတော့ပေ။ မင်းကြီးသည်း ...

"ငါသည်ကား ဆွံ့ကိုမှီ၍ နားချမ်းသာမှုကို ရပေပြီ။ သည့်အတွက် ကျေးဇူးများလှသော ဆွံ့အား အခွန်တစ်သိန်းစီ ထွက်သည့် အရပ်လေးမျက်နှာရှိ ရွာကြီးလေးရွာတို့အား အပိုင်စားစေ"

ဟူ၍ မိန့်တော်မူကာ ချီးမြှင့်မြှောက်စားတော်မူလေ၏။ ပိုအခါ ပညာရှိအမတ်သည် မင်းကြီးအား--

"အရှင်မင်းကြီး၊ လောက၌ ပညာရှိတို့ မည်သည် အတတ်ပညာ ဟူသမျှကို သင်အပ်သည်သာတည်း။ တတ်မြောက်ပါက ကောင်းသည်သာတည်း။ ဆွံ့သည်ပင် ဆိတ်ချေးပစ်သော အတတ်ပညာကို တတ်ရုံမျှနှင့် အခွန်တစ်သိန်းစီ ထွက်သော ရွာကြီးလေးရွာ၏ ရွာစားမင်း ဖြစ်ရသေး၏"

ဟူ၍ တရားဟောပြောကာ ဆုံးမသြဝါဒ ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူ၍ တရားနာ ရဟန်း ပရိသတ်အား–

"ရဟန်းတို့၊ ထိုအခါက ငဆွံ့သည် ယခုအခါတွင် ကျောက်စရစ်ခဲလုံးဘို့ အပစ်ကောင်းသော ရဟန်းဖြစ်လာ၏။ ဗာရာဏသီမင်းကြီးသည် အာနန္ဒာဖြစ်လာ၏။ ပညာရှိ အမတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒ ❒ ❒

BURMESE CLASSIC

ဤတွင် အတွဲ (၄) ပြီး၏။

www.burmeseclassic.com